


The VOICE Daily




Vol. 5 / No. 26 Established in 2004 ၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂) ရက်၊(Friday, May 12, 2017)

# ဒေါ်အောင်ဆန်းစုကြည် One Belt, One Road အစည်းအဝေးတက်ရန် တရုတ်သွားမည်

**ရန်ကုန်၊ မေ ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံ၌ မေလ ၁၄ရက်နေ့တွင် စတင်ကျင်းပမည့် One Belt, One Road အစည်းအဝေးကို တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ သိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသုံးနိုင်ငံ ခရီးစဉ်မှ မေလ ၁၀ရက်နေ့က ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ ဘေဂျင်းတွင် ပြုလုပ်မည့် အဆိုပါ OBOR အစည်းအဝေးသည် မေလ ၁၄ ရက်နှင့် ၁၅ ရက်ထိ နှစ်ရက်တာ ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ အစည်းအဝေး တက်ရောက်ရန် ဒေါ်အောင်ဆန်းစုကြည်ကို တရုတ်နိုင်ငံက တရားဝင်ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

ယခု ခရီးစဉ်သည် နိုင်ငံတော် စာ 2

## ပိုးလမ်းမသစ်ကြီး စာ 21

## “လူစုလူဝေး ဖြစ်လာနိုင်မယ့် နေရာမျိုးတွေမှာပါ လုံခြုံရေးတွေ ဆောင်ရွက်ထားပါတယ်”

ရဲမှူးချုပ်မြဝင်းနှင့် တွေ့ဆုံခြင်း စာ 4

## အမေရိကန်ကုမ္ပဏီ Uber တက္ကစီ ဝန်ဆောင်မှု စတင် စာ 7

## မြန်မာအမျိုးသားလေကြောင်း ရန်ကုန်-မန္တလေး- ဟောင်ကောင်ခရီးစဉ် ပြေးဆွဲမည် စာ 2

## လျှပ်စစ်မီတာခ ဈေးနှုန်း ပြောင်းလဲ ကောက်ခံမည် စာ 6


ဓာတ်ပုံ – မြတ်သူထွန်း

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် ရှစ်သောင်းဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိပြီး ယင်းပွဲတော်၌ လောင်းလှေများဖြင့် ရေပက်ကစားကြသည့် ရေပေါ်သင်္ကြန်ပွဲတော်ကို မေလ ၁၀ ရက်နေ့ (ကဆုန်လပြည့်နေ့)မှ မေလ ၁၄ ရက်နေ့ အထိ ကျင်းပလျက်ရှိသည်။

## ဘူးသီးတောင်တွင် မူးယစ်ဆေးပြား ၁၆ သိန်းကျော် ဖမ်းမိ

**စစ်တွေ၊ မေ ၁၁**

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင် ၆ မိုင် စစ်ဆေးရေးဂိတ်တွင် မေလ ၁၁ ရက်နေ့ နေ့လယ်က ဘူးသီးတောင်မှ မောင်တောသို့ မောင်းနှင်လာသည့်ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ စိတ်ကြွ မူးယစ်ဆေးပြား ၁၆ သိန်းကျော် (ခန့်မှန်းတန်ဖိုး ကျပ်သိန်းသုံးသောင်းနှစ်ထောင်ကျော်)ကို စံချိန်တင်ဖမ်းဆီးရမိခဲ့ကြောင်း မောင်တောခရိုင်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက အတည်ပြု ပြောကြားသည်။ စာ 2

## ကျိုင်းတုံတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကို ကျပ်တစ်သိန်းဒဏ်ရိုက်မည်

**ကျိုင်းတုံ၊ မေ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏မြို့တော် ကျိုင်းတုံတွင် စည်ပင်သာယာ နယ်နိမိတ်အတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကို မေလ ၈ ရက်မှ စတင်ကာ ကျပ်တစ်သိန်း ဒဏ်ရိုက်မည်ဖြစ်ကြောင်း ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။ စာ 8


ဓာတ်ပုံ – ရန်နိုင်



# မြန်မာအမျိုးသားလေကြောင်း ရန်ကုန်-မန္တလေး-ဟောင်ကောင်ခရီးစဉ် ပြေးဆွဲမည်

**ရန်ကုန်၊ မေ ၁၁**

မြန်မာအမျိုးသားလေကြောင်း (MNA) ၏ ရန်ကုန်-မန္တလေး- ဟောင်ကောင်ခရီးစဉ်အသစ်ကို ဇွန်လ ၄ ရက်နေ့ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းထံမှ သိရသည်။

အဆိုပါခရီးစဉ်သစ်ကို အပတ်စဉ် စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် ပြေးဆွဲမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေနှင့် ပြည်တွင်းခရီးစဉ်များ ပြေးဆွဲပေးနေရာ ပြည်ပခရီးစဉ်သစ်များကိုပါ ပြေးဆွဲပေးခြင်းဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးစဉ်သစ်ပြေးဆွဲမှုကို UB 8027 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာစံတော်ချိန် နံနက် ၇ နာရီ ၅၀ မိနစ်တွင် ထွက်ခွာပြီး မန္တလေးမြို့သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့မှ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဟောင်ကောင်သို့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းက ထုတ်ပြန်ထားသည်။

ဟောင်ကောင်မှပြန်လည်ထွက်ခွာမည့်လေယာဉ်အနေနှင့် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး မန္တလေးမြို့သို့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ မန္တလေးမြို့မှ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ပြန်လည်ထွက်ခွာလာပြီးနောက် ရန်ကုန်သို့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၅၅ မိနစ်တွင် ဆိုက်ရောက်မည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါခရီးစဉ်အတွက် လက်မှတ်များကို call center ၀၁၃၇၈၆၀၃ ၊ ၀၁၃၇၇၆၄၀ စသည်တို့တွင် ကြိုတင်လက်မှတ်ဝယ်ယူကာ လေဆိပ်ရောက်ငွေချေစနစ်ဖြင့် ဝန်ဆောင်မှုရယူနိုင်မည်ဖြစ်ကာ ရန်ကုန်-မန္တလေး-ဟောင်ကောင်ခရီးစဉ် အသွားအပြန် လက်မှတ်ဈေးနှုန်းအနေနှင့် အမေရိကန်ဒေါ်လာ ၃၅၉ ဖြင့် ဝယ်ယူနိုင်ပြီး ခရီးစဉ်တစ်ခြမ်းအတွက် သာဝယ်ယူပါက အမေရိကန်ဒေါ်လာ ၂၀၇ မှ ၃၈၇ အထိ ကြိုက်နှစ်သက်ရာ ဝယ်ယူနိုင်သည်။

■ J-10

# ရောဝတီတိုင်း အစိုးရအဖွဲ့ဟောင်း၏ ဖောင်ဒေးရှင်းရန်ပုံငွေ ၅ ဒသမ ၂ ဘီလီယံကို ရောဝတီ ပညာ ကျန်းမာ ဘက်စုံဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းထံ လွှဲပြောင်းပေးဟုဆို

**ပုသိမ်၊ မေလ ၁၁**

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဟောင်း ဝန်ကြီးချုပ် ဦးသိန်းအောင် ဦးဆောင်သည့် ရောဝတီဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း၏ ရန်ပုံငွေ ၅ ဒသမ ၂ဘီလီယံ( သိန်းပေါင်း ငါး သောင်းကျော် )ကို ယင်းဖောင်ဒေးရှင်းကိုပင် အမည်ပြောင်းဖွဲ့စည်းခဲ့သော ရောဝတီပညာကျန်းမာ ဘက်စုံဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းထံ လွှဲပြောင်းပေးခဲ့ကြောင်း ဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ ယခင်တိုင်းအစိုးရအဖွဲ့ဟောင်း နယ်စပ်ရေးရာဝန်ကြီး ဖြစ်ခဲ့သူ ဦးမောင်မောင်ဝင်းက ပြောကြားသည်။

မေလ ၁၀ရက် နံနက်ပိုင်းက ပုသိမ်မြို့ အမှတ် ၂ ရပ်ကွက် အဆင့်မြင့် ကုန်စည်ဒိုင်ဝန်းရှိ ရောဝတီ ပညာ ကျန်းမာ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမတွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်းပြောကြားသည်။

အစိုးရ အဖွဲ့တစ်ရပ် အနေဖြင့် သီးခြား ရန်ပုံငွေ တည်ထောင်ခွင့် မရှိကြောင်း၊ အလှူရှင်များ၊ လုပ်ငန်းရှင်များ၊ စိတ်ဝင်စားသည့် သူများ၏ထည့်ဝင်ငွေများဖြင့် ရောဝတီဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းကို ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းဖောင်ဒေးရှင်းကို ရောဝတီ ပညာကျန်းမာ ဖောင်ဒေးရှင်းဟု အမည်ပြောင်းလဲကာ ဆက်ခံခဲ့ကြောင်း၊ မိမိတို့လွှဲပြောင်းယူထားသည့် ငွေကြေးများနှင့် ဖောင်ဒေးရှင်းမှာ အစိုးရအဖွဲ့နှင့် မသက်ဆိုင်ကြောင်း၊ ဝန်ကြီးချုပ်ဟောင်း ဦးသိန်းအောင်မှာ ယခင်ဖောင်ဒေးရှင်းဟောင်းတွင် နာယကအဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုရောဝတီပညာကျန်းမာဘက်စုံဖွံ့ ဖြိုးရေး ဖောင်ဒေးရှင်းအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းရာတွင်လည်း နာယကအဖြစ် ပါဝင်နေဆဲဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

“နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက မေလ လဆန်းပိုင်းက ဖောင်ဒေးရှင်းရဲ့ ဆောင်ရွက်ချက်တွေ ငွေစာရင်းနဲ့ ဖွဲ့စည်းပုံတွေကို တင်ပြဖို့ အကြောင်းတာကြောင့် ဖြေရှင်းခဲ့ပြီးပါပြီ၊ သတင်းမီဒီယာများနဲ့ Facebook တွေမှာ အစိုးရရန်ပုံငွေတွေနဲ့ ဖောင်ဒေးရှင်း တည်ထောင်တယ် ရေးသား ဖော်ပြတာကြောင့် ရှင်းပြရတာပါ၊ ဖောင်ဒေးရှင်းအသစ်ကိုဖောင်ဒေးရှင်း အဟောင်းက စာရင်းဇယား စာချုပ်စာတမ်းနဲ့ ဒီငွေတွေကို လွှဲပြောင်းပေးခဲ့တာ၊ အားလုံး ၅ ဒသမ ၂ ဘီလီလီယံဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ဖောင်ဒေးရှင်း ရန်ပုံငွေ ၅ ဒသမ ၂ ဘီလီယံမှ လက်ငင်းငွေသား ၃ဒသမ၄၉ ဘီလီယံကို AYA ၊ AGD၊ UAB၊ A Bank တို့တွင် အပ်နှံထားပြီး ၁ ဒသမ ၂၇ ဘီလီယံကို လုပ်ငန်းရှင် ၈ ဦးအား အကျိုးတူ စီးပွားရေးလုပ်ဆောင်ရန် ရင်းနှီးမြှုပ်နှံထားကြောင်း၊ ပညာရေးအတွက် ကျပ် သိန်း ၅၀၀ ကျော်၊ ရေဘေး၊ လေဘေးတို့တွင် ကျပ် သိန်း ၅၀၀ ကျော်နှင့် ကျန်းမာရေးတို့အတွက် လှူဒါန်းမှုများ ပြုလုပ်ထားကြောင်း၊ စုငွေမှ ရရှိသည့် ဘဏ်တိုးနှင့် အကျိုးတူ လုပ်ငန်းများမှ တစ်နှစ်လျှင် ကျပ် သိန်း ၄၀၀ မှ ၅၀၀ ခန့် ရရှိကြောင်း ယင်းဖောင်ဒေးရှင်း၏ ရှင်းလင်းချက်တွင် ဖော်ပြပါရှိသည်။

လတ်တလောတွင် ထွက်ပေါ်နေသော ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဟောင်းမှ အစိုးရသစ်ထံသို့ ပေးသွင်းရန် ကျန်ရှိနေသည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်းပေါင်းငါးသောင်းနှင့် ပတ်သက်၍ ရောဝတီ ပညာ ကျန်းမာ ဘက်စုံဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် သက်ဆိုင် ပတ်သက်မှု မရှိကြောင်း ရောဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဟောင်း ဦးမောင်မောင်ဝင်းက ပြောဆိုခဲ့သည်။

ရောဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ဟောင်းအနေနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများ၊ သဘာဝဘေးဒဏ် ကာကွယ်ရေး ရန်ပုံငွေများ၊ လေလံတင်ဒါများမှ ရရှိသည့် စိတ်ဝင်စားကြေး ထည့်ဝင် ရန်ပုံငွေများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ရာတွင် ရန်ပုံငွေ အကြောင်းပြ နည်းအမျိုးမျိုးဖြင့် ရရှိထားမှုအပေါ် ဖြေရှင်းရန်လိုအပ်ပြီး ရောဝတီ ပညာ ကျန်းမာ ဘက်စုံဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းကို တိုင်းဒေသကြီး အစိုးရသစ်က မည်သို့မျှ စွပ်စွဲ ပြောဆိုထားခြင်းမရှိသေးကြောင်း ရောဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ယခင် ဖောင်ဒေးရှင်းဟောင်း ရောဝတီဘက်စုံ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းမှ အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းကိုစာရင်းဇယား၊ မှတ်တမ်းများကို ယူဆောင်လာပြီး လာရောက်စစ်ဆေးခံပါရန် စက်တင်ဘာလကစာဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း အကြောင်းကြားသော်လည်း အကြောင်းပြန်ခြင်း မရှိသေးကြောင်း ရောဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ စာရင်းစစ်ချုပ် ဒေါ်စန်းစန်းခိုင်ထံမှ သိရှိရသည်။

■ R-12



## မျက်နှာဖုံး - ဒေါ်အောင်ဆန်းစုကြည် မေလ ၁၄ ရက်နေ့ တရုတ်နိုင်ငံ မှ အဆက်

အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဒုတိယအကြိမ်မြောက် သွားရောက်မည့် ခရီးစဉ်ဖြစ်လာမည်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၆ ဩဂုတ်လအတွင်းက တရုတ်နိုင်ငံသို့ သွားရောက်ထားခဲ့သည်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဆိုပါ ခရီးစဉ်မတိုင်မီ ဒေါ်အောင်ဆန်းစုကြည်နှင့် နီးစပ်သည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ စိစစ်သုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံ၏ One Belt, One Road စီမံကိန်းနှင့် ပတ်သက်၍ ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု ထင်ကြေးပေးမှုများလည်း ထွက်ပေါ်နေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မေလ ၁ရက်နေ့မှ စတင်၍ ဥရောပ သမဂ္ဂဌာနချုပ် (EU)၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနှင့် ဗြိတိန် နိုင်ငံများသို့ တရားဝင်ခရီး ၁၀ ရက်ကြာ သွားရောက်ခဲ့သည်။

■ J -08




## မျက်နှာဖုံး - ဘူးသီးတောင်တွင် မူးယစ်ဆေးပြား ၁၆ သိန်းကျော် မှ အဆက်

အဆိုပါကုန်တင်ယာဉ်သည် လမ်းခုလတ်တစ်နေရာတွင် ကုန်ပစ္စည်းများ တင်ဆောင်နေစဉ် တာဝန်သိပြည်သူတစ်ဦးက ၆ မိုင်ဂိတ်ကို တွေ့ရှိသတင်းပေးခဲ့ရာ စစ်ဆေးရေးဂိတ်က မသင်္ကာ၍ ရှာဖွေစစ်ဆေးရာမှ ပီနံအိတ်များဖြင့် ထုပ်ပိုးထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မောင်တောနယ်ခြားစောင့်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းသို့မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ယာဉ်မောင်းအပါအဝင် ယာဉ်ပေါ်လိုက်ပါလာသူလေးဦးကို အမှုဖွင့်စစ်ဆေးလျက်ရှိပြီး မူးယစ်ဆေးဝါးများ၏ ပိုင်ရှင်အစစ်အမှန်ဖမ်းဆီးရမိရေးအတွက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မောင်တောဒေသတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ဒုရဲမှူးကြီးစိုးမြင့်အောင်က ပြောကြားသည်။

ယင်းသို့ဖမ်းဆီးရရှိမှုသည် ဘူးသီးတောင်မြို့နယ်အတွင်း အများဆုံးစံချိန်တင်ဖမ်းဆီးရရှိခြင်းဖြစ်ပြီး ယခင်က မောင်တောစစ်ဆေးရေးဂိတ်များတွင်သာ ဖမ်းဆီးရမိခဲ့ကြောင်း မောင်တောမြို့နယ်ခြားစောင့်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယခုလဆန်းပိုင်းကလည်း မောင်တောမြို့ဝင် စစ်ဆေးရေးဂိတ်တွင် တပ်မတော်သားအပါအဝင်လေးဦးထံမှ မူးယစ်ဆေးဝါးလေးသိန်းကျော်ကို ဖမ်းဆီးရမိခဲ့သည်။

■ R- 04



KBZ BANK
STRENGTH OF MYANMAR

ATM ပေါင်း

၈၀၀

ကျော်

## အချိန်တိုင်း ...
## သင်နှင့် အနီးဆုံးATM စက်များ

တိုးတက်နေသော ယနေ့ခေတ်ကြီးတွင် ငွေအများကြီးသယ်ဆောင်နေစရာမလိုတော့ဘဲ ကမ္ဘောဇ ATM ကတ်အား ကိုင်ဆောင်ပြီး လူကြီးမင်းတို့၏ငွေသားများကို ၂၄ နာရီ ပတ်လုံးပိတ်ရက်မရှိ ကမ္ဘောဇဘဏ်၏ ATM စက်ပေါင်း ၈၀၀ ကျော်တွင် လွယ်ကူ လျင်မြန်စွာ ထုတ်ယူ အသုံးပြုနိုင်ပါပြီ။

ကမ္ဘောဇဘဏ်၏ ATM စက်တိုင်းတွင် ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေစစ်ခြင်းနှင့် လျှို့ဝှက်နံပါတ်ပြောင်းခြင်း တို့ကို ပြုလုပ်နိုင်သည့်အပြင် ယခုအခါတွင် ရွေ့လျားATMစက်များကို တိုးမြှင့်ကာ ရန်ကုန် ၊ မန္တလေး ၊ နေပြည်တော် အစရှိသည့် မြို့များအပြင် အခြားမြို့များတွင်ပါ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲပေါင်း ၄၀၀ ကျော်တွင် ကမ္ဘောဇ ATMကတ်များကို ပြုလုပ်ပြီး ATM စက်ပေါင်း ၈၀၀ ကျော် ထဲမှ သင်နှင့်အနီးဆုံး ATMစက်များမှာ ငွေထုတ်ယူအသုံးပြုနိုင်ပါပြီ။

01-2306219 /Kanbawzabank kbzbank.com

# “လူစုလူဝေးဖြစ်လာနိုင်မယ့် နေရာမျိုးတွေမှာပါ လုံခြုံရေးတွေ ဆောင်ရွက်ထားပါတယ်”

## ရဲမှူးချုပ်မြင့်ဝင်းနှင့် တွေ့ဆုံခြင်း

ခိုင်စိုးလင်း

**ရန်ကုန်မြို့တော်တွင် အများပြည်သူ အထိတ်တလန့် ဖြစ်စေမည့် လူစုလူဝေးနှင့် လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းနေသည့် အမှတ်(၂) လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြင့်ဝင်းနှင့် The Voice တွေ့ဆုံ၍ ရန်ကုန်မြို့တော်တွင် ပဋိပက္ခဖြစ်စေရန် လူစုလူဝေးနှင့် လှုပ်ရှားမှုများကို တားဆီးမှုအခြေအနေနှင့် ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားမှုများကို မေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**


ဓာတ်ပုံ- မြင့်မိုးညို

**Voice ။ ။ လက်ရှိ လူစုလူဝေးနဲ့ ရှန်းရင်းဆန်ခတ်ဖြစ်မှုတွေ ထပ်မံမဖြစ်အောင် ရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုများ ပြင်ဆင်ထားလဲဆိုတာ ပထမဆုံး သိပါရစေ။**

**ရဲမှူးချုပ်မြင့်ဝင်း ။ ။** လောလောဆယ်အပိုင်းနှစ်ပိုင်းနဲ့ ဆောင်ရွက်နေတယ်၊ အုပ်ချုပ်ရေးနဲ့ နယ်မြေရဲက ဆောင်ရွက်နေတဲ့ အပိုင်းတစ်ပိုင်းရှိတယ်၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတွေက ဆောင်ရွက်နေတဲ့ အပိုင်းတစ်ပိုင်းရှိတယ်၊ ၉ ရက်နေ့ည မင်္ဂလာတောင်ညွန့် ဖြစ်စဉ်နဲ့ ပတ်သက်ပြီး လိုအပ်တဲ့ အမှုဖွင့်အရေးယူဆောင်ရွက်တာတော့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအသီးသီးနဲ့ သက်ဆိုင်ရာနယ်မြေရဲက ဆောင်ရွက်သွားလိမ့်မယ်။

**Voice ။ ။ သာကေတ၊ မင်္ဂလာတောင်ညွန့် ဖြစ်စဉ်တွေကြောင့် ပြည်သူတွေ ထိတ်လန့်ခဲ့ရတယ်၊ အများပြည်သူ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့အနေနဲ့ လတ်တလော လုံခြုံရေး ဘယ်လိုများဆောင်ရွက်ထားပါသလဲ ခင်ဗျာ။**

**ရဲမှူးချုပ်မြင့်ဝင်း ။ ။** ရန်ကုန်မြို့ လုံခြုံရေးအတွက် ပုံမှန်အားဖြင့် လုံခြုံရေးတပ်ဖွဲ့ခွဲတွေက ညစဉ် ကားခြောက်စီးနဲ့ လုံခြုံရေးကင်းလှည့်နေတာရှိတယ်။ တောင်ညွန့်ဖြစ်စဉ်ဆို သတင်းရတာနဲ့ လုံခြုံရေးတပ်ဖွဲ့ခွဲတွေ ည ၁၂ နာရီမှာ အရောက်သွားခဲ့တယ်၊ ကြီးမားကျယ်ပြန့်မှု မဖြစ်သွားရအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ရတယ်၊ ဒီလိုပဲပေါ့၊ ဒီနေ့ဆိုလည်း ညနေ ၄ နာရီကနေ သန်းခေါင်ကျော်ချိန်အထိ အစ္စလာမ်ဘာသာဝင်တွေက သေဆုံးသွားသူတွေ အတွက် ဝတ်ပြုဆုတောင်းပွဲတွေရှိတယ်၊ ရေဝေး၊ သန်လျင်၊ တာမွေ၊ ကန်တော်လေး သုသာန်တွေမှာ ဝတ်ပြု ဆုတောင်းကြမယ်၊ အရင်ဖြစ်စဉ်တွေမျိုး ထပ်မံမဖြစ်ရအောင် နယ်မြေအလိုက် လုံခြုံရေးဆောင်ရွက်ထားပါတယ်။ ဒ့ါအပြင် လူစုလူဝေးဖြစ်လာနိုင်မယ့် နေရာမျိုးတွေမှာပါ လုံခြုံရေးတွေ ဆောင်ရွက်ထားပါတယ်။

**Voice ။ ။ လက်ရှိလူတစ်စုက သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ ဝင်စွက်ဖက်နေတာဟာ ဥပဒေနဲ့ မညီညွတ်ဘူးလို့ လွှတ်တော်အမတ်အချို့နဲ့ ပြည်သူတွေက ဝေဖန်သုံးသပ်လာကြတယ်၊ ဒီကိစ္စအပေါ်မှာ ရဲတပ်ဖွဲ့အနေနဲ့ရော ဘယ်လိုများ ဆောင်ရွက်ထားပါသလဲခင်ဗျား။**

**ရဲမှူးချုပ်မြင့်ဝင်း ။ ။** အဲဒါကတော့ဥပဒေနဲ့အညီဆောင်ရွက်သွားပါလိမ့်မယ်၊ ဥပဒေအရ ချိုးဖောက်တဲ့သူကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာပါ၊ လက်ရှိ မင်္ဂလာတောင်ညွန့်ဖြစ်စဉ်နဲ့ ပတ်သက်ပြီး နှစ်နာသူဘက်က အမှုဖွင့်အရေးယူဖို့ သက်ဆိုင်ရာနယ်မြေခံရဲတပ်ဖွဲ့နဲ့ အုပ်ချုပ်ရေးဘက်က ဆောင်ရွက်လျက်ရှိပါတယ်၊ ဘယ်လိုအရေးယူ ဆောင်ရွက်ထားလဲ ဆိုတာ သက်ဆိုင်ရာတာဝန်ရှိသူတွေက သတင်းထုတ်ပြန်သွားပါလိမ့်မယ်၊ လုံခြုံရေး တပ်ဖွဲ့ခွဲရဲ့ အဓိက တာဝန်က လူစုလူဝေးကို ဖြေရှင်းရတဲ့ကိစ္စပဲ ဆောင်ရွက်ရတာပါ။

**Voice ။ ။ ပြဿနာတစ်ခု မဖြစ်ဖြစ်အောင် ရည်ရွယ်ချက်ရှိရှိနဲ့ လူတစ်စုက ဖန်တီးနေတဲ့ပုံလို့ ပြည်သူတွေက ထင်မြင်နေကြတယ်၊ အဲဒါနဲ့ပတ်သက်ပြီး ဒီလူတစ်စုအပေါ်မှာရော ရဲတပ်ဖွဲ့အနေနဲ့ စုံစမ်း စစ်ဆေးနေတာမျိုးရော ဆောင်ရွက်ထားတာ ရှိပါသလား ခင်ဗျား။**

**ရဲမှူးချုပ်မြင့်ဝင်း ။ ။** ဒီကိစ္စ ရန်ကုန်တိုင်းရဲတပ်ဖွဲ့က မကြာမီ သတင်းထုတ်ပြန်ပေးသွားမှာပါ။

**Voice ။ ။ အခုလို ဖြေကြားပေးတာ ကျေးဇူးပါ။**

■

**ခိုင်စိုးလင်း**

## မြယာကုန်း ပဋိပက္ခနှင့် ပတ်သက်၍ ရဟန်းနှစ်ပါးနှင့် အရပ်သားငါးဦးကို ဖမ်းဝရမ်းထုတ်

**ရန်ကုန်၊ မေ ၁၁**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်ရှိ မြယာကုန်းရပ်ကွက်တွင် လူစုလူဝေးနှင့် ရှန်းရင်းဆန်ခတ် ဖြစ်စဉ်နှင့်ပတ်သက်၍ မေလ ၁၁ ရက်နေ့တွင် ရဟန်းနှစ်ပါးနှင့် အရပ်သားငါးဦးကို ပုဒ်မ ၅၀၅(ဂ)/၃၄ တို့ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲမှူးက တရားလိုပြုဦးတိုက်လျှောက် တရားစွဲဆိုမှုကို တရားရုံးကလက်ခံပြီး ဖမ်းဝရမ်းထုတ်ခဲ့ကြောင်း ရဲအသိုင်းအဝိုင်းထံမှ သိရသည်။

ဖမ်းဝရမ်းထုတ်ခံရသူများမှာ ဦးသုစိတ္တ၊ ဦးပညာဝံသ၊ တင်လင်းထိုက်၊ တင်ဌေးအောင်၊ မြတ်ဖုန်းမော်၊ မအောင်အောင်မြင့်(ခ) မအောင်နှင့် ကိုလတ်တို့ဖြစ်ပြီး ရဲအရေးမပိုင်သော ပုဒ်မ ၅၀၅(ဂ)/ ၃၄ ဖြင့် တရားရုံးဦးတိုက်လျှောက်ထားမှုကို မြို့နယ်တရားသူကြီးက လက်ခံခဲ့ပြီးနောက် ဖမ်းဝရမ်းထုတ်၍ လက်ရှိ မအောင်အောင်မြင့်(ခ) မအောင်နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ကိုလတ်တို့ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ရဲအသိုင်းအဝိုင်းထံမှ သိရသည်။

“ဖမ်းဝရမ်းထုတ်ပြီး နှစ်ယောက်ကို ဖမ်းဆီးထားပါတယ်၊ ကျန်တဲ့သူတွေ ထပ်မံဖမ်းဆီးသွားမှာပါ၊ ဆူပူအုံကြွမှုတွေ မဖြစ်ရအောင် လုံခြုံရေးတိုးမြှင့်ပြီး ဒီအမှုကို ကိုင်တွယ်သွားမှာပါ၊ မနက်ဖြန် ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး တိုင်းရုံးက သတင်းထုတ်ပြန်ပေးသွားမယ်ထင်တယ်” ဟု အမည်မဖော်လိုသည့် အကြီးတန်းရဲအရာရှိတစ်ဦးက ပြောဆိုသည်။

ဖမ်းဝရမ်းထုတ်ခံရသူများမှာ မေလ ၉ ရက် ညပိုင်းက မြယာကုန်းလမ်းတွင် လူစုလူဝေးနှင့် ရှန်းရင်းဆန်ခတ် ဖြစ်စဉ်တွင် ပါဝင်ခဲ့သူများဖြစ်ပြီး ယင်းဖြစ်စဉ်ကို ရဲတပ်ဖွဲ့က အင်အား ၃၀၀ ဖြင့် ထိန်းသိမ်း၍ မိုးပေါ် သေနတ်သုံးချက် ပစ်ဖောက်ကာ လူစုခွဲခဲ့ရသည်။

## ခိုးဝင် ဘင်္ဂါလီများကို ဥပဒေနှင့်အညီ မဆောင်ရွက်၍ သံဃာများ လုပ်ဆောင်နေရဟုဆို

**ရန်ကုန်၊ မေ ၁၁**

ရဲတပ်ဖွဲ့အပါအဝင် တာဝန်ရှိသူများက ခိုးဝင် ဘင်္ဂါလီများကို ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းမရှိသဖြင့် ရဟန်းတော်များအနေနှင့် ပါဝင်လုပ် ဆောင်နေရခြင်းဖြစ်ကြောင်း ဆရာတော်ဦးပါမောက္ခက ပြောကြားသည်။

ကျောက်တံတားမြို့နယ် မဟာဗန္ဓုလ ပန်းခြံလမ်းရှိ City Star ဟိုတယ်တွင် မေလ ၁၁ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆရာတော်ဦးပါမောက္ခက မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ မြယာကုန်းလမ်းနှင့် ၁၂၂ လမ်းထိပ်ရှိ တိုက်ခန်းတစ်ခုတွင် မေလ ၉ ရက်နေ့က ခိုးဝင်ဘင်္ဂါလီများရှိသည်ဟု ဆိုကာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး၊ လဝက အရာရှိများအပါအဝင် မျိုးချစ်ရဟန်းတော်များသမဂ္ဂအဖွဲ့ဝင်များ ဝင်ရောက်စစ်ဆေးရာမှ ပဋိပက္ခ အသွင်ဆောင်သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ အထက်ပါအတိုင်း မိန့်ကြားခဲ့ခြင်းဖြစ်သည်။

“နိုင်ငံသားဖြစ်ခွင့်နှင့် ပတ်သက်လို့ ဥပဒေကြောင်းအရ ပြောရမယ်ဆိုရင် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအတိုင်း သွားရမယ်၊ ဒါကို တာဝန်ရှိတဲ့ ရဲ၊ လဝက၊ တရားသူကြီးတွေက ဥပဒေအတိုင်း အလုပ် မလုပ်လို့ ရဟန်းတော်များအနေနဲ့ ဝင်ပါနေရတာ၊ တကယ် တာဝန်ရှိတဲ့သူတွေက ဥပဒေနဲ့အညီ အလုပ်လုပ်ခဲ့မယ်ဆိုရင် ဒီလို ပြဿနာတွေ ဖြစ်လာစရာအကြောင်းမရှိဘူး” ဟု၎င်းက မိန့်ကြားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ခိုးဝင်ဘင်္ဂါလီများဟု မသင်္ကာဖွယ် တွေ့ရှိသူ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကိုလတ် (ခ) တင်ထွဋ်ဇော်က မေလ ၆ ရက်နေ့မနက်ပိုင်းက မသင်္ကာဖွယ်အမျိုးသားငါးဦးအား ယင်းလမ်းထိပ်သို့ အငှားယာဉ်ဖြင့် ပို့ဆောင်ခဲ့ရသဖြင့် သုံးရက်အကြာ စောင့်ကြည့်ပြီး မျိုးချစ်ရဟန်းတော်များသမဂ္ဂမှ ဆရာတော်ဦးသုစိတ္တထံ အကြောင်းကြားခဲ့ပြီး ရှာဖွေစစ်ဆေးနိုင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

“ရဲကို တိုက်ရိုက်အကြောင်းကြားလိုက်ရင် လွတ်သွားတာတွေ ရှိတယ်၊ အဲဒါကြောင့် မြို့နယ်မှူးနဲ့တွေ့မှ လိပ်စာလိုက်ပြမယ်ဆိုပြီး ရဲစခန်းရောက်လာတာ၊ မြို့နယ်မှူးကိုယ်တိုင်ပဲ မြို့နယ်ထွေအုပ်၊ လဝကဖုန်းဆက်ခေါ်တာ၊ ရှာဖွေခဲ့တာပါ” ဟု ၎င်းက ရှင်းပြသည်။

ယခုလုပ်ဆောင်ခဲ့သည့်အဖွဲ့အစည်းသည် မဘသ မဟုတ်ကြောင်း၊ မျိုးချစ်ရဟန်းတော်များ သမဂ္ဂအဖွဲ့ဝင်များသာဖြစ်ကြောင်း၊ ယင်းနေ့က ၎င်းတို့၏ အမှားမဟုတ်ဘဲ ဒေသခံရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းပြီး ညာသံပေးကာ ခဲ၊ တုတ်များနှင့်သာ ထုခြင်းဖြစ်ကြောင်း၊ မိမိတို့၏ ယာဉ်နှင့် ရဲတစ်ဦး ခဲမှန်သည်ကိုတွေ့ရှိခဲ့ရကြောင်း ဆရာတော်ဦးသုစိတ္တက မိန့်ကြားသည်။

ခိုးဝင်ဘင်္ဂါလီအပါအဝင် ဥပဒေနှင့်မညီသည့် မည်သည့် လူမျိုးကိုမဆို ပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိဖြစ်ပွားနေသည့် လူစုလူဝေးနှင့် ရှန်းရင်းဆန်ခတ်ဖြစ်စဉ်များကို ထပ်မံမဖြစ်ပွားစေရန် ရဲတပ်ဖွဲ့အနေနှင့် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးတန်းရဲအရာရှိတစ်ဦးက ပြောသည်။

“ရဲအရေးပိုင်တဲ့အလုပ်ဆို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာပါ၊ အချို့ကိစ္စတွေမှာ သတင်းပေးချက် မှန်ကန်မှု ရှိမရှိ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး ဥပဒေနဲ့အညီ စိစစ်ရတယ်၊ ဘာသာရေး၊ လူမျိုးရေးကိစ္စတွေက ကိုင်တွယ်ရတာ ထိလွယ်ရှလွယ်သလို သွေးဆူလွယ်စေတယ်၊ ဒီလိုကိစ္စတွေမှာ မဆိုင်သူတွေ ဝင်မစွက်ဖက်ဘဲ ဘေးကနေ လုပ်ဆောင်ချက် မှန်နေလား မှားနေလား စောင့်ကြည့်ပေးစေချင်တယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

■ **J 16**

# မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်၊ မေ ၁၁**

မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(MILI) နှင့် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်မှု မြှင့်တင်ရေးဆိုင်ရာ အထွေထွေရွေးကောက်ပွဲကွန်ရက် (AGENDA) တို့က ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(MILI) ၏ ခြောက်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသူများအနေနှင့် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲမှ ယခု ၂၀၁၇ ကြားဖြတ် ရွေးကောက်ပွဲတွင် မသန်စွမ်းသူများနှင့်ပတ်သက်၍ ရေးသားထားသော သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ စသည်တို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း အဆိုပါအဖွဲ့၏ စီမံကိန်းညှိနှိုင်းရေးမှူး မသိမ့်သိမ့်ဖူးက ပြောသည်။

"သတင်းမီဒီယာက စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့အတွက် မသန်စွမ်းသူတွေရဲ့ ရွေးကောက်ပွဲကို ပိုပြီးတော့စိတ်ဝင်စားလာဖို့၊ သတင်းရေးသားတဲ့နေရာမှာ မသန်စွမ်းသူတွေရဲ့အခွင့်အရေးရှုထောင့်ကနေ ပိုပြီးတော့ အားကောင်းလာစေဖို့ ရည်ရွယ်ပါတယ်" ဟု ၎င်းက ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းပြသည်။

အဆိုပါပြိုင်ပွဲကိုသတင်း၊ ဆောင်းပါး၊ ဓာတ်ပုံဟူ၍ အမျိုးအစားသုံးမျိုးခွဲခြားထားပြီး 'မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ' ဟူသည့်ခေါင်းစဉ်အောက်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကဲဖြတ်ဒိုင်များအဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တို့က အကဲဖြတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူများအနေနှင့် ပြိုင်ပွဲဝင်သတင်း၊ ဆောင်းပါးနှင့် ဓာတ်ပုံများကို မေလ ၃၁ ရက်နေ့ ညနေ ငါးနာရီနောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး ဇွန်လပထမအပတ်တွင် စိစစ်အကဲဖြတ်မှုများနှင့် ဆုချီးမြှင့်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

■ J-09




မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မိုမိုလွင်၊ မန္တလေးတိုင်းလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဝင်းနှင့် ဦးအောင်နိုင်လင်းတို့သည် ယင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးအရာရှိ - စိုက်ပျိုးရေး၊ မြို့နယ်ဦးစီးအရာရှိ - မြေစာရင်း၊ မြို့နယ်မန်နေဂျာ - စိုက်ဘဏ်၊ ခရိုင်နှင့်မြို့နယ်ဦးစီးအရာရှိ-ရေအရင်းအမြစ်အစရှိသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်/ရပ်ကျေး NLD အလုပ်အမှုဆောင်များနှင့်အတူ မေလ ၁၁ ရက်နေ့က စဉ့်ကိုင်မြို့နယ် အိုးထိမ်းတောင်ကျေးရွာတွင် ပြည်သူ့အသံနားထောင်ပွဲပြုလုပ်ခဲ့စဉ်။

# ရန်ကုန်တိုင်းအစိုးရကစီစဉ်မည့် ကျောင်းကားကြို/ပို့စနစ် ကျောင်းသားများနစ်နာမည်ဟု မိဘများဝေဖန်

**ရန်ကုန်၊ မေ ၁၁**

ယခုပညာသင်နှစ် ၂၀၁၇- ၂၀၁၈ တွင် ရန်ကုန်တိုင်းအစိုးရအဖွဲ့က အကောင်အထည်ဖော်မည့် ကျောင်းကား ကြိုပို့စနစ်သည် ကျောင်းသားများအတွက် နစ်နာမှုများရှိလာနိုင်ကြောင်း ကျောင်းသားမိဘများက ဝေဖန်ပြောဆိုသည်။

"ကျောင်းကားတွေက ၂၅ ယောက်ဆံ့ဆိုတော့ကြီးတယ်။ လမ်းကြားထဲဝင်လို့မရသလို ဝင်ပေးမှာလည်းမဟုတ်ဘူး။ သူတို့စုရပ်ကို သွားစီးရမယ်။ စုရပ်နဲ့ ဝေးတဲ့ကလေးတွေအတွက် ဘယ်လိုစဉ်းစားပေးမလဲ" ဟု အထက (၁) ဒဂုံကျောင်းသားမိခင်တစ်ဦးက ထောက်ပြပြောဆိုသည်။

ကျောင်းသားများ စီးနင်းနေကျမဟုတ်သော ယာဉ်မောင်းအသစ်များဖြင့် အကြိုအပို့ ပြုလုပ်မည်ဆိုပါက မိဘအများစုအနေနှင့် စိတ်မအေးရကြောင်း၊ လက်ရှိပို့ဆောင်ပေးနေသည့် ကျောင်းကားမောင်းနှင်သူမှာ ကလေးများ ပစ္စည်းမေ့ကျန်ခြင်းမှအစ ဂရုစိုက်မှုများ ရှိကြောင်း ၎င်းက ပြောကြားသည်။

"ကားဆရာ၊ ကားနောက်လိုက်ပဲဖြစ်ဖြစ် မိဘကိုယ်စား တာဝန်ယူပေးတယ်။ အိမ်နဲ့အနီးစပ်ဆုံးနေရာအထိ လာကြို၊ လာပို့ လုပ်ပေးတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ရန်ကုန်တိုင်း အစိုးရအဖွဲ့အနေနှင့် Korea Trade-investment Promotion Agency (KOTRA),Posco Daewoo Corporation တို့မှနေ၍ ကျောင်းကားအစီး ၂၀၀ ဝယ်ယူရေး သဘောတူစာချုပ် မေလ ၁၀ ရက်နေ့က ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

အဆိုပါကားများကို ကျောင်းကားထူထောင်ထားသူများကို အရစ်ကျစနစ်ဖြင့်ရောင်းချခြင်း၊ ကျောင်းကား ပြေးဆွဲခြင်းကိစ္စများ ဆွေးနွေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျောင်းပေါင်း ၂၆ ကျောင်းမှ တာဝန်ရှိသူများနှင့် မေလ ၅ ရက်နေ့က ဆွေးနွေးခဲ့သေးသည်။

တိုင်းလွှတ်တော်အစည်းအဝေး ပြန်လည်ကျင်းပမည့် မေလ ၁၅ ရက်တွင် ကျောင်းကား သီးသန့်ပြေးဆွဲရေးကိစ္စနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ကို လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမည်ဖြစ်ပြီး ယင်းနေ့တွင် လုပ်ဆောင်သင့်သည့်အဖြေတစ်ခု ထွက်မည်ဖြစ်ကြောင်း ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။

အထက်တန်းအဆင့် ကျောင်းကားကို အရင်လုပ်ဆောင်ရန်၊ လက်ရှိကျောင်းကားပြေးဆွဲနေသည့် ယာဉ်ပိုင်ရှင်များ ထိခိုက်နစ်နာမှု မရှိရန်၊ ကိုယ်ပိုင်ကျောင်းကြို၊ ပို့နေသောမိဘများနှင့် အဆင်ပြေရန် စသည့်အချက်များကို ဆွေးနွေးတင်ပြမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"သယ်ယူပို့ဆောင်ရေးကော်မတီနဲ့ ညှိမယ်။ ကျောင်းသားမိဘတွေ အသံကို ပြောမယ်။ ကမာရွတ်ဒေသခံကိုယ်စားလှယ်ကလည်း ပါဝင်ဆွေးနွေးမှာ ဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်းအစိုးရအဖွဲ့အနေနှင့် လက်ရှိပြေးဆွဲပေးနေသည့် တစ်ပိုင်တစ်နိုင် ကျောင်းကြိုပို့ယာဉ် လုပ်ငန်းရှင်များနှင့် ယခုရက်ပိုင်းအတွင်း တွေ့ဆုံမည်ဟု သိရပြီး ကျောင်းကားစီမံချက်နှင့်ပတ်သက်၍ မည်သူမျှနစ်နာမှုမရှိစေဘဲ ကောင်းမွန်သည့် လုပ်ဆောင်ချက်ဖြစ်ရန် အသေးစိတ်စီမံသင့်ကြောင်းလည်း ဦးကျော်ဇေယျက မှတ်ချက်ပြုသည်။

ကျောင်းကားသီးသန့်ပြေးဆွဲရာတွင် အစိုးရအဖွဲ့က သတ်မှတ်သည့်ယာဉ်ကိုသာ အသုံးပြုရမည်ဆိုပါက အခက်အခဲများရှိနိုင်ပြီး ကျောင်းသားများ အလွယ်အတူစီးနင်းနိုင်မည့် အခြေအနေမျိုးဖြစ်ရန် ဆောင်ရွက်သင့်ကြောင်းလည်း ၎င်းက အကြံပြုသည်။

ရန်ကုန်တိုင်းအတွင်း အထက်တန်း ၂၃၄ ကျောင်း၊ အလယ်တန်း ၂၈၉ ကျောင်း၊ မူလတန်း ၂၂၁၇ ကျောင်းရှိကြောင်း ရန်ကုန်တိုင်း ပညာရေးမှူးရုံးထံမှ သိရသည်။

■ J-06

# ရောဝတီတိုင်းမှ NLD ပါတီဝင်များနှင့် ဦးဝင်းထိန် တွေ့မည်

**ပုသိမ်၊ မေ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်၌ မေလ ၁၃ ရက်တွင် NLD ပါတီ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီအတွင်းရေးမှူး ဦးဝင်းထိန်က တိုင်းအတွင်းရှိ ပါတီဝင်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း တိုင်း NLD ရုံးထံမှ သိရသည်။

တိုင်းအတွင်းရှိ ၂၆ မြို့နယ်အနက် တစ်မြို့နယ်လျှင် ပါတီတာဝန်ရှိသူ ခြောက်ဦးနှင့် တွေ့ဆုံမည်ဖြစ်ပြီး ပါတီဝင်လွှတ်တော် ကိုယ်စားလှယ်များ၊ ပါတီဝင် အစိုးရအဖွဲ့ဝင်များနှင့်လည်း သီးခြားတွေ့ဆုံမည်ဖြစ်ကြောင်း NLD ပါတီမှ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောကြားသည်။

မြို့နယ်ပါတီ တာဝန်ရှိသူများ၏ တင်ပြချက်၊ ပါတီဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များကို ၅ မိနစ်စီ ခွင့်ပြုပေးထားကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသို့ NLD ပါတီ၏ ထိပ်တန်း ခေါင်းဆောင်များဖြစ်သော နာယက ဦးတင်ဦး၊ ဦးဝင်းမြင့် (ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ) တို့ လာရောက်ခဲ့ဖူးကြောင်း၊ ယခုနှစ် မတ်လ ၂၃ ရက်က ပါတီနာယက ဦးတင်ဦး လာရောက်ခဲ့ပြီး ပုသိမ်မြို့တော်ခန်းမတွင် ပါတီဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း တိုင်း NLD ပါတီပြန်ကြားရေးအဖွဲ့ထံမှ သိရသည်။

■ R-11



# E D I T O R I A L

# လက်တွေ့ကျသော နိုင်ငံရေး

မြန်မာပြည်သူလူထု နှစ်ပေါင်းများစွာ တောင့်တနေသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး တစ်နည်းအားဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်တွင်းငြိမ်းချမ်းရေးမှာ အခရာအကျဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည်။

နှစ်ပေါင်း ခြောက်ဆယ်ကျော်ကြာ အစိုးရအဆက်ဆက်ကို လက်နက်ကိုင်ဆန့်ကျင်ခဲ့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၆ဖွဲ့ခန့် ရှိနေသည့် ကမ္ဘာပေါ်တွင် ပြည်တွင်းစစ်အရှည်ကြာဆုံး၊ အရှုပ်ထွေးဆုံး နိုင်ငံတစ်ခု ဖြစ်နေခြင်းက ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်ရောက်ရှိရန် ခက်ခဲစွာရုန်းကန်ရဖွယ် ရှိသည်။

မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက် ယခင်လူများ လုပ်ကိုင်ဆောင်ရွက်သမျှကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ နောက်လူများက အရေးတယူမလုပ်ခြင်း၊ ဖျက်သိမ်းပစ်ခြင်း၊ လျစ်လျူရှုခြင်းတို့ကြောင့် နောက်မြီးမသိမ်းသော လုပ်ငန်း၊ စီမံကိန်း၊ စီမံချက်၊ ပြဿနာများစွာ ရှိနေခြင်းသည် အာဏာရှင်စနစ်၏ ဆိုးမွေလော၊ ရန် ငါ စည်းခြားတတ်သည့် လက်ဝဲသူငယ်နာ မစင်ခြင်းလော ပြောရခက်လှသည်။

မြန်မာနိုင်ငံသည် လွှတ်တော်နိုင်ငံရေးဖြင့်သာ မြန်မာ့နိုင်ငံရေး ပြဿနာများကို ဖြေရှင်းနိုင်မည်ဟု နိုင်ငံရေးအင်အားစုအသီးသီးက သဘောပေါက်လာသောကြောင့်ယနေ့လွှတ်တော်အရပ်ရပ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက နေရာအများစု အနိုင်ရရှိကာ အစိုးရအဖွဲ့ကို ဦးဆောင်နေပြီဖြစ်သည်။

လွှတ်တော်နိုင်ငံရေး တစ်နည်းအားဖြင့် မျက်မှောက် မြန်မာ့နိုင်ငံရေးသည် ယခင် စစ်အာဏာရှင်စနစ်အောက်တွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး လှုပ်ရှား၊ တောင်းဆို၊ တိုက်ပွဲဝင်သည့် ပုံစံမျိုးဖြင့် ချဉ်းကပ်၊ သုံးသပ်၍ မရတော့ဘဲ အတိုက်အခံပါတီများ၊ တိုင်းရင်းသားပါတီများအပါအဝင် တပ်မတော်ကဲ့သို့ နိုင်ငံရေးအင်အားစုများနှင့် နိုင်ငံရေးအရ စည်းရုံးပူးပေါင်း ဆောင်ရွက်ရသည့် လက်တွေ့နိုင်ငံရေးမျိုးဖြစ်သည်။

ဆိုလိုသည်မှာ ဥပဒေပြုလွှတ်တော်မည်သည် မတူခြားနားသော နိုင်ငံရေးပါတီများအကြား ပြည်ထောင်စုနိုင်ငံတော်တစ်ခုလုံး ကိုယ်စားပြုတူညီသော ပန်းတိုင်တစ်ခုအတွက် မတူခြားနားသော အသေးအဖွဲ့ ကိစ္စရပ်များကို ခေတ္တဘေးဖယ်ထားကာ တတ်နိုင်သမျှ အသိပေးညှိနှိုင်းခြင်း၊ လိမ္မာပါးနပ်စွာ စည်းရုံးဆွဲဆောင်ခြင်း၊ အချို့ကိစ္စများတွင် သဘောမတူလင့် ကစားမကန့်ကွက်စေရန် မေတ္တာရပ်ခံနိုင်ခြင်း၊ တစ်ခါတစ်ရံ မိမိပါတီ၊ အဖွဲ့အစည်း အကျိုးထက် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးစားပေးခြင်းကဲ့သို့ လူကြီးလူကောင်းဆန်ဆန် ထက်မြက်သော နိုင်ငံရေးမျိုးကို လက်တွေ့သင်ယူလေ့လာ လုပ်ကိုင်ကြရမည့် ကျောင်းတော်ကြီးဖြစ်သည်။

အထူးသဖြင့် ပြည်ပနိုင်ငံကြီးအချို့၏ ဩဇာသက်ရောက်မှုရှိမည်ဟု ယူဆဖွယ်ရာရှိသည့် လက်နက်ကိုင်အဖွဲ့အချို့အချင်းချင်းအကြားနှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားနေခြင်းမှာ ဆောင်ရွက်နေဆဲငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများအပေါ် ထိခိုက်လာနိုင်သည့်အတွက် ယင်းကိစ္စအပေါ် အထက်ဆိုခဲ့ပါ လက်တွေ့ကျသော နိုင်ငံရေးမျိုးဖြင့် ချဉ်းကပ်ဖြေရှင်းကြစေလိုပေသည်။

ဒီမိုကရေစီလှူဘောင်ကို ဦးတည်သော အာဏာသုံးရပ်အပါအဝင် နိုင်ငံရေးပါတီများနှင့် တပ်မတော်တို့မည်သည် မည်သည့်အရေးကိစ္စကိုမဆို မိမိတို့ကိုယ်ကို၊ မိမိတို့ ပါတီ၊ အဖွဲ့အစည်းကို ဗဟိုပြုစဉ်းစားခြင်းကို လျှော့ချကာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ဗဟိုပြုသော စဉ်းစားပုံမျိုးသို့ အလေးကဲပြောင်းလဲလိုက်ခြင်းဖြင့် ပြဿနာအများစု ပြေလည်နိုင်ကြောင်း သိစေအပ်ပေသည်။

**အယ်ဒီတာ ( ၁၁ - ၅ - ၂၀၁၇ )**

**(လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် ကိုက်ညီနေသောကြောင့် ( ၅ - ၅ - ၂၀၁၆ ) နေ့ထုတ် The Voice Daily သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို အနည်းငယ်ပြင်ဆင်၍ ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။)**

# လျှပ်စစ်မီတာခ ဈေးနှုန်း ပြောင်းလဲကောက်ခံမည်

**နေပြည်တော်၊ မေ ၁၁**

လျှပ်စစ်ဓာတ်အား ပေးဝေမှုသည် နှစ်စဉ်အရှုံးပေါ်နေသည့်အတွက် မီတာခ ဈေးနှုန်းများ အပြောင်းအလဲရှိမည်ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန်ဦးဌေးအောင်က အတည်ပြု ပြောကြားသည်။

မေလ ၁၁ရက်နေ့က လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ပြုလုပ်သော ဝန်ကြီးဌာန၏ လစဉ်ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် အမြဲတမ်းအတွင်းဝန်က လျှပ်စစ်မီတာများ ဈေးနှုန်းများပြောင်းလဲရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းလျက်ရှိပြီး ရလဒ်ကို ပြည်သူနှင့် လွှတ်တော်သို့ တင်ပြပြီးမှ ထုတ်ပြန်မည်ဖြစ်ကြောင်း ကြိုတင်အသိပေးသည်။

“ဈေးနှုန်းပြောင်းတဲ့နေရာမှာက ဘယ်နေရာ ဘယ်ကာလမှာ ဘယ်သူတွေ ဘယ်လောက်သုံးသလဲ မူတည်ဆုံးဖြတ်မှာပါ”ဟု ၎င်းက ဆိုသည်။

လျှပ်စစ်ဓာတ်အားခ ဈေးနှုန်း ပြောင်းလဲ ကောက်ခံရန် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းခဲ့ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

မီတာခ ဈေးနှုန်းပြောင်းလဲမယ်ဆိုလျှင် စက်မှုဇုန်များကို မီးအားပြည့်ပြည့်ဗို့အားကောင်းကောင်း ပေးရန်လိုကြောင်း၊ ဝန်ဆောင်မှုကောင်းကောင်း မပေးနိုင်ဘဲ ဈေးနှုန်း မပြောင်းသင့်ကြောင်း မန္တလေး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက မှတ်ချက်ပေးသည်။

ယခု လောလောဆယ်တွင် ဓာတ်အားခ ရောင်းချရာတွင် ၁ယူနစ် ကိုပျမ်းမျှ ၆၉ ဒသမ ၁၇ကျပ်ရှိပြီး ထုတ်လုပ်မှု စရိတ်မှာ၁ယူနစ်ကို၉၈ ဒသမ ၃၅ကျပ်ရှိကြောင်း၊ တစ်ယူနစ်လျှင် ၂၀ ဒသမ ၂၂ ကျပ်အရှုံးပေါ်နေသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေကျပ် ၃၃၃ ဘီလီယံ အရှုံးပေါ်မည့်အပြင် ဓာတ်အား ထုတ်လုပ်ရန် Gas ကုန်ကျစရိတ်များကို သာမန်အသုံးစရိတ်များမှ ကျခံသုံးစွဲနေရကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။

■ **T.L**

The VOICE Daily

CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief -** Kyaw Min Swe, **Deputy Chief Editor -**Tin Aung Kyaw , **Editor in Charge -**Kyaw San Min .
**Senior Executive Editors -** Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors -** Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo,
Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP) -** Ma Khine, **Designer -** Saw Elijah, **Design & DTP -** Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters -** Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters -** Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters -** Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma,
Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer -** Ye Pyae Zar Ni, Aung Naing,
**Publisher -** Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution -** Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com,
**Website -** www.thevoicemyanmar.com, **Office -** No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ဟိန္ဒားသတ္တုတွင်း ဆိုးကျိုးအကြောင်းရေးသူ ထိုင်းသတင်းထောက် တရားစွဲခံရ

**ထားဝယ်၊ မေ ၁၀**

ထားဝယ်ဒေသရှိ ထိုင်းသတ္တုတွင်းတစ်ခုကြောင့် ဒေသခံများ အားထားနေသော ရေအရင်းအမြစ်များ ဆုံးရှုံးနေရမှုအကြောင်း သတင်းရေးသားသူ ထိုင်းသတင်းထောက်တစ်ဦးကို သတ္တုတွင်းကုမ္ပဏီက တရားစွဲဆိုလိုက်သည်။

"ထိုင်းသတ္တုတွင်းက မြန်မာ့ရေအရင်းအမြစ်များကို ဖျက်ဆီးနေသည်' ဟူသော ခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသော The Nation သတင်းဌာန အင်တာနက်စာမျက်နှာတွင် မတ်လ ၁ ရက်နေ့ ရက်စွဲဖြင့် သတင်းဖော်ပြခဲ့ပြီးနောက် သတင်းဌာနနှင့် သတင်းထောက်ကို မြန်မာပွန်ပီပက်ကုမ္ပဏီက ထိုင်းနိုင်ငံတွင် တရားစွဲဆိုထားခြင်းဖြစ်သည်။

ဟိန္ဒားသတ္တုတွင်းတည်ရှိရာ မြောင်းပြိုကျေးရွာတွင် ဒေသခံရွာသူရွာသားများ ခံစားနေရမှုသည် ၎င်းယခုတရားစွဲခံရမှုထက် များစွာ ခက်ခဲဆိုးရွားကြောင်း မြောင်းပြိုရွာသို့ သွားရောက်သတင်းယူခဲ့သူ The Nation သတင်းထောက် ပရာ့ချ်ရှုဂျီဇန်နာဂွန်က ပြောကြားသည်။

"ဒီလို တရားစွဲခံရလို့ ဒေသခံရွာသားတွေ ခံစားနေရတဲ့အကြောင်း ပိုမိုမောင်းထိုးပြသလို ဖြစ်လာမယ်။ အဲဒီကနေ လူပိုသိလာပြီးတော့ နောက်ဆုံးမှာ ရွာသားတွေရဲ့ပြဿနာကို ဖြေရှင်းနိုင်တဲ့အထိ ဖြစ်သွားမယ်ထင်တယ်" ဟု ပရာ့ချ်က ပြောဆိုသည်။

ဟိန္ဒားသတ္တုတွင်းကို ထိုင်းနိုင်ငံအခြေစိုက် မြန်မာပွန်ပီပက်ကုမ္ပဏီက ထားဝယ်ဒေသ မေတ္တာမြို့အနီး ဟိန္ဒားဧရိယာတွင် ၁၉၉၉ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း၊ ယင်းသည် လုပ်ငန်းရပ်ဆိုင်းသည်အထိ ဖြစ်နိုင်စေခြင်းတို့ကြောင့်ဟု ဆိုကာ သတင်းထောက် ပရာ့ချ်နှင့် The Nation သတင်းဌာနကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅ ခု၊ ကွန်ပျူတာပြစ်မှုဆိုင်ရာ ပုဒ်မတို့ဖြင့် တရားစွဲဆိုထားခြင်း ဖြစ်သည်။

"ဟိန္ဒားအကြောင်း ကျွန်တော့်သတင်း တင်ဆက်မှုဟာ အမှန်တရားအပေါ်မှာ အခြေခံတဲ့အတွက် တရားစွဲတာ နဲ့ ပတ်သက်ပြီး မစိုးရိမ်ပါဘူး" ဟု ပရာ့ချ်က ဆိုသည်။

တရားရုံးတွင် ပဏာမမ စစ်ဆေးချက်ကို ဇူလိုင်လ ၁၇ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။

ဟိန္ဒားသတ္တုတွင်းကြောင့် ထိခိုက်ခံစားရမှုများနှင့် ပတ်သက်၍လည်း ဒေသခံများက မြန်မာ့သတ္တုတွင်းလုပ်ငန်းနှင့် မြန်မာပွန်ပီပက် ကုမ္ပဏီကို တရားစွဲဆိုထားပြီး ယခုအခါ ပြည်ထောင်စုတရားရုံးချုပ်သို့ အယူခံတင်ထားသည်။

ထားဝယ်ဒေသ၊ မြောင်းပြိုကျေးရွာသို့ ကိုယ်တိုင်သတင်းယူပြီး ဒေသခံများ ခံစားနေရမှုကို တင်ဆက်ခဲ့သော ပရာ့ချ်ထံ ဒေသခံရွာသားများကလည်း 'ဝမ်းနည်းခြင်းများစွာနှင့် ဂုဏ်ယူကြောင်း' စာတစ်စောင်ပေးပို့ခဲ့သည်။

ယင်းကျေးရွာတွင် ၁၉၉၉ ခုနှစ်က ကုမ္ပဏီက သတ္တုတွင်းတည်ဆောက်လာပြီးနောက်ပိုင်းမှစ၍ ချောင်းမြောင်းများ တိမ်ကောကာ ခြံများပျက်စီးခြင်း၊ နုန်းစစ်ကန်ပြိုကျမှုကြောင့် ကျေးရွာအတွင်း နုန်းအနည်များ ဝင်ရောက်လာခြင်း စသည့် ဆိုးရွားသောထိခိုက်မှုများ ရှိခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ထိုင်းလူ့အခွင့်အရေး ကော်မရှင်သို့လည်း တင်ပြထားပြီး ကော်မရှင်က ဖေဖော်ဝါရီလကုန်တွင် ကျေးရွာသို့ လာရောက်စစ်ဆေးခဲ့သည်။

သတင်းထောက် ပရာ့ချ်နှင့် The Nation သတင်းဌာနတို့အပေါ် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားခြင်းကို ချက်ချင်းပယ်ဖျက်ပေးရေး တောင်းဆိုချက် လက်မှတ်ရေးထိုးထုတ်ပြန်ရန် မြန်မာနိုင်ငံအခြေစိုက် အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာအဖွဲ့အစည်းများက ဦးဆောင်လှုပ်ရှားလျက်ရှိသည်။

■ **Dawei Watch**

# အမေရိကန်ကုမ္ပဏီ Uber တက္ကစီဝန်ဆောင်မှု စတင်

**ရန်ကုန်၊ မေ ၁၁**

အမေရိကအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် Uber တက္ကစီဝန်ဆောင်မှုလုပ်ငန်း ရန်ကုန်မြို့တွင် မေလ ၁၁ ရက်တွင် စတင်ပြီဖြစ်သည်။

Uber တက္ကစီဝန်ဆောင်မှုလုပ်ငန်းကို ပြည်တွင်း၌ပြေးဆွဲနေသော တက္ကစီယာဉ်များဖြင့် စတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းဝန်ဆောင်မှုကို အသုံးပြုရန် မိုဘိုင်းလ်အက်ပလီကေးရှင်း အသုံးပြုရန်လိုကြောင်း၊ ရန်ကုန်မြို့တွင်း၌ ၂၄ နာရီပတ်လုံး ငှားရမ်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း Uber ၏ ဒေသတွင်း အထွေထွေမန်နေဂျာ Mr. MICHAEL BROWN က ပြောကြားသည်။

"Uber က တက္ကစီယာဉ်မောင်းတွေကို ဝင်ငွေပိုရအောင်နဲ့ ခရီးသည်ကိုလည်း ပုံမှန်နှုန်းထားအတိုင်း ဝန်ဆောင်မှုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးတဲ့ ဝန်ဆောင်မှုတစ်ခုပါ" ဟု ၎င်းကပြောဆိုသည်။

Uber တက္ကစီဝန်ဆောင်မှုလုပ်ငန်းနှင့် ချိတ်ဆက်ထားသည့် ယာဉ်မောင်းများအတွက် ခရီးစဉ်တစ်ခုလျှင် ၇၅ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရမည်ဖြစ်ကြောင်း၊ ခရီးအကွာအဝေးအလိုက် လက်ရှိနှုန်းထားများကို စံနှုန်းအဖြစ် သတ်မှတ်ပေးထားကြောင်း ၎င်းက ရှင်းပြသည်။

"လက်ရှိမှာ Uber နဲ့ ချိတ်သုံးရတာ အဆင်ပြေနေပါတယ်။ ခရီးသည်တွေလည်း ပုံမှန်သွားနေကျနှုန်းနဲ့ ကားကောင်းကောင်း စီးရမယ်။ ကျွန်တော်တို့လည်း ခရီးသည်မရှာရတော့ဘူး ဈေးစကားပြောစရာမလိုတော့ဘူး" ဟု တက္ကစီယာဉ်မောင်း ဦးသန်းထိုက်က ပြော ဆိုသည်။

လက်ရှိတွင် Uber အနေနှင့် ယာဉ်အစီးရေ ရာဂဏန်းဖြင့် ဝန်ဆောင်မှုပေးနေကြောင်း၊ နောက်လများတွင် ဈေးကွက်လိုအပ်ချက်အရ ထောင်ဂဏန်းအထိ တိုးချဲ့မည်ဖြစ်ကြောင်း ယင်းဝန်ဆောင်မှုလုပ်ငန်းထံမှ သိရသည်။

လက်ရှိအချိန်၌ ရန်ကုန်မြို့တွင် မိုဘိုင်းလ် အက်ပလီကေးရှင်းအသုံးပြု၍ မီတာစနစ်ဖြင့် အငှားယာဉ်ခေါ်ဆိုနိုင်သည့် ဝန်ဆောင်မှု လုပ်ငန်းကို Hello Cab နှင့် Oway Ride တို့က လုပ်ကိုင်လျက်ရှိရာ ပြည်ပအခြေစိုက်ကုမ္ပဏီများ ဝင်ရောက်လာပါက လုပ်ငန်းစိန်ခေါ်မှုများရှိလာနိုင်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အစိုးရအနေနှင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက် စဉ်းစားပေးသင့်ကြောင်း အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသည့် ပြည်တွင်းလုပ်ငန်းရှင်များက ပြောဆိုသည်။

■ **J-14**



Photo- tin zaw oo

# မြားဆိပ်မိနေသည့် တောဆင်ရိုင်းကို ဖမ်းဆီးဆေးကုမည်

**သပိတ်ကျင်း၊ မေ ၁၁**

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ၇ မိုင်ကျေးရွာအုပ်စု အုန်းတကူးကျေးရွာ အင်ပြန်တောင်အနီး မြားဒဏ်ရာကြောင့် အဆိပ်မိနေသည့် တောဆင်ရိုင်းတစ်ကောင်ကို ဖမ်းဆီး၍ ဆေးကုသမည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ၉ မိုင် ကျေးရွာ၊ ရှေ့တန်းရုံးစခန်းတာဝန်ခံ ဦးစိုင်းညီညီက ပြောကြားသည်။

ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ ဝက်ကာတောင်အနီး မြားဒဏ်ရာရရှိထားသော တောဆင်ရိုင်းကို မေလ ၁၀ ရက်နေ့ နံနက်က တွေ့ရှိထားပြီး တောဆင်ရိုင်း၏ ညာဘက်တင်ပါးတွင် မြားဒဏ်ရာသုံးချက်တွေ့ရှိခဲ့၍ ဖမ်းဆီးဆေးကုသပေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဆင်လိုက်မုဆိုးများ၏ ပစ်ခတ်မှုကြောင့်ဒဏ်ရာရသည့် တောဆင်ရိုင်းသည် အရပ် ၈ ပေခန့် အသက် ၉ လသားအရွယ်ခန့်ရှိပြီး စွယ်စုံဆင် အထီးတစ်ကောင်ဖြစ်ကြောင်း ဇရပ်ကွင်း သစ်ထုတ်လုပ်ရေးဆင်စခန်း တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက တောဆင်ရိုင်းနှစ်ကောင် သတ်ဖြတ်ခံရပြီး လက်ရှိတွင်ဒဏ်ရာရနေသည့် တောဆင်ရိုင်းကို ကုသပေးနိုင်ရန်နှင့် ဆင်လိုက်မုဆိုးကာကွယ်တားဆီးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါ တောဆင်ရိုင်းများ သတ်ဖြတ်သူများနှင့် ဒဏ်ရာရရှိအောင်ပြုလုပ်ထားသူများကို(ပ)၁၀၃/၂၀၁၇ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၇(က)အရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးသန်းနိုင်က ပြောဆိုသည်။

■ **R-05**

The VOICE Daily CARTOON



# ဇန်းမော်မြို့နယ် စီအင်(၅) မိုင် ကျေးရွာရှိ ကျူးကျော်မှုများကို ဖယ်ရှားပေးရန် စာထုတ်

**ဇန်းမော်၊ မေ ၁၁**

ကချင်ပြည်နယ်၊ ဇန်းမော်မြို့နယ်၊ စီအင် (၅) မိုင်ကျေးရွာရှိ လယ်မြေတွင် ကျူးကျော်ဝင်ရောက်ပြီး ခြံစည်းရိုးခတ်ထားခြင်း၊ အိမ်ဆောက်ထားခြင်းများကို ၁၄ရက်အတွင်း ဖယ်ရှားရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တားမြစ်စာထုတ်ထားကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ လယ်မြေကို ၂၀၀၃ ခုနှစ်ကတည်းက ကျေးရွာဥက္ကဋ္ဌ ဦးတူးရှန်လက်ထက်မှစတင်ကာ အထက်အမိန့်ဟုဆိုကာ ၎င်းကသိမ်းယူခဲ့ကြောင်း၊ ယင်းနောက် ၎င်း၏ ဆွေမျိုးတော်စပ်သူ မရန်လော့ဒ်အောင်လက်ထက်တွင်လည်း ထပ်မံသိမ်းယူခဲ့ရာ တောင်သူ ၁၆ ဦး၏ ယာမြေဧက ၁၀၀ ကျော်မှာ ဆုံးရှုံးနေကြောင်း မြေသိမ်းဆည်းခံရသူ ဒေါ်မရစ်လုမိုင်က ပြောဆိုသည်။

အဆိုပါ မြေပေါ်ကျူးကျော် ဆောက်လုပ်ထားသည်များကို သတ်မှတ်ရက်အတွင်း ဖယ်ရှားပေးရမည်ဖြစ်ပြီး မလုပ်ဆောင်ပါက မြေလွတ်မြေလပ်မြေရိုင်းစီမံခန့်ခွဲရေး ဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်စိုးက ပြောသည်။

စီအင်(၅)မိုင်ကျေးရွာအနီးတွင် လယ်ယာမဲ့ တောင်သူများကို ဧက ၅၀၀ကို အညီအမျှ ပိုင်ဆိုင်ခွင့် ပုံစံ (၇)နှင့်အတူ ခွဲဝေပေးမည် ဖြစ်ကြောင်း ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေး ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းဦးကပြောသည်။

■ R-14

---

## ဘားအံတွင် ရဲအုပ်တစ်ဦး ကြိုးဆွဲချသေဆုံး

**ဘားအံ ၊ မေ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့အမှတ် ၉ ရပ်ကွက်ရှိ ၇ ဆူတောင်တွင် မေလ ၁၁ ရက် နံနက်ပိုင်းက အသက် ၄၈ အရွယ် ရဲအုပ်တစ်ဦး ကြိုးဆွဲချသေဆုံးခဲ့ကြောင်း ဘားအံမြို့မှ ရဲစခန်းထံမှ သိရသည်။

သေဆုံးသူမှာ ရဲအုပ်ကိုကိုဇော်ဖြစ်ပြီး ဘားအံခရိုင်ရဲရုံး၊ ဦးစီးဌာနခွဲ (၃) တွင် တာဝန်ထမ်းဆောင်သူ ဖြစ်ကြောင်း၊ ၎င်းမှာ မေလ ၁၁ ရက် နံနက်အစောပိုင်းက ဘားအံခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ရောက်ရှိလာပြီး မေလ ၁၁ ရက်မှ ၁၂ ရက်အထိ ရှောင်တခင်ခွင့်ယူရန် စာရေးကာ ၎င်း၏ စားပွဲပေါ်တွင် တင်ထားပြီး ပြန်လည်ထွက်ခွာသွားကြောင်း၊ အလောင်းကို ဘားအံမြို့ပြည်သူ့ဆေးရုံတွင် ပို့အပ်ပြီး သေဆုံးမှုကို စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ကာ စစ်ဆေးမည် ဖြစ်ကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■ R- 17

---

### မျက်နှာဖုံး - ကျိုင်းတုံတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကို မှ အဆက်

ကျိုင်းတုံမြို့၏ အထင်ကရ နေရာဖြစ်သော နောင်တုံကန်၊ နောင်ခမ်းကန်၊ အထင်ကရ နေရာများနှင့် လမ်းမကြီးများ အပါအဝင် စည်ပင်နယ်နိမိတ်ရှိ နေရာအချို့တွင် အမှိုက်များ စွန့်ပစ်မှုကို တားမြစ်ထားသော်လည်း လိုက်နာမှုမရှိသဖြင့် ဒဏ်ရိုက်ရခြင်းဖြစ်ကြောင်း ယင်းကော်မတီ သန့်ရှင်းရေး ဌာနမှူး ဦးသန်းဇော်က ပြောကြားသည်။

"အမှိုက်တွေမပစ်ဖို့ ကြေညာထားပေမယ့် မလိုက်နာကြဘူး၊ အခုတော့ ကျပ်တစ်သိန်းဒဏ်ရိုက်မယ်ဆိုတဲ့ ကြေညာချက်တွေ စိုက်ထူထားပါတယ်၊ အမှိုက်သိမ်းလုပ်ငန်းကို တာဝန်ယူထားတဲ့ ကုမ္ပဏီကို အမှိုက်ခွန် မပေးတဲ့သူတွေက အခုလို စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေကြောင့် မြို့သန့်ရှင်းရေးကို ထိခိုက်လာတယ်"ဟု ၎င်းက ဆိုသည်။

ကျိုင်းတုံမြို့တွင် ၂၀၁၃ ခုနှစ်ကစတင်ကာ အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းကို စိန်ရေကန် ကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး အမှိုက်ခွန်ကို တစ်လလျှင် ၁၅၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိ ကောက်ခံခွင့်ရရှိထားကြောင်း၊ စည်ပင်သာယာ နယ်နိမိတ်တွင် နေ့စဉ်အမှိုက်တန်ချိန် ၃၀ ခန့် ထွက်ရှိပြီး အိမ်ခြေ ၇၀၀၀ ကျော်ရှိသည့်အနက် အိမ်ခြေ ၃၅၀၀ ခန့်သာ အမှိုက်ခွန်ပေးဆောင်ကြောင်း သိရသည်။

■ R-16

---




သရုပ်ဆောင်လွင်မိုး မိသားစု ကိုယ်စား ဦးလောဟန်က ခွဲစိတ်ရမည့် လူနာကို ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

# ခွဲစိတ်ရမည့် လူနာကို သရုပ်ဆောင်လွင်မိုးမိသားစု ထောက်ပံ့

**ကလေး။ မေ ၁၁**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင် အတက်ရောဂါကြောင့် အိမ်ပေါ်မှ လိမ့်ကျကာ ချိုင်းကြားတွင် ဒဏ်ရာကြောင့် ခွဲစိတ်ရန်ငွေကြေးလိုအပ်နေသော အမျိုးသားကို သရုပ်ဆောင် လွင်မိုးမိသားစုက ကျပ်တစ်သိန်းပေးပို့ ထောက်ပံ့လှူဒါန်းကြောင်း ဂန့်ဂေါမြို့မှ ဦးလောဟန် က ပြောကြားသည်။

အဆိုပါခွဲစိတ်ရမည့်လူနာမှာဦးဘတင် ( ၆၁ နှစ်)ဖြစ်ပြီး အတက်ရောဂါကြောင့် မီးပုံထဲ လိမ့်ကျကာ မီးလောင်ဒဏ်ရာခံစားနေရချိန်တွင် အတက်ရောဂါဖြင့် အိမ်ပေါ်မှ လိမ့်ကျကာ ချိုင်းအောက်တွင် ငုတ်ဖြင့် ထိုးမိကာ ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံသို့ မေလ ၉ ရက်နေ့က ရောက်ရှိခဲ့ကြောင်း၊ ယင်းဆေးရုံတွင် ခွဲစိတ်ဆရာဝန်မရှိသဖြင့် စစ်ကိုင်းတိုင်း ကလေးမြို့ပြည်သူ့ဆေးရုံသို့ တင်ပို့ရမည့် အချိန်တွင် ဆက်လက် ဆေးကုသရန် ငွေကြေးအခက်အခဲဖြစ်နေသည်ကို သရုပ်ဆောင်လွင်မိုးနှင့် မိသားစုက မေလ ၁၀ ရက်က မိမိထံသို့ ဆက်သွယ်ကာ ကျပ် ၁ သိန်း ပေးပို့ခဲ့သဖြင့် နေ့ချင်းလှူဒါန်းလိုက်ကြောင်း ၎င်းက ရှင်းပြသည်။

■ R 20

---

## NEWS PHOTO




**ကျိုင်းတုံမြို့အမှတ်(၅)ရပ်ကွက်ရှိ မြို့မအားကစားကွင်းကြီးတွင် မေလ၁၀ရက် ညပိုင်းက မြို့နယ်ကြက်ခြေနီအသင်းခွဲ ရန်ပုံငွေမြှင့်တင်ရေး ပျော်ပွဲရှင်ပွဲကျင်းပခဲ့ရာ မူကြိုကလေးငယ်များမှ စုပေါင်း တေးသရုပ်ဖော် အပါအဝင် စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့သည်။**

**မေလ၁၀ရက်မှ ၁၂ရက်အထိ ကျင်းပမည့် ပထမဆုံးအကြိမ် မြို့နယ်ကြက်ခြေနီအသင်းခွဲ ရန်ပုံငွေမြှင့်တင်ရေး ပျော်ပွဲ ရှင်ပွဲတွင် မြို့နယ်ရှိ မူကြိုကလေးငယ်များ၏ စွမ်းရည်ပြိုင်ပွဲ၊ ကာယအလှမယ်ပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်သည်။**

**R-16**

## NEWS IN BRIEF

### အိမ်၊ ခြံ၊ မြေ အရောင်းပြပွဲပြုလုပ်မည်

**ရန်ကုန်၊ မေ ၁၁**

အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ဝက်ဘ်ဆိုက် iMyanmarHouse.com က ငါးကြိမ်မြောက် အိမ်၊ ခြံ၊ မြေ အရောင်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော်ခန်းမ၌ ယခုနှစ် မေလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

အဆိုပါပြပွဲအတွင်း အိမ်ရာဝယ်လိုသူများသည် ရိုးမဘဏ်မှ အိမ်ရာချေးငွေကို တစ်နှစ်မှ ၁၅ နှစ်အထိ အရစ်ကျပေးသွင်း ဝယ်ယူခွင့်လျှောက်ထားနိုင်မည်ဖြစ်ပြီး Yoma Strategic Holdings ကုမ္ပဏီ၏ Star City စီမံကိန်းနှင့် Golden City အိမ်ရာစီမံကိန်းတို့အပါအဝင် ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၅၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။ ■S-04

### အိန္ဒိယလုပ်ငန်းရှင်များနှင့် စီးပွားရေး တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်

**ရန်ကုန်၊ မေ ၁၁**

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များကို အိန္ဒိယလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ထားကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ထံမှ သိရသည်။

အိန္ဒိယလုပ်ငန်းရှင်များအနေနှင့် ဆိုလာစွမ်းအင်၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းလုပ်ငန်းများ၊ ဘဏ္ဍာရေးအထောက်အပံ့များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ပို့ကုန်သွင်းကုန် စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လိုပြီး ဆောင်ရွက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေနှင့် ကုန်သည်စက်မှုအသင်းချုပ်ထံ ဆက်သွယ်နိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■ J-11



ဓာတ်ပုံ - အောင်နိုင်

## ပြည်ပဈေးကျ၍ ပြည်တွင်းစက်သုံးဆီဈေးကျ

**ရန်ကုန်၊ မေ ၁၁**

စင်ကာပူနိုင်ငံမှ အဓိကတင်သွင်းသည့် စက်သုံးဆီဈေးနှုန်းသည် ပြည်ပဈေးကျ၍ ပြည်တွင်းစက်သုံးဆီ လက်လီ၊ လက်ကား ဈေးနှုန်းများလည်း လိုက်ပါကျဆင်းကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

စက်သုံးဆီဈေးနှုန်းသည် အမြင့်ဈေးဖြင့် ငြိမ်သက်နေသည်မှာ ကြာမြင့်နေပြီဖြစ်ပြီး ယခုအခါမှသာ ဈေးပြန်လည်ကျဆင်းခြင်းဖြစ်သည်။

လက်လီဈေးသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်းကထက် တစ်လီတာလျှင် ၁၀ ကျပ်မှ ၂၀ ကျပ်ခန့် လက်ကားဈေးကွက်တွင် တစ်လီတာလျှင် ၁၀ ကျပ်မှ ၂၀ ကျပ်ခန့်နှင့် ပြည်ပစက်သုံးဆီဈေးသည် တစ်စည်လျှင် နှစ်ဒေါ်လာခန့် ကျဆင်းသွားခြင်းဖြစ်ကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိစက်သုံးဆီဈေးကွက်အခြေအနေသည် ပြည်ပဈေးနှုန်းအပြောင်းအလဲပေါ်တွင်သာ လိုက်လံပြောင်းလဲနိုင်ပြီး အမေရိကန်ဒေါ်လာဈေးမှာမူ ငြိမ်သက်နေခြင်းကြောင့် အပြောင်းအလဲဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း စက်သုံးဆီလုပ်ငန်းရှင်များက ပြောဆိုသည်။

စက်သုံးဆီလက်လီဈေးနှုန်းမှာ ဒီဇယ်တစ်လီတာလျှင် ၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ်တစ်လီတာလျှင် ၇၁၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၉၀ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၇၄၀ ကျပ်ဈေးရှိပြီး လက်ကားဈေးနှုန်းမှာ ဒီဇယ်တစ်လီတာလျှင် ၆၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၆၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၆၂၀ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၆၆၅ ကျပ် ဈေးရှိကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပြည်ပစက်သုံးဆီဈေးနှုန်းတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၉ ကျော်၊ အဆင့်မြင့်ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၉ ကျော်၊ အောက်တိန်း ၉၂ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၉ ကျော်နှင့် အောက်တိန်း ၉၅ တစ်စည်လျှင် ၆၂ ဒေါ်လာကျော်ဈေးရှိကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

## မြန်မာ-ဗီယက်နမ် ငါးရှဉ့်မွေးမြူမှု နည်းပညာပူးပေါင်းဆောင်ရွက်ရေး MoU ထိုးမည်

**ရန်ကုန်၊ မေ ၁၁**

ပြည်တွင်းငါးရှဉ့်မွေးမြူရေးလုပ်ငန်းများ ပြန်လည်အောင်မြင်လာစေရန် မြန်မာနှင့် ဗီယက်နမ် နှစ်နိုင်ငံအကြား ငါးရှဉ့်မွေးမြူမှု နည်းပညာပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာ သဘောတူလက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ယင်းစီမံကိန်းကို ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ ဗီယက်နမ်နိုင်ငံ ကန်တိုတက္ကသိုလ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ သဘောတူလက်မှတ်ရေးထိုးမည်ဖြစ်ပြီး ကန်တိုတက္ကသိုလ်မှ ငါးရှဉ့်မွေးမြူရေးနှင့် ပတ်သက်သည့် ပညာရှင်နှစ်ဦး ဖိတ်ခေါ်ကာ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် လက်တွေ့သားဖောက်မွေးမြူမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုလည်း ပညာရှင်များနှင့် ပူးပေါင်းအဖြေရှာမည်ဖြစ်ကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က ပြောကြားသည်။

"သဘာဝကနေ ဖမ်းဆီးရောင်းချတာက ရေရှည်မခံနိုင်ဘူး။ ငါးရှဉ့်မွေးမြူတဲ့ လုပ်ငန်းကိုလုပ်မှဖြစ်မယ်။ သူတို့ဆီက ပညာရှင် နှစ်ယောက်လာရင် ဒီကဖြစ်နေတာတွေကို ကြည့်မယ်။ ပြီးရင် လာမယ့် ရှစ်လပိုင်းမှာ အထီး၊ အမမျိုးစုမယ်။ ကိုးလနဲ့ ၁၀ လပိုင်းမှာ သားဖောက်ဖို့ စီစဉ်မယ်" ဟု ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ အကြံပေးပုဂ္ဂိုလ် ဦးဟန်ထွန်းက ပြောဆိုသည်။

ပြည်တွင်းငါးရှဉ့်မွေးမြူမှုမှာ ၂၀၁၆ ခုနှစ်မှစကာ သားဖောက်မွေးမြူမှု မအောင်မြင်သောကြောင့် သဘာဝမှဖမ်းဆီးရမိသည့် အကောင်သေးများကိုသာ ပြည်ပတင်ပို့နေရကြောင်း၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်က ပြည်ပသို့ငါးရှဉ့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၈ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာသန်း ၂၀ ဖိုး တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းထံမှ သိရသည်။ ■ J-11

## စင်ကာပူ သတ္တုဆွေးနွေးပွဲသို့ မြန်မာသတ္တုအသင်းချုပ် တက်မည်

**ရန်ကုန်၊ မေ ၁၁**

စင်ကာပူနိုင်ငံတွင် ပြုလုပ်မည့် အာရှပစိဖိတ် အဖိုးတန်သတ္တုများအကြောင်း နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းချုပ်က တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

'Asia Pacific Precious Metals Conference' ကို စင်ကာပူနိုင်ငံတွင် ဇွန်လ ၄ ရက်နေ့မှ ၆ ရက်နေ့ထိ ကျင်းပမည်ဖြစ်ပြီး Singapore Bullion Market Association (SBMA) က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များ အသင်းချုပ်ထံမှ သိရသည်။

"Asia Pacific Precious Metals Conference လို နှီးနှောဖလှယ်ပွဲတွေ၊ ညှိနှိုင်းဆွေးနွေးပွဲတွေကနေတစ်ဆင့် ဒေသဆိုင်ရာ လုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဖလှယ်နိုင်ဖို့ လိုအပ်ပါတယ်" ဟု ယင်းအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဟန်က ပြောဆိုသည်။

ထိုဆွေးနွေးပွဲသို့ World Gold Council၊ London Bullion Market Association၊ The Chinese Gold & Silver Exchange Society၊ Tokyo Commodity Exchange၊ London Metal Exchange၊ Thailand Futures Exchange၊ World Platinum Investment Council စသည့် ကမ္ဘာ့အဖွဲ့အစည်းများ တက်ရောက်မည်ဖြစ်ကြောင်း SBMA ထံမှ သိရသည်။ ■ S-04

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | Source: KBZ Bank |
|---|---|---|---|
| 11.5.2017 | USD | EURO | SGD |
| ဝယ်ဈေး(ကျပ်) | ၁၃၅၃ | ၁၄၆၈ | ၉၆၂ |
| ရောင်းဈေး(ကျပ်) | ၁၃၅၆ | ၁၄၇၂ | ၉၆၇ |

| Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း | | |
|---|---|---|
| 11.5.2017 | ရွှေဈေး | |
| ပြည်တွင်းရွှေ(ကျပ်) | ၈၉၁,၅၀၀ (ဖွင့်) | ၈၉၁,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၇၅ (ဖွင့်) | ၁၂၇၀ (ပိတ်) |

**မေလ ၁၁ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ**

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 16000 | 16000 | 16000 | - | 4183 | 66,928,000 |
| MTSH | 4000 | 4000 | 4000 | - | 23080 | 92,320,000 |
| MCB | 9000 | 9000 | 9000 | - | 0 | 0 |
| FPB | 28500 | 28000 | 28500 | - | 700 | 19,850,000 |

# ဦးပိန်တံတားအနီးတွင် မည်စည်ပင် ၅၆ ပင် ထပ်မံစိုက်ပျိုး

**မန္တလေး၊ မေ ၁၁**

တောင်သမန်အင်း၏ အထင်ကရ အရာများအနက် တစ်ခုအပါအဝင်ဖြစ်သည့် မည်စည်ပင်များ ပြန်လည်ဖြစ်ထွန်းလာရေးအတွက် ဦးပိန်တံတားအနီးတွင် မည်စည်ပင် ၅၆ ပင်ထပ်မံစိုက်ပျိုးနေကြောင်း မည်စည်ပင်များ ပြုစုထိန်းသိမ်းရေးနှင့် အစားထိုး စိုက်ပျိုးနိုင်ရေး ကော်မတီထံမှ သိရသည်။

"မည်စည်ပင်တွေဟာ တောင်သမန်လို့ပြောလိုက်တာနဲ့ တွဲလျက်ပါနေတဲ့ အရာတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ထိန်းသိမ်းနိုင်ဖို့ အစားထိုးစိုက်ပျိုးမှုတွေ လုပ်ပေးခဲ့ပေမယ့် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိခဲ့ပါဘူး၊ အခု တိုင်းအစိုးရအဖွဲ့က ဖွဲ့စည်းပေးထားတဲ့ ကော်မတီနဲ့ စည်ပင်နဲ့ ပေါင်းပြီး ၅၆ ပင် ဖြည့်စွက် စိုက်ပျိုးတာဖြစ်ပါတယ်" ဟု ယင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောကြားသည်။

ယင်းမည်စည်ပင် ၅၆ ပင်ကို ဦးပိန်တံတား၏ မြောက်ဘက် တောင်သမန်အင်း အနောက်ဘက်ကမ်းအနီးမှ တံတားအနောက်ဘက်ထိပ် ယခင်မည်စည်ပင်များတည်ရှိနေရာနှင့် ဆက်စပ်နေရာများအထိ စိုက်ပျိုးနေခြင်းဖြစ်သည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အရပ်ဘက်အဖွဲ့အစည်းတွေက အစားထိုး စိုက်ခဲ့တာတွေ ရှိခဲ့တယ်။ ဒါပေမဲ့ ပြုစုထိန်းသိမ်းနိုင်ခြင်းမရှိတာရော၊ ဒေသခံဈေးဆိုင်အချို့ရဲ့ အပြုအမူအချို့ကြောင့်ရော အပင်တွေ သေကုန်တယ်။ ဒါ့ကြောင့် ဒီလို



တောင်သမန်အင်းနှင့် ဦးပိန်တံတားအနောက်ဘက်ရှိ မည်စည်ပင်တန်းကိုတွေ့ရစဉ်

ဓာတ်ပုံ-မောင်သန့်

အခြေအနေတွေကို တိုင်းအစိုးရအဖွဲ့ဆီ စာနဲ့တင်ပြလိုက်တော့ ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ကော်မတီဖွဲ့ပေးခဲ့တာဖြစ်ပါတယ်။ ဒီအဖွဲ့က ဒီအပင်တွေ ဖြစ်မြောက်ရှင်သန်ရေး အလေးထားဆောင်ရွက်သွားမှာပါ" ဟုဦးမောင်မောင်ဦးက ထပ်လောင်း ပြောကြားသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က ၆၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေနှင့် မည်စည်ပင် ၆၈ ပင် အစားထိုးစိုက်ပျိုးခြင်း၊ ၂၀၁၇ ခုနှစ် ယင်းနေ့ကလည်း သဘာဝစိမ်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ၁၉ ပင် အစားထိုး စိုက်ပျိုးခဲ့ခြင်းများ ပြုလုပ်ခဲ့သော်လည်း အပင်အများစု ရှင်သန်ခြင်းမရှိခဲ့ဘဲ အနည်းငယ်သာ ကျန်ရှိခဲ့ကြောင်း တောင်သမန်အင်း ငှက်လှေအသင်းထံမှ သိရသည်။

လက်ရှိတွင် တောင်သမန်အင်းနှင့် ဦးပိန်တံတားအနောက်ဘက်တွင် နှစ်ရှည်မည်စယ်ပင် အနည်းငယ်သာကျန်ရှိနေပြီး ယခင်က ယင်းနေရာတွင် ၁၀၃ ပင်အထိ ရှိခဲ့ခြင်းဖြစ်သည်။

ယင်းမည်စည်ပင်ကြီးများသည် ဦးပိန်တံတားနှင့် သက်တမ်းတူညီခန့်အထိ ရှိနေပြီဖြစ်ကြောင်း တောင်သမန်အင်းဒေသခံများထံမှ သိရသည်။ ■

**M-04**

# ပုဂံဘုရား ၂၄၉ ဆူ ပြင်ဆင်ပြီး

**မန္တလေး၊ မေ ၁၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှု မြို့တော်ရှိ ငလျင်ဒဏ်သင့် စေတီပုထိုးများအနက် ၂၄၉ ဆူ ပြင်ဆင်ပြီးစီးကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနထံမှ သိရှိရသည်။

အသေးစားပြင်ဆင်ရမည့် စေတီ ၂၂၄ ဆူကို ရာနှုန်းပြည့် ပြင်ဆင်ပြီးဖြစ်ကာ ပထမဦးစားပေး ပြင်ဆင်ရမည့် ဘုရားများအနက် ခုနစ်ဆူ၊ ဒုတိယဦးစားပေးပြင်ဆင်ရမည့်ဘုရားများအနက် ၁၁ ဆူ၊ တတိယဦးစားပေး ပြင်ဆင်ရမည့် ဘုရားများအနက် ခုနစ်ဆူကိုလည်း ထိန်းသိမ်းပြုပြင်ပြီးဖြစ်ကြောင်း ယင်းဌာနက ထုတ်ပြန်ထားသည်။

ကျန်စေတီပုထိုးများ မိုးရေကြောင့် ထိခိုက်ခြင်း၊ ပိုမိုပျက်စီးခြင်းမရှိစေရန် အတွက် ယာယီအမိုးအကာ ပြုလုပ်ခြင်း၊ ယာယီရေပိတ်လွှာလောင်းခြင်းများ ပြုလုပ်လျက်ရှိကြောင်း အဆိုပါဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ဓာတ်ပုံ-မြတ် (ကလေး)

ငလျင်ကြောင့် ပျက်စီးခဲ့သော ဓမ္မရံကြီးစေတီကို ထပ်မံထိခိုက်ခြင်းမရှိအောင် ယာယီပြုပြင်ထားစဉ်

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးပေါင်း ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး ပထမဦးစားပေး ပြင်ဆင်မည့် ၃၆ ဆူ၊ ဒုတိယဦးစားပေးပြင်ဆင်မည့် ၅၃ ဆူနှင့် တတိယဦးစားပေး ပြင်ဆင်ရမည့်အဆူ ၃၀၀ ရှိကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ■

# NEWS IN BRIEF

## မဟာမုနိဘုရား အရှေ့ဘက်စောင်းတန်း ပြုပြင်

မန္တလေးမြို့တော်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အရှေ့ဘက်စောင်းတန်းကို မေလပထမပတ်ကစ၍ ပြုပြင်မွမ်းမံနေကြောင်း ယင်းဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

အရှေ့ဘက်စောင်းတန်းရှိ ဆွေးမြည့်နေသည့်သစ်သားများကို အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ပြုလုပ်နေခြင်းဖြစ်ကြောင်း၊ ရှေးမူမပျက် ပြုပြင်မည်ဖြစ်၍ လတ်တလောတွင် ကုန်ကျစရိတ်တွက်ချက်နိုင်ခြင်းမရှိသေးကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့ဝင် ဦးသန်းလွင်က ပြောကြားသည်။

ဘုရားကြီးရင်ပြင်တော်ပေါ်ရှိ စွယ်တော်ပြတိုက်နှင့် ဓမ္မစကြာပြတိုက်တို့ကိုလည်း အဆင့်မြှင့်တင်မွမ်းမံမှုများပြုလုပ်လျက်ရှိရာ ယင်းလုပ်ငန်းများ အားလုံး ဇွန်လအတွင်း ပြီးစီးမည်ဖြစ်ကြောင်း မဟာမုနိဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

**M-05**

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၅)ဦး
အဆောင်စီစဉ်ပေးမည်။
စိန်ကမ္ဘာရှည်မှုန့်စက်ရုံ A/4(a) ၊(၆၂)လမ်း၊ သားရေနယ်လမ်း၊
ငွေတော်ကျိုးကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့
Ph : 09-6501608,09-6808176,02-5154824,09-769550477

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်သမိုင်းကြောင်း အလှူရှင်မိသားစု ရှင်းလင်း

**မန္တလေး၊ မေ ၁၁**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်တွင် အပူဇော်ခံထားရှိသည့် လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီး ရုပ်ပွားတော်၏ သမိုင်းကြောင်းအမှန် ရှင်းလင်းပွဲကို မေလ ၁၁ ရက်နေ့က အလှူရှင်မိသားစု၏ နေအိမ်တွင် ပြုလုပ်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ရုပ်ပွားတော် ထုလုပ်မည့် အဆိုပါကျောက်တော်ကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကျောက်ထုတ်ယူရန် အချိန်တစ်နှစ်မျှ ကြာမြင့်ခဲ့ကြောင်း၊ မိမိတို့အနေနှင့် တူးဖော်ရန် မတတ်နိုင်သဖြင့် နိုင်ငံတော်သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း အလှူရှင် ဦးတော်တော်၏သားဖြစ်သူ ဦးအောင်မျိုးကြိုင်က ပြောကြားသည်။

"မီဒီယာအချို့မှာ ဖော်ပြထားသလို စကျင်ရွာက လူတစ်ယောက်က စတင်တွေ့ရှိတယ်ဆိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင် တူးဖော်တွေ့ရှိပြီး လှူဒါန်းခဲ့တာပါ" ဟု ၎င်းကဆိုသည်။

လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီး ထုဆစ်မည့် ကျောက်တုံးကို မူလတွေ့ရှိခဲ့သူဖြစ်သော်လည်း သိမ်းယူလိုက်သည့် ဦးတော်တော်နှင့်သားများ ကုမ္ပဏီကသာ လှူဒါန်းသူဟု အမည်ယူခဲ့ကြောင်း၊ ယင်းကျောက်တုံး တွေ့ရှိရန်အတွက် မိမိတို့မိသားစုမှ သုံးနှစ်ခန့်ကြာအောင် တူးဖော်ခဲ့ရကြောင်း အသက် ၇၄ နှစ်အရွယ်ရှိ ဦးကျော်က မေလ ၂၉ ရက်နေ့က စကျင်ကျေးရွာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်က ကျုပ်တို့မိသားစု စတွေ့ခဲ့တာ။ သမီး သုံးယောက်နဲ့တွဲပြီး တူးဖော်ခဲ့ရတယ်။ တော်တော်လေး ပေါ်လာမှ ကျောက်တုံးကြီးကို အသိမ်းခံလိုက်ရတယ်။ လျော်ကြေးရဖို့နေနေသာသာ သူတို့ (ကုမ္ပဏီ) လုပ်ကွက်ထဲဝင်လုပ်လို့ဆိုပြီး ဒဏ်ကြေးပေးခဲ့ရသေးတယ်" ဟု ၎င်းကဆိုသည်။

မိရိုးဖလာ လုပ်ကိုင်လာသည့် ဒေသခံတို့၏ စကျင်ကျောက်ထုတ်လုပ်ကွက်များကို ၁၉၉၇ ခုနှစ်ဝန်းကျင်မှစ၍ ကုမ္ပဏီများ ဝင်ရောက်လာပြီးနောက် အသိမ်းခံခဲ့ရကြောင်း စကျင်ဒေသခံတို့က ပြောသည်။

လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီးရုပ်ပွားတော်မြတ်ကို ၂၀၀၂ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် စကျင်ရွာမှတစ်ဆင့် ရန်ကုန်သို့ ပင့်ဆောင်ပူဇော်ခဲ့ရာ ဉာဏ်တော်အမြင့် ၃၇ ပေ၊ အလေးချိန် တန် ၅၀၀ ခန့်ရှိကာ မြန်မာနိုင်ငံရှိ ကျောက်တော်ကြီးရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည်။

■

LC



ဓာတ်ပုံ-နေလင်း

ငါန်းမြာကျေးရွာမှ ဒေသခံတောင်သူ ၃၀၀ ကျော် မန္တလေးမြို့ပေါ်၌ ဆန္ဒထုတ်ဖော်ခဲ့စဉ်

# မန္တလေးတိုင်း စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး နုတ်ထွက်ပေးရေး တောင်သူ ၃၀၀ ကျော် ဆန္ဒထုတ်ဖော်

**မန္တလေး၊ မေ ၁၁**

မန္တလေးတိုင်းအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပေးရန် ငါန်းမြာကျေးရွာမှ ဒေသခံတောင်သူ ၃၀၀ ကျော်သည် မေလ ၁၁ ရက်နေ့ နံနက်ပိုင်းက မန္တလေးမြို့ပေါ်၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ငါန်းမြာကြီးကျေးရွာရှိ တောင်သူ ၈၀၀ ကျော် ဘိုးဘွားစဉ်ဆက်လုပ်ကိုင်ခဲ့သော စိုက်ပျိုးလယ်မြေဧက (မြေရင့်) ၁၁၄၄ ဧကကို မြေနုကျွန်းဟု သတ်မှတ်ခဲ့ခြင်းကြောင့် ဒေါက်တာစိုးသိန်း နုတ်ထွက်ပေးရန် မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရားအနီးမှစတင်ကာ လမ်းလျှောက်၍ ဆန္ဒထုတ်ဖော်ခဲ့ခြင်းလည်းဖြစ်သည်။

မြေနုကျွန်းပေါ်တွင် ထွန်ယက်စိုက်ပျိုးနေသူများအနေနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ တစ်နှစ် တစ်ရာသီအကျုံးဝင်သည့် မြေနုကျွန်းများကို မြေရင့်အဖြစ် လျှောက်ထားနိုင်သည့်အတွက် ယင်းသို့သတ်မှတ်နိုင်ရန် ရပ်ကွက်ကျေးရွာအဆင့်မှ မြို့နယ်၊ ခရိုင် အဆင့်အထိ တင်ပြတောင်းဆိုခဲ့ကြောင်း၊ မြေရင့်ဖြစ်ကြောင်း အထောက်အထား ခိုင်မာသည့်အတွက် မြေရင့်အဖြစ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက မေလ ၉ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုထားသည်။

တောင်သူအင်အား ၃၀၀ ကျော်သည် စန္ဒာမုနိဘုရားအနီးမှစတင်ကာ ၆၂ လမ်း၊ ၆၂ လမ်းမှ ၁၉ လမ်းမပေါ်၊ ထိုမှ ၆၆ လမ်းအထိလည်းကောင်း၊ ၆၆ လမ်းမှပြန်လှည့်ကာ စန္ဒာမုနိဘုရားအထိလည်းကောင်း ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။

■

M-03

# ဦးပိန်တံတားပြင်ဆင်ရေး ဂျာမနီသစ်တောပညာရှင်များ ကူညီမည်

**မန္တလေး၊ မေ ၁၁**



ဓာတ်ပုံ-မောင်သန့်

ဂျာမနီနိုင်ငံသစ်တောပညာရှင် Mrs. Jana Gelbrich နှင့် နည်းပညာတက္ကသိုလ် (မန္တလေး) မှ ကျောင်းသားကျောင်းသူများ ဦးပိန်တံတားကို လေ့လာနေစဉ်

ကမ္ဘာကျော်ဦးပိန်တံတား အပြီးသတ်ပြင်ဆင်နိုင်ရေးအတွက် ဂျာမနီနိုင်ငံမှပညာရှင်များက နည်းပညာပိုင်း အကူအညီနှင့် အကြံဉာဏ်များ ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံသစ်တောပညာရှင် Mrs. Jana Gelbrich က ပြောကြားသည်။

"ကျွန်မတို့က ဒီတံတားကြီး ပြုပြင်နိုင်ရေးအတွက် ဘာတွေလိုအပ်မလဲ လေ့လာနေတာဖြစ်ပါတယ်။ ဒီတံတားကြီးဟာ နှစ်ပေါင်း ၂၀၀ နီးပါးသက်တမ်းရှိနေပြီးတော့ ယနေ့အချိန်ထိလည်း လူတွေအသုံးပြုနေတဲ့တံတားဖြစ်တယ်။ ပြုပြင်ပြီးရင် ဒီထက်ပိုပြီး ကြံ့ခိုင်မှုရှိအောင် ဘယ်လိုလုပ်မလဲ။ ဒီတံတားကြီးကို အသုံးပြုနေတဲ့လူတွေ ဘေးကင်းစွာအသုံးပြုနိုင်အောင် ဘယ်လိုနည်းလမ်းတွေ သုံးကြမလဲ အကြံဉာဏ်တွေရအောင် ကူညီမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောဆိုသည်။

ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် မေလ ၇ ရက်နေ့မှစတင်ကာ ဂျာမနီနိုင်ငံမှ သစ်တောနည်းပညာရှင်များက ဦးပိန်တံတားကြီး၏ ကြံ့ခိုင်မှုများ၊ ပျက်စီးမှုများကို နည်းပညာတက္ကသိုလ် (မန္တလေး) မှ ကျောင်းသား ကျောင်းသူများ၊ ဆရာမများနှင့် ပူးပေါင်းကာ လေ့လာခဲ့ကြောင်း နည်းပညာတက္ကသိုလ် (မန္တလေး) ကျောင်းသားကျောင်းသူများထံမှ သိရသည်။

ဂျာမနီပညာရှင်များအနေနှင့် တံတားကြီး ပြုပြင်နိုင်ရေးအတွက် နည်းပညာပိုင်းကိုသာ အဓိကထောက်ပံ့ကူညီပေးနိုင်မည်ဖြစ်ပြီး ကုန်ကျနိုင်မည့် ငွေကြေး အထောက်အပံ့များကိုမူ အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း Mrs. Jana Gelbrich က ထပ်လောင်းပြောဆိုသည်။

"သူတို့ဘက်ကတော့ လေ့လာမှုတွေလုပ်တယ်။ ကြာရှည်ခံအောင် ဘယ်လိုလုပ်မလဲဆိုတာကို လေ့လာကြမှာဖြစ်ပါတယ်။ ဒီတံတားဆက်ပြင်ဖို့ကတော့ အစိုးရအဖွဲ့၊ ရှေးဟောင်းဌာနတွေကပဲ လုပ်ကြရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရှေးဟောင်းမှာ ဘတ်ဂျက်မရှိဘူး၊ ဘတ်ဂျက်ရဖို့လည်း လုပ်နေတာတွေ ရှိပါတယ်။ ကော်မတီဖွဲ့ အလှူခံဖို့တို့ ၊ တိုင်းဒေသကြီးအစိုးရကတစ်ဆင့် ဘတ်ဂျက်တင်တောင်းဖို့တို့ တစ်ခုခုပေါ့၊ လုပ်နေပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလွင်က ပြောကြားသည်။

ဦးပိန်တံတားသည် ၂၀၀၄ ခုနှစ် မိုးရေကြီးခြင်းကြောင့် ပျက်စီးမှုများ ကြုံတွေ့ခဲ့ရာ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ကြီးက ပြုပြင်ပေးခဲ့ဖူးပြီး ၂၀၁၆ ခုနှစ် မတ်လအတွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ဆင်ရန် ကြိုးစားခဲ့သော်လည်း ဝေဖန်မှုများကြောင့် ရပ်နားထားခဲ့သည်။

၂၀၁၇ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်းကလည်း တံတားကြံ့ခိုင်မှုရှိရေးအတွက် ပြင်ဆင်မှုများလုပ်ဆောင်ခဲ့ရသေးသည်။

ဦးပိန်တံတားကြီးသည် ၃၉၆၇ ပေအလျားရှိပြီး အခန်းပေါင်း ၄၆၈ ခန်း ကျွန်းတိုင်ပေါင်း ၁၀၈၆ တိုင်ဖြင့် အမရပူရခေတ်က တည်ဆောက်ခဲ့ခြင်းဖြစ်ကာ နှစ်ပေါင်း ၂၀၀ နီးပါး သက်တမ်းရှိနေသည့် သစ်သားတံတားတစ်စင်းလည်းဖြစ်သည်။

■

M-04

အောင်ပြည့်စုံ
10',14',16'
09-421041338,
09-73224763,09-250095114

# နေရပ်ပြန် ရွှေ့ပြောင်း အလုပ်သမားများ ပြည်ဝင်ခွင့်ပြန်ရရန် မြန်မာ - ထိုင်း နှစ်နိုင်ငံ အစိုးရ ညှိနှိုင်း

**ရန်ကုန်၊ မေ ၁၁**

သင်္ကြန်ပိတ်ရက် နေရပ်ပြန် ရွှေ့ပြောင်း အလုပ်သမားများ ထိုင်းနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ခွင့် ရရှိရန် မြန်မာ-ထိုင်း နှစ်နိုင်ငံအစိုးရ ညှိနှိုင်းဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊ ရွှေ့ပြောင်းအလုပ်သမား ဌာန(ခွဲ) ညွှန်ကြားရေးမှူး ဦးသိန်းဝင်း ကပြောဆိုသည်။

ထိုင်းအစိုးရက ရွှေ့ပြောင်းအလုပ်သမားများကို သင်္ကြန်ပိတ်ရက်အဖြစ် ဧပြီ ၅ ရက်မှ ၃၀ ရက်အထိ (ပိတ်ရက် ၂၅ ရက်) ခွင့်ပြုပေးထားပြီး သတ်မှတ်ရက်အမီ ပြန်ဝင်ခြင်းမရှိသော အလုပ်သမားများကို ပြည်ဝင်ခွင့် ငါးနှစ်အထိ ပိတ်သိမ်းမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအစိုးရက ထုတ်ပြန်ထားသည်။

"အလုပ်သမားအချို့က work permit လုပ်မသွားဘူး။ သင်္ကြန်ပိတ်ရက်မှာ တရားမဝင် ထွက်ပေါက်ကနေ မြန်မာပြည်တွင်း ပြန်ဝင်လာကြတယ်။ အခု ရွှေ့ပြောင်းလုပ်သားတွေကို ပြန်လက်ခံဖို့ နှစ်နိုင်ငံ ညှိနှိုင်းနေတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းဝင်း ကပြောကြားသည်။

ရွှေ့ပြောင်းလုပ်သားများကို ပြန်လည်လက်ခံရန် မေ ၂ ရက်၌ မြန်မာနိုင်ငံအစိုးရမှ ထိုင်းနိုင်ငံအစိုးရထံ စာရေးသားပေးပို့ တောင်းဆိုထားသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားဝင်စေလွှတ်သည့် အလုပ်သမား သုံးသိန်းခန့်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲမှ သိရသည်။ ■

**ခင်မြတ်မြတ်ဝေ**

# ကန့်သတ်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များ MIC သို့ သတင်းပို့ရမည်

**ရန်ကုန်၊ မေ ၁၁**

ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်အရ ခွင့်ပြုမထားသော ကန့်သတ်လုပ်ငန်းများကို လုပ်ကိုင်နိုင်နေသည့် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) သို့ သတင်းပို့ အကြောင်းကြားရမည်ဖြစ်ကြောင်း ယင်းကော်မရှင်ထံမှ သိရသည်။

ယခင်ဥပဒေဟောင်းဖြင့် ခွင့်ပြုခဲ့သော လုပ်ငန်းအချို့သည် ယခုအခါ ကန့်သတ်လိုက်သောကြောင့် ယင်းကဲ့သို့ အကြောင်းကြားစေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံမှ သိရသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုရုံးများသို့ သတ်မှတ်ထားသည့် ပုံစံအတိုင်း ၂၀၁၉ ခုနှစ် မတ်လ ၂၉ ရက်နေ့ ကာလအတွင်း မပျက်မကွက် အကြောင်းကြားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများထုတ်လုပ်ခြင်း၊ နိုင်ငံတော်စာပို့တံဆိပ်ခေါင်းများ ထုတ်ဝေခြင်း၊ လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်လုပ်ငန်း၊ ရေကြောင်းပြလုပ်ငန်း၊ သစ်တောနယ်မြေများ စီမံခန့်ခွဲခြင်း၊ ယူရေနီယမ် ရေဒီယိုသတ္တိကြွများ စမ်းသပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားစနစ် ကွပ်ကဲခြင်းလုပ်ငန်းများကို ကန့်သတ်လုပ်ငန်းများအဖြစ် ထုတ်ပြန်ထားသည်။ ■ J-13

The VOICE Daily CARTOON



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## ကုသိုလ်လမ်းညွှန်

ရာသီဥတု ပူပြင်းခြောက်သွေ့လာမှုနဲ့အတူ သောက်ရေ သုံးရေ အခက်အခဲလည်း တစ်ပါတည်း ကြုံတွေ့ခံစားလာရမှုတွေ ဟိုဟိုဒီဒီတွေ့လာရပါပြီ။ ရေကုသိုလ်ပြုနိုင်ဖို့အတွက် မုံရွာခရိုင် ဆားလင်းကြီးဘက်မှာ အမှန်တကယ်ရေရှားပါး လိုအပ်နေတာမို့ပါဝင်လှူဒါန်းနိုင်ပါတယ်။ စုစုပေါင်း ကျပ် သိန်း ၈၀ ဝန်းကျင်လောက် ကုန်ကျမယ်လို့ သိရပြီး တစ်ဦးချင်း လှူဒါန်းလိုသူတွေရော တတ်အားသရွေ့ပါဝင်လှူဒါန်းလိုသူတွေပါ ဆက်သွယ်နိုင်ပါတယ်။ အသေးစိတ်သိလို ဆက်သွယ်လှူဒါန်းလိုတယ်ဆိုရင် မထက်ထက် ဖုန်း ၀၉ ၇၉၄၉၃၆၀၆၇ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■

## ဈေးဝယ်လမ်းညွှန်

### အသားဖြူဖြည့်စွက် အာဟာရ

အခုခေတ်ကာလကြီးမှာ လူတစ်ဦးရဲ့ အလှတရားတွေထဲမှာ အသားအရေဖြူစင် လှပ ကောင်းမွန်ခြင်းဟာလည်း အရေးပါတဲ့အချက်တစ်ခု ဖြစ်ပါတယ်။ အခုလို ပူပြင်းလှတဲ့ ရာသီဥတုမှာ လေထုထဲက အညစ်အကြေးတွေကြောင့် မိမိရဲ့အသားအရေက ခဏလေးအတွင်းမှာ ထိခိုက်ပျက်စီးမှုတွေ ရှိနေပါတယ်။ ဒါတွေကို ကြိုတင်ကာကွယ်မှု ပြုလုပ်ရာမှာ ထိထိရောက်ရောက် ကာကွယ်မှုတွေ ပြုလုပ်ပေးမယ့် FDA အသိအမှတ်ပြု အသားဖြူဖြည့်စွက်အာဟာရ Fair Plus+ ကိုညွှန်ပေးချင်ပါတယ်။

Fair Plus+ ကို သဘာဝ ဆေးဖက်ဝင်အပင်များမှ ထုတ်လုပ်ထားပြီး အသားအရေ ကြည်လင်စေဖို့အတွက် ဘေးထွက်ဆိုးကျိုးကင်းကင်းနဲ့ ထုတ်လုပ်ထားတာပဲ ဖြစ်ပါတယ်။ Fair Plus+ ဟာ အရေပြားကျန်းမာရေးအတွက် အထူးသင့်လျော်တယ်လို့ ဆိုပါတယ်။ Vitamin C ဟာ Collagen ဖြစ်စဉ်ကို အထူးကူညီထောက်ပံ့ပေးထားပြီး Aloe Vera နဲ့ Gibberellins ဟော်မုန်းနှစ်မျိုးဟာ အသားအရေကို ဝက်ခြံ၊ တင်းတိပ်၊ မဲ့ခြောက်နဲ့ အသားရောင်ရမ်းခြင်းကို ကာကွယ်ပေးကာ ဝက်ခြံကြောင့်ဖြစ်တဲ့ အမာရွတ်တွေကိုပြန်လည်ကုသပေးတယ်လို့ဆိုပါတယ်။

Fair Plus+ ကို အမျိုးသမီးများသာမက အမျိုးသားများလည်း သောက်သုံးနိုင်ပြီး တစ်ဘူးကို ဆေးအလုံးခြောက်ဆယ်ပါဝင်ပြီး အစာစားပြီးတဲ့ အချိန်တွေမှာ သောက်သုံးရမှာပဲ ဖြစ်ပါတယ်။ စိတ်ဝင်စားလို့ သောက်သုံးချင်တယ်ဆိုရင် City Market နဲ့ Ocean ရဲ့ Pharmacies ဆိုင်တွေမှာ တစ်ဘူးလျှင် ၂၉၀၀၀ ကျပ်နဲ့ ဝယ်ယူရရှိနိုင်တယ်လို့ သိရပါတယ်။ ■ J-05






**ကျွန်တော်**တို့နိုင်ငံရဲ့သမိုင်းကြောင်းကို လေ့လာကြည့်လိုက်ရင် အစိုးရလူကြီးတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ အကျင့်ပျက် လာဘ်စားလာကြတဲ့ကိစ္စဟာ လွတ်လပ်ရေးရခါစ ပါလီမန် ဒီမိုကရေစီခေတ်ကတည်းက စတင်အစပျိုးလာခဲ့ပြီး ယနေ့ထက်တိုင် နာတာရှည်ရောဂါတစ်ခုလို ပျောက်ကင်းအောင် ကုသဖို့ ခက်ခဲတဲ့ ကင်ဆာတစ်ခုလို အမြစ်တွယ် အတွင်းလှိုက်စားနေတယ်ဆိုတာ အားလုံးလက်ခံကြရမယ့် အကြောင်းအရာတစ်ခုလို့ ပြောလို့ရမယ်ထင်ပါတယ်။ ဒီလိုအကျင့်ပျက် လာဘ်စားမှုတွေဟာ ဘယ်လိုအစတည် သန္ဓေတည်ပေါက်ဖွားလာတယ်ဆိုတာကို သမိုင်းကြောင်းနဲ့ ချိပြီး ပြန်လည်တူးဖော်လို့ အခြေခံကျကျ လေ့လာကြည့်ကြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရပြီးခါစ ပါလီမန်ဒီမိုကရေစီခေတ်ကတည်းက ဝန်ကြီးချုပ်ဦးနုပြောခဲ့တာလေးကို အစချီပြီးပြောကြရမှာ ဖြစ်ပါတယ်။

အဲ့ဒီတုန်းက ဦးနုဦးဆောင်တဲ့ ဖဆပလပါတီအစိုးရအနေနဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တပ်မတော်ကို အာဏာမလွှဲမီမှာ ပြည်သူလူထုကို ဘယ်လိုပြောခဲ့သလဲဆိုတော့ "ကျွန်တော်တို့ ဖဆပလအဖွဲ့ရဲ့ဝန်ကြီးဌာနဆိုင်ရာအားလုံးမှာ အကျင့်ပျက်ခြစားမှုတွေ အခုဆို ဘယ်လောက်တောင် ကြီးစိုးနေပြီလဲဆိုရင် ခြစားခံထားရတဲ့ အိမ်ကြီးတစ်လုံးနဲ့တူပါတယ်၊ ဒီအိမ်ကြီးကို ဒီအတိုင်းထားလိုက်ရင်တော့ အချိန်မရွေးပြိုကျသွားနိုင်ပါတယ်" လို့ ပြောယူခဲ့ရတဲ့အထိ ရှိခဲ့ဖူးတာလေးကို ရှေ့မီနောက်မီသူများ မှတ်မိဖတ်မိကြဦးမယ် ထင်ပါတယ်။ ဝန်ကြီးချုပ်ဦးနုအနေနဲ့ ဒီအကျင့်ပျက်ခြစားမှုတွေကို သူ ဘယ်လိုမှ ကိုင်တွယ် မထိန်းချုပ်နိုင်တော့တဲ့အချိန် နောက်ဆုံးမှာတော့ ဒီလိုမိန့်ခွန်းကို တိုင်းပြည်ကို လူသိရှင်ကြားပြောကြားပြီး ဦးနေဝင်းဦးဆောင်တဲ့ အိမ်စောင့်အစိုးရထံကို အာဏာလွှဲပေးလိုက်တော့တာပဲ ဖြစ်ပါတယ်။ သူကိုယ်တိုင်လည်း ပြောခဲ့ဖူးတဲ့စကားတစ်ခွန်းရှိခဲ့ပါတယ်။ အဲ့ဒီစကားက ယနေ့ထက်ထိ ကျွန်တော်တို့ပြည်သူတွေအကြား ရေပန်းစားနေဆဲပါ။ ဒါကတော့ "ကျုပ် ဝန်ကြီးချုပ်ဘဝကထွက်တဲ့အခါ ကျုပ်ဆီမှာ အရင်ဝန်ကြီးချုပ်မဖြစ်ခင်ကပါလာတဲ့ ငွေတွေထက် တစ်ကျပ်တစ်ပြား ပိုပါသွားခဲ့ရင် ကျုပ်ကို သူခိုးလို့ဝိုင်းခေါ်ကြစမ်းပါ" လို့ဆိုတဲ့သမိုင်းဝင်စကားပဲ ဖြစ်ပါတယ်။

အဲ့ဒီမတိုင်မီမှာလည်း သူ ဦးဆောင်တဲ့ ဖဆပလအစိုးရအနေနဲ့လည်း ဌာနဆိုင်ရာအတွင်းမှာရော ဝန်ထမ်းတွေရော အစိုးရအဖွဲ့ဝန်ကြီးအကြီးအကဲတွေရော အကျင့်ပျက်ခြစားမှုတွေ မဖြစ်ပေါ်ရအောင် စသုံးလုံးလို အထူးအဖွဲ့တွေ ဖွဲ့စည်းထောက်လှမ်းစစ်ဆေးခဲ့ကြပေမယ့်လည်း နောက်ဆုံးမှာတော့ ဖွဲ့စည်းခဲ့တဲ့အဖွဲ့တွေကိုယ်တိုင်က ပါဝင်ကျူးလွန်ပေါင်းစားလို့ နိုင်ငံ့ဘဏ္ဍာတွေလည်းပြောင် နောက်ဆုံး အခွံ သာသာသာကျန်ရှိသွားတော့တာမို့ သူလည်း မတတ်သာခဲ့တော့ဘူးလို့ ဆိုခဲ့တာပါပဲ။

ဒီနောက်ပိုင်း ဌာနဆိုင်ရာဝန်ကြီးတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ အကျင့်ပျက်ခြစားမှုသမိုင်းကို ဆက်လက်တင်ပြရရင် ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက် နိုင်ငံ့စီးပွားရေးကဏ္ဍမှာပါဝင်တဲ့ စက်ရုံအလုပ်ရုံအားလုံးသိမ်းကျုံးသိမ်းလို့ ပြည်သူပိုင် လုပ်ဆောင်ခဲ့တဲ့အချိန်မှာလည်း ဒီအကျင့်ပျက်လာဘ်စားမှုက ပိုမိုလို့ပြင်းထန်ကာ ပါလီမန်ဒီမိုကရေစီခေတ်အစကနဦးထက်တောင် သန်မာထွားကျိုင်းခဲ့ပါသေးတယ်။ ဒီနောက်ပိုင်းမှာလည်း သမဝါယမခေတ်ကို ဖြတ်သန်းတဲ့ကာလကို လေ့လာကြည့်ကြလျှင်လည်း သူကလည်း ရွှေမန်းတင်မောင်ရဲ့ ဇာတ်သီချင်းထဲကလိုမျိုး ထိုနည်းလည်းကောင်း ထိုနည်းလည်းကောင်းလို့တောင် ပြောလို့ရမယ်ထင်ပါတယ်။ သူထက်ကဲလို့ နှစ်ဆလောက်တိုးခဲ့ပါတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ စက်ရုံအလုပ်ရုံတွေ ပြည်သူပိုင်သိမ်းချိန်မှာကစလို့ အကျင့်ပျက်ဝန်ထမ်းတွေ ဘယ်လိုလာဘ်စားခဲ့ကြတယ်ဆိုတာလေးလည်း ဖြစ်ခဲ့ဖူးတဲ့ အမှန်တကယ် ဖြစ်စဉ်လေးတစ်ခုကို ပြန်ပြောင်းပြောပြချင်ပါသေးတယ်။



အဲ့ဒီတုန်းက စက်ရုံတစ်ခုကို ပြည်သူပိုင်သိမ်းကြတဲ့အခါ လာသိမ်းတဲ့ အစိုးရဝန်ထမ်းအကြီးအကဲက စက်ရုံထဲရောက်လာချိန်မှာ သူ သိမ်းရမယ့်ပစ္စည်းတွေ ရေတွက်စစ်ဆေးရပါတယ်။ အဲ့လိုစစ်ဆေးတဲ့အချိန်မှာ စာရင်းထဲမပါဘဲ ပုံထားတဲ့စက်ပစ္စည်းအပုံတစ်ပုံကိုတွေ့လို့ မေးကြည့်တော့ အရင်ကရှိပြီးဖြစ်တဲ့ စက်ရုံဝန်ထမ်းငယ်လေးတွေက ဒီအပုံက အဟောင်းအပျက်တွေ အသုံးမဝင်တော့လို့ စုပုံထားတာဖြစ်ကြောင်းနဲ့ ဒီအပုံကိုတော့ စာရင်းထဲမသွင်းဖို့ ပြန်လည်တင်ပြကြတယ်လို့ ဆိုပါတယ်။ ဒီနောက်မှာ အဲ့စက်ရုံကို သိမ်းဆည်းဖို့ လာစစ်ဆေးတဲ့ အရာရှိကြီး ပြန်ချိန်လည်းရောက်ရော စောစောပိုင်းက အသုံးမဝင်ဘူးလို့ဆိုခဲ့ကြတဲ့ ပစ္စည်းအကောင်းအသစ်တွေ ပုံထားတဲ့ အပုံကြီးကို ဝယ်သူတွေ ဆင့်ခေါ်ပြီး သူခိုးဈေးနဲ့ရောင်းချလိုက်ကြတယ်တဲ့။ အဲ့နောက်မှာတော့ ရရှိလာတဲ့ငွေတွေကို စက်ရုံကဝန်ထမ်းတွေကလည်း အချိုးတွေချိုး ခွဲဝေယူကြသလို အစောပိုင်းကစစ်သွားတဲ့ အရာရှိကြီးကိုလည်း ဝေစုသွားပို့ကြရတယ်တဲ့။ သူ့ကိုပို့တဲ့ ဝေစုအချိုးကတော့ များမှာပေ့ါ။

ဒါက ဦးနေဝင်းလက်ထက်က တကယ့်အဖြစ်အပျက်ကလေးပါ။ ဆိုလိုချင်တာကတော့ စက်ရုံကို လာသိမ်းတဲ့အရာရှိအနေနဲ့ ဒီစက်ရုံရဲ့ ပညာရပ်ပိုင်းဆိုင်ရာတွေ သိရှိနားလည်ရမယ့် စက်ပစ္စည်းတွေရဲ့အရည်အသွေးကို မကျွမ်းကျင်သူဆိုတော့ ပုံထားတဲ့ပစ္စည်းတွေဟာ အကောင်းလား အဆိုးလား မခွဲခြားတတ်ခဲ့သလို နောက်ဒီအပုံက အကောင်းဆိုပေမယ့်လည်း အသုံးမဝင်ပါဘူးဆိုပြီး စာရင်းက ပယ်ဖျက်လို့ရတဲ့ အကျင့်ပျက် အောက်ခြေဝန်ထမ်းတွေရဲ့အကျင့်ကလည်း အဲ့ကတည်းက စခဲ့တာလို့ ပြောလို့ရမယ် ထင်ပါတယ်။ နောက်ပြီး သူခိုးဈေးနဲ့ရောင်းချလိုက်တဲ့အထဲက ရတဲ့ဝေစုကိုလည်း စစ်ဆေးခဲ့တဲ့ အရာရှိကိုယ်တိုင်ကလည်း လက်ခံရယူလို့ လာဘ်ပေးလာဘ်ယူစနစ်ကို စခဲ့တဲ့ ဇာတ်လမ်းတွေက အစပျိုးခဲ့ကြတာလို့ပဲ ပြောလို့ရမှာပါ။ ဒါဟာ အမှန်တကယ်တော့ နိုင်ငံပိုင်ပစ္စည်းတွေ အများပိုင်ပစ္စည်းတွေဟာ အကျင့်ပျက်ဝန်ထမ်းတွေကြောင့် အလဟဿ ဆုံးရှုံးသွားခဲ့ရတယ်လို့ ဆိုလိုချင်တာပါ။

အထက်ကတင်ပြခဲ့တဲ့ အကျင့်ပျက်မှုဖြစ်စဉ်တွေရဲ့နောက်ပိုင်း ကောင်စီခေတ်မှာလည်း ကျွန်တော်တို့ကြားခဲ့ရဖူးတဲ့ အောက်ခြေဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားလို့ မျှဝေခွဲယူသမျှတွေအပေါ်မှာ အထက်က စစ်ဆေးရေးလာတိုင်း သီးနှံစိုက်ခင်းတွေကအစ ခဏာတွင်းချင်းသီး ခဏာတွင်းချင်းအပင်ပေါက် ခဏာတွင်းချင်းပွင့် စင်ပေါ်ရောက်လို့ နေ့မြင် ညပျောက် ထုံးသုတ် အလံထူ ညှော့ခံကျွေးမွေး၊ အထက်လူကြီးတွေ ပြန်တော့ ဒေသထွက်ကုန်တွေ လက်ဆောင်ပေးစနစ်နဲ့ ဌာနတိုင်းလိုလိုမှာ အလိမ်အညာတွေချည်း စခန်းသွားခဲ့ကြတာ နှစ်ပေါင်းအတော်ပင် ကြာညောင်းခဲ့တာကိုလည်း အားလုံးသိပြီးခဲ့ကြမယ်ထင်ပါတယ်။

လာစစ်တဲ့ စာရင်းစစ်ကိုတော့ စာရင်းစစ်လို့ခေါ်ခဲ့ကြသလို မြေပြင်နဲ့အမှန်စာရင်း (Groung & Actual ) ကွဲလွဲချက်တွေကိုအချိုးကျအပေးအယူစနစ်တွေနဲ့ စခန်းသွားခဲ့ကြတာပါ။ ပေါင်းစားရင် အရိုးမစူးဘူး၊ ကျော်စားရင် အရိုးစူးမယ်လို့တောင် ဌာနဆိုင်ရာဝန်ထမ်းတွေ အချင်းချင်းကြား လက်ဝါးချင်းရိုက်လို့ စာရင်းစစ်နဲ့ စားရင်းသောက်ရင်းစစ်ဖဲအရှုံးခံရိုက် **ဟိုအဝို အကြိုက် ခေါ်ပေး၊ မာဆတ်နဲ့ KTVပြေး နောက်ဆုံး သူတို့ပြန်တော့ အထုပ်ပိုက်နဲ့** နောက်ဆုံးမှာတော့ ဂိုဒေါင်လည်းပြောင် အဆန်လည်းချောင်လို့ နိုင်ငံဘဏ္ဍာတွေပြောင်ပြီး ပြောင်လိမ် ပြောင်စားစနစ် ဖြစ်ခဲ့ကြတာ အားလုံးအသိတွေပါပဲ။

ဒီအကြောင်းအရာတွေဟာ စာထက်အက္ခရာတွေအပေါ်မှာ ပေါ်ပေါ်တင်တင် မရေး မပြော မတင်ခဲ့ကြပေမယ့် မြေပြင်မှာ အမှန်တွေဖြစ်ခဲ့ကြတာပါ။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုကြောင့် အများပြည်သူတွေအတွက် အကျိုးရှိအောင် ဆောင်ရွက်အကောင်အထည်ဖော်ရမယ့် လမ်းတံတားကွန်ရက်တွေ၊ ပညာရေး၊ ကျန်းမာရေးစီမံကိန်းတွေ၊ လယ်ယာဆည်မြောင်း သီးနှံမျိုးစေ့ မြေဩဇာတွေ စတဲ့အရာအားလုံးဟာ ဌာနဆိုင်ရာတွေက ဝန်ကြီးတွေ၊ အရာရှိကြီးတွေ၊ လက်အောက်က ဝန်ထမ်းငယ်လေးတွေရဲ့ လုပ်ပိုင်ခွင့်အဖြစ်ကို ပြောင်းလဲလို့ အပေးအယူ ပါမစ်စနစ်တွေနဲ့သာ ပြည်သူ့လက်ထဲ မရောက်ခဲ့ကြပါဘူး။ နိုင်ငံ့ဘဏ္ဍာအများစုဟာ ခရိုနီလက်ထဲသာရောက်လို့ ဒီနောက်ပိုင်းမှာတော့ ပြည်သူပိုင်ကနေ Private ပုဂ္ဂလိကပေး၊ ထိုမှတစ်ဆင့် Partnership ပြောင်း၊ အစိုးရဝန်ကြီးအာဏာရှင်ကြီးတွေနဲ့ မကင်းရာမကင်းကြောင်း သားသမီးမြေးမြစ်အပေါင်းကို အစုအစပ်လုပ်၊ နောက် ဆိုင်ရာဌာနက အရာရှိကြီးငယ် ဝန်ထမ်းနဲ့ ပေါင်းစားနဲ့ နောက်ဆုံးမှာတော့ တိုင်းပြည်လည်း ချူချူချာချာဘဝနဲ့ ရှိတဲ့သယံဇာတတွေလည်း ပြောင်ပြီး အကြွေးလည်ပင်းနစ်ခဲ့ရတော့တဲ့အထိပါပဲ။

မဆလခေတ်က နိုင်ငံတကာနဲ့ တံခါးပိတ်ဝါဒကျင့်သုံးပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့သမျှ နိုင်ငံ့အတွင်းက အဖိုးတန်ကျွန်းသစ်နဲ့ သစ်မာမှန်သမျှ သစ်တောထွက်ပစ္စည်းအစုံ၊ အဖိုးတန် ကမ္ဘာ့စံချိန်မီ ရှားပါးကျောက်မျက်ရတနာပေါင်းစုံ၊ သဘာဝဓာတ်ငွေ့ကစလို့ နိုင်ငံတော်ရဲ့ မြေပေါ်မြေအောက် သယံဇာတအားလုံးကို နိုင်ငံတော်သီချင်းထဲကလို တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ ဆိုတဲ့အတိုင်း ဌာနဆိုင်ရာဝန်ထမ်းအကြီးအကဲတွေ၊ အောက်ခြေဝန်ထမ်းတွေ ပေါင်းပြီး လက်သင့်ရာ ခရိုနီတစ်သိုက်နဲ့ မိတ်ဖက်ပြုလို့ ပါမစ်လိုင်စင်တွေ အသီးသီးချပေးခဲ့ကြပြီး ဆွမ်းကြီးဝိုင်းလောင်းလိုက်ကြတာ အခုဆိုရင် နောက်ဆုံးအထိ ဖားကန့်တစ်ဝိုက်က တောင်ကြောတွေဆိုရင် မြင်မကောင်းအောင်ကြားမကောင်းအောင်ကို ဖြစ်ခဲ့ရပါတော့တယ်။ နိုင်ငံ့အနေနဲ့ နောက်ဆုံးမှာတော့ အပျိုစင်စစ်စစ်လေးလည်း (မရိုသေ့စကားနဲ့ပြောရရင်) ဖတ်ဖတ်ကိုကြေသွားခဲ့တဲ့အပြင် ရုပ်ဆိုးပန်းဆိုးတွေဖြစ် အကြွေးတွေနစ်ပြီး သူ့ခေါင်းရင်းက ဆေးလိပ်တိုလေးတောင် ပါသွားရရှာတဲ့အဖြစ်လိုပဲ ကျွန်တော်တို့ နိုင်ငံ့အတွက် အတော်ကို ဝမ်းနည်းကြေကွဲပက်လက် ဖြစ်ခဲ့ရပါတယ်။

နိုင်ငံကိုဦးဆောင်ခဲ့တဲ့ အစိုးရလူကြီးမင်းတွေနဲ့ အပေါင်းအပါ ခရိုနီခရိုဝါတွေ၊ သူတို့ရဲ့ သားသမီးတစ်စုမြေးမြစ်တီတွတ်အထိ ကောင်းစားရေးဝါဒတွေကြားမှာ နိုင်ငံတော်ရဲ့သယံဇာတတွေလည်း ပြောင်တဲ့အပြင် ပြည်သူတွေအပိုင် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေတွေကိုတောင် ရန်ရှာလို့ ပြည်သူပိုင်မသိမ်းရုံတစ်မည် အပိုင်စီးခဲ့ကြတဲ့အထိ ကြီးမားတဲ့ အကျင့်ပျက် ခြစားမှုတွေ အမြစ်တွယ်ခဲ့ကြတယ်ဆိုတာကိုလည်း တွေ့ရှိကြရမှာပါ။ ဒါတွေကတော့ သမိုင်းကြောင်းနဲ့ချိပြီး ယနေ့အထိ ဖြစ်ပေါ်လာခဲ့တဲ့ နိုင်ငံတော် မတိုးတက်ရခြင်း၊ ပြည်သူတွေ ဆင်းရဲတွင်းနက်ရခြင်း၊ အလုပ်အကိုင် ရှားပါးခြင်း၊ ပညာရေး၊ ကျန်းမာရေးအခြေအနေတွေ နိမ့်ပါးခဲ့ရခြင်းတွေရဲ့ အခြေခံအကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်တော့ ဒီအကျင့်ပျက် လာဘ်စားခဲ့ကြခြင်းတွေကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အာဆီယံဒေသတွင်း ၁၀ နိုင်ငံမှာ နောက်ဆုံးအဆင့်ကို ရောက်ရှိခဲ့ကြရသလို လူငယ်တွေအများစု အလုပ်အကိုင်တွေရှားပါးပြီး တစ်နေ့တာဝင်ငွေတွေ နိမ့်ပါးခဲ့ရတယ်။ ဒီအတွက် အိမ်နီးချင်းနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ရှာဖွေစားသောက်ရင်း နိမ့်ပါးတဲ့ဘဝကို ရောက်ရှိခဲ့ရပါတော့မယ်။ ပညာရေး၊ ကျန်းမာရေး မြှင့်တင်စောင့်ရှောက်မှုတွေ နိမ့်ကျပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေလည်း အရာရာနောက်ကောက်ကျခဲ့ရသလို တိုင်းရင်းသားအချင်းချင်းလည်း ဒီရေမြေသယံဇာတတွေကြောင့် စိတ်ဝမ်းတွေကွဲပြီး ပြည်တွင်းစစ်ဟာလည်း နှစ်ပေါင်း ၇၀ နီးပါးတောင် ရှိလာနေခဲ့ပါပြီ။ ယနေ့အချိန်အခါမှာဆိုရင်လည်း ကြားနေရဆဲဖြစ်တဲ့ အကျင့်ပျက်ခြစားမှုသတင်းတွေဟာ ကြောက်ခမန်းလိလိ အနေအထားရှိနေဆဲပါ။ နိုင်ငံတော်ကို ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ငြိမ်းချမ်းရေးရဖို့နဲ့ ဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်ကြဖို့ဆိုရင် ဒီလိုနိုင်ငံ့ဘဏ္ဍာတွေကို အကျင့်ပျက်ခြစားမှုပြုကြတဲ့ကိစ္စကို အကြီးမားဆုံးသော အဖျက်အမှောင့် အန္တရာယ်ကြီးတစ်ခုအဖြစ် ရှုမြင်ကြရတော့မှာဖြစ်ပါကြောင်းနဲ့ ဒီအန္တရာယ်ဆိုးကြီးလက်က အမြန်လွတ်မြောက်ပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်တဲ့ လူမှုဝန်းကျင်အသိုင်းအဝိုင်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်ရေး ကျွန်တော်တို့ပြည်သူတွေအပေါင်းက ဝိုင်းဝန်းကာကွယ် တားဆီးကြပါစို့လို့ စိတ်ကောင်းစေတနာထားပြီး တိုက်တွန်းရေးသားလိုက်ရပါတယ်။

စာဖတ်သူအပေါင်း ချမ်းသာကိုယ်စိတ်မြဲကြပါစေ…

**အောင်ဇေယျ**

**လောက**ကြီးမှာ အကောင်းအဆိုး ဒွန်တွဲနေတတ်သလို လူတိုင်း နေရာတိုင်း ကိစ္စတိုင်းမှာ အကောင်း အဆိုး ဒွန်တွဲနေတတ်တာ ဓမ္မတာပဲလို့ ဆိုတတ်ကြပေမယ့် အကောင်း အဆိုးက ချိန်ခွင်လျှာမညီဘဲ တစ်ဖက်စောင်းနင်းဖြစ်တဲ့အခါ (အထူး သဖြင့် အဆိုးဘက်ကို တစ်ဖက်စောင်းနင်း ဖြစ်သွားတဲ့အခါမှာ) အန္တရာယ် ရှိပါတယ်။ **အဲဒီအကောင်းအဆိုး ဒွန်မ**တွဲဘဲ ချိန်ခွင်လျှာမညီဘဲ အဆိုး ဘက်ကို တစ်ဖက်စောင်းနင်းဖြစ်လာတဲ့ နေရာတစ်ခုကတော့ မြန်မာ နိုင်ငံမှာ အသုံးပြုမှု တစ်ဟုန်ထိုးမြင့်တက်လာတဲ့ လူမှုကွန်ရက်တစ်ခု ဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်ပဲ ဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ခ်ကို မြန်မာနိုင်ငံမှာ အသုံး ပြုတာ ဆယ်စုနှစ်မကကြာပြီဖြစ်ပေမယ့် အသုံးပြုမှု တစ်ဟုန်ထိုးမြင့်တက် ခဲ့တာကတော့ ဖုန်းတွေ လူတိုင်းနီးပါး ကိုင်နိုင်လာပြီး ဖေ့စ်ဘွတ်ခ် အကောင့်တွေ လွယ်လွယ်ကူကူ ဖွင့်လာနိုင်တာက စတာ ဖြစ်တဲ့အတွက် အချိန်ကာလအနေနဲ့ နှစ်ပိုင်းပဲရှိသေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အသုံးပြုမှု တစ်ဟုန်ထိုးတက်လာတဲ့ နှစ်ပိုင်းအတွင်း ဖေ့စ်ဘွတ်ခ်ရဲ့ အကောင်းအဆိုးကိုပြန်ကြည့်ရင် အကောင်းအဆိုးဒွန်တွဲတာ နည်းပြီး ချိန်ခွင်လျှာမညီဘဲ အဆိုးဘက် တစ်ဖက်စောင်းနင်းဖြစ်နေတာကို ယနေ့ ဖြစ်ပေါ်နေတဲ့ပြဿနာတွေကြည့်ရင် သိနိုင်ပါတယ်။ တကယ်တော့ ဖေ့စ်ဘွတ်ခ်ဟာ ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအသင်း အချင်းချင်း အချိန်နဲ့တစ်ပြေးညီ ထိတွေ့ဆက်ဆံလို့ရတဲ့ ကောင်းမွန်တဲ့ပလက်ဖောင်း တစ်ခုအဖြစ် ရည်ရွယ်ပေမယ့် မြန်မာနိုင်ငံမှာတော့ အဲဒီရည်ရွယ်ချက်က မှေးမှိန်သလောက်ဖြစ်နေပြီး အများစုက မကောင်းသဖြင့် အသုံးချတဲ့အတွက် ကြာလာတာနဲ့အမျှ လူကိုသေစေနိုင်တဲ့ ဘဝပျက်နိုင်တဲ့ အချိန်မရွေးဒုက္ခ ပေးနိုင်တဲ့ ကူးစက်ရောဂါပိုးမွှားတွေ အမျိုးမျိုးရှိနေပြီး မကောင်းတဲ့အနံ့ အသက်တွေ ထွက်နေတဲ့ အမှိုက်ပုံကြီးတစ်ခုပမာ ဖြစ်လာပါတယ်။

### နိုင်ငံရေးချိန်ခွင်လျှာ

အဲဒီအမှိုက်ပုံကြီးထဲမှာ အဆိုးဝါးဆုံးနဲ့ လူအများကိုဒုက္ခအပေးနိုင် ဆုံး ကူးစက်ရောဂါပိုးမွှားကတော့ နိုင်ငံရေးပိုးမွှားပါ။ ဖေ့စ်ဘွတ်ခ်ပေါ် အချိန်မရွေးတက်ကြည့်လိုက်ရင် အများဆုံးတွေ့ရတတ်တာကတော့ မိတ်ဆွေ အပေါင်းအသင်းအချင်းချင်း အပြန်အလှန် ကူးလူးဆက်သွယ်ဝေမျှတဲ့ ပို့စ်တွေထက် လူအများကို အချိန်မရွေး ကူးစက်ဒုက္ခပေးနိုင်တဲ့ ပိုးမွှားနဲ့ တူတဲ့ နိုင်ငံရေးရည်ရွယ်ချက်နဲ့ ဘာသာရေး၊ လူမျိုးရေးအပါအဝင် အမည် အမျိုးမျိုးခံပြီး အမုန်းစကားတွေဖြန့်၊ လုံ့ဆော်ဝါဒဖြန့်၊ ဘေးတီး ကောလာ ဟလဖြန့်၊ လုပ်ကြံဖန်တီး ဖြတ်ညှပ်ကပ်လုပ်ထားတဲ့သတင်းတွေ၊ အကြောင်း အရာပို့စ်တွေပဲ ဖြစ်ပါတယ်။ အဲဒီတင်တဲ့သူတွေ ကြည့်လိုက်ရင်လည်း အကောင့်အစစ်နဲ့သုံးတဲ့သူနည်းပြီး ဘယ်သူဘယ်ဝါမှန်းမသိရတဲ့အကောင့်တု တွေများပါတယ်။ အကြောင်းအရာတစ်ခုကို တင်ပြီဆိုရင်လည်း ဇာတ်တိုက် ထားသလို အုပ်စုပုံစံတစ်ပုံစံတည်း တစ်ချိန်တည်းလိုလို အကောင့်အမျိုး မျိုး၊ Page အမျိုးမျိုး၊ Group အမျိုးမျိုး၊ မီဒီယာအမည်ခံ သတင်း Page အမျိုးမျိုးကတစ်ဆင့် ပိုးမွှားတွေဖြန့်သလိုမျိုး လှုံ့ဆော် ဘေးတီး ကောလာ ဟလဖြန့် လုပ်ကြံဖန်တီးလေ့ ရှိပါတယ်။ အဲဒီလိုဖြန့်လာတဲ့အခါမှာလည်း အသုံးပြုတာ ဆယ်စုနှစ်မကကြာပေမယ့် တစ်ဟုန်ထိုး အသုံးပြုမှုက နှစ်ပိုင်း ပဲရှိသေးတဲ့အတွက် လူအနည်းစုသာလွတ်ပြီး အများစုကတော့ သူတို့ဆင်တဲ့ အကွက်ထဲဝင်ပြီး ယုံယုံကြည်ကြည် လက်ခံဖြန့်တဲ့အတွက် ပိုပြီးကူးစက် မြန်သွားပြီး မလိုလားအပ်တဲ့ နိုင်ငံရေးပြဿနာတွေ၊ ဘာသာရေး၊ လူမျိုးရေး အသွင်ဆောင်ပြဿနာတွေ၊ ပဋိပက္ခတွေ အများအပြားဖြစ်လာပါတယ်။ ယခုရက်ပိုင်းအတွင်းမှာပဲ နိုင်ငံရေးမတည်မငြိမ်ဖြစ်စေမယ့် သတင်းအမျိုးမျိုး နဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလို ကောလာဟလတွေ ဖေ့စ်ဘွတ်ခ် ကတစ်ဆင့် ပျံ့နှံ့လာတဲ့အတွက် လူအများ စိုးရိမ်ပူပန်မှုမြင့်တက်ခဲ့ပြီး သက်ဆိုင်ရာက ကောလာဟလဖြစ်ကြောင်း အချိန်မီအသိပေးလို့ အလွန် အကျွံ နိုင်ငံရေး မတည်မငြိမ်တဲ့အဆင့်ထိ မရောက်ခဲ့ပေမယ့် အများစု ကတော့ ကောလာဟလဆိုပေမယ့် တကယ်ဖြစ်တတ်တယ်ဆိုပြီး လက် မခံချင်တဲ့သဘောမျိုးရှိနေတဲ့အတွက် မကောင်းသဖြင့် ဖြန့်တဲ့သူတွေရဲ့ အန္တရာယ် ဘယ်လောက်အတိုင်းအတာအထိ ကြီးသလဲ သိနိုင်သလိုဖေ့စ်ဘွတ်ခ် ရဲ့အဆိုးဘက်ကို တစ်ဖက်စောင်းနင်းဖြစ်သွားတဲ့ အခြေအနေကိုလည်း လှစ်ပြနေသလိုပါပဲ။

> **အဲဒီလို ဖေ့စ်ဘွတ်ခ်ရဲ့ ချိန်ခွင်လျှာမညီဘဲ တစ်ဖက်စောင်းနင်း ဖြစ်လာတာတွေနဲ့ပတ်သက်ပြီး တတ်သိပညာရှင်တွေက တတ်နိုင်သလောက် ကြိုးစားနေတာတွေရှိပေမယ့် အခုအချိန်ထိ အဆိုးနဲ့အကောင်း အားပြိုင်ရင် အဆိုးဘက်ကပဲ အမြဲအသာစီးရနေတဲ့ ချိန်ခွင် တစ်ဖက်စောင်းနင်းအနေအထားမျိုး ဖြစ်နေသေးတာကလည်း လူ့အဖွဲ့အစည်းအတွက် စိုးရိမ်စရာဖြစ်ပါတယ်။**




### လူမှုရေးချိန်ခွင်လျှာ

နောက်ထပ်ဖေ့စ်ဘွတ်ခ်က အန္တရာယ်အပေးနိုင်ဆုံး ပိုးမွှားတစ်ခု ကတော့ လူမှုရေးပိုးမွှားပါ။ ယနေ့အချိန်မှာ အဖြစ်များလာတဲ့ လူသတ်မှု၊ အချစ်ရေး အိမ်ထောင်ရေးဖောက်ပြန်မှု၊ ဖြားယောင်းသွေးဆောင်မှု၊ မုဒိမ်းမှု၊ လူကုန်ကူးမှု စတဲ့ လူမှုပြဿနာတွေကြည့်လိုက်ရင်လည်း ဖေ့စ် ဘွတ်ခ်ကစတဲ့ပြဿနာတွေ ပါဝင်နေတာတွေ့ရမှာပါ။

လူပေါင်းစုံစုဝေးရာ ပလက်ဖောင်းတစ်ခု နေရာတစ်ခုဖြစ်တဲ့အတွက် ဒုစရိုက်သမားတွေ၊ မုဆိုးတွေကလည်း သူတို့ရဲ့သားကောင်ကို အလွယ် တကူရှာလို့ရတဲ့နေရာတစ်ခု ဖြစ်လာပါတယ်။ မုဆိုးတွေဟာ ကျေးလက် ဒေသ မြို့ရွာမကျန် နေရာအသီးသီးက မသိနားမလည်သူတွေ၊ မှန်မှန် ကန်ကန် စဉ်းစားတွေးခေါ်နိုင်မှု ရေချိန်နည်းတဲ့သူတွေကို သူတို့ရဲ့ပစ်မှတ် သားကောင်လို သဘောထားပြီး ဖေ့စ်ဘွတ်ခ်မှာ အမဲလိုက်သလိုရှာကြပါ တယ်။ အုပ်ထိန်းသူက သေချာနည်းမှန်လမ်းမှန် သွန်သင်မထိန်းကျောင်း နိုင်တဲ့ လူငယ်အများစုဟာ ဖေ့စ်ဘွတ်ခ်ကို သူတို့ရဲ့ကမ္ဘာကြီးတစ်ခုလို ထင်ယောင်ပြီး သုံးနေရာကနေ မုဆိုးတွေရဲ့သွေးဆောင်ဖြားယောင်းမှုကို ခံရပြီးသားကောင်ဖြစ်သွားရတဲ့ စိတ်မချမ်းမြေ့ဖွယ် အဖြစ်အပျက်တွေ ဟာလည်း ဖေ့စ်ဘွတ်ခ်ရဲ့ ချိန်ခွင်လျှာမညီဘဲ မကောင်းတဲ့ဘက်ကို တစ် ဖက်စောင်းနင်းဖြစ်နေတဲ့ အခြေအနေကို ပြနေပါတယ်။

အဲဒီလိုပဲ ဖေ့စ်ဘွတ်ခ်မှာ နောက်ထပ်အဖြစ်များနေတဲ့ လူမှုပြဿနာ တစ်ခုကတော့ ငြင်းခုံရန်ဖြစ် သွေးကွဲတဲ့ပြဿနာပါပဲ။ အကြောင်းအရာ တစ်ခု ကိစ္စတစ်ခု သတင်းတစ်ခုဖြစ်လာတာနဲ့ ဖေ့စ်ဘွတ်ခ်မှာ အပြန်အလှန် အငြင်းပွားရန်ဖြစ်ကြရာကနေ လူမှုဆက်ဆံရေး ပျက်ယွင်းတဲ့အထိ သွေးကွဲ ကြတာတွေကလည်း အဆိုးအကောင်း ချိန်ခွင်လျှာမညီဘဲ တစ်ဖက်စောင်း နင်းဖြစ်တဲ့ပြဿနာတစ်ခုပါပဲ။ လောလောလတ်လတ်လေးမှာတင် လေဆိပ် မှာ ကိုရီးယားကေပေ့ါ်အဖွဲ့ဖြစ်တဲ့ Exo ပရိသတ်မိန်းကလေးတွေ ငိုယို ကြတဲ့ဖြစ်စဉ်အပေါ် အကြောင်းပြုပြီး အပြန်အလှန် လှောင်ပြောင်ငြင်းခုံ ရန်ဖြစ်ပြီး ခင်မင်မှုဆက်ဆံရေး ပျက်ယွင်းတဲ့အထိ ဖြစ်ကုန်ကြတဲ့သာဓက မျိုးတွေဟာ ဖေ့စ်ဘွတ်ခ်မှာ မကြာခဏဆိုသလို ဖြစ်လာတဲ့ အကွဲအပြဲ ဇာတ်လမ်းတစ်ပုဒ်လို ဖြစ်လာတာကလည်း ချိန်ခွင်လျှာမညီတဲ့ ပြယုဂ် တစ်ခုပါပဲ။ နောက်ထပ် နည်းတယ်ဆိုပေမယ့် မကြာခဏဖြစ်တတ်တဲ့ ဖြစ်စဉ် တစ်ခုကတော့ မိတ်ဆွေအပေါင်းအသင်း သမီးရည်းစား အိမ်ထောင်ရေး မိသားစုရေးကအစ လုပ်ငန်းခွင်ပြဿနာအဆုံး လူမှုပြဿနာတစ်ခုခုဖြစ် တာနဲ့ ကိုယ့်ကိုယ်ကိုယ်ဖော်ပြီး သူတစ်ပါးသိက္ခာချဖို့ ရည်ရွယ်ပြီး အပြန် အလှန်ရင်ဖွင့်ကြ စောင်းမြောင်းကြပေမယ့် ကိုယ့်အထုပ်ကိုယ်ဖြေပြသလို ဖြစ်သွားတဲ့ ဓာတ်ပုံဗီဒီယိုစာသားပို့စ်တွေကို လူပေါင်းစုံ လူစိမ်းပေါင်းစုံ ရှိနေတဲ့ ပလက်ဖောင်းပေါ်တင်ရာကနေ နှစ်ဖက် အကျယ်အကျယ်ဖြစ် သွားတဲ့ လူမှုပြဿနာဖြစ်စဉ်တွေဟာလည်း ချိန်ခွင်လျှာမညီတဲ့ တစ်ဖက် စောင်းနင်းကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။

### စီးပွားရေးချိန်ခွင်လျှာ

ဖေ့စ်ဘွတ်ခ်မှာ နောက်ထပ် အပြုသဘောဆောင်တဲ့ ကောင်းတဲ့ သဘောလို့ထင်ရပေမယ့် ချိန်ခွင်လျှာ တစ်ဖက်စောင်းနင်းဖြစ်နေတာက တော့ စီးပွားရေးပိုးမွှားပါ။ လူပေါင်းစုံနဲ့ လူအများဆုံးရှိနေတဲ့နေရာတစ်ခု ဖြစ်တဲ့အတွက် စီးပွားရှာတဲ့သူတွေအတွက်လည်း ငွေရှာလို့ကောင်းတဲ့ နေရာတစ်ခုဖြစ်လာတာကတော့ ဖေ့စ်ဘွတ်ခ်ပါ။ တကယ်တော့ ဖေ့စ်ဘွတ်ခ် ကိုယ်တိုင်ကလည်း စီးပွားရှာတဲ့လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လာတဲ့အတွက် စီးပွားရှာတာ မဆန်းဘူးလို့ဆိုနိုင်ပေမယ့် မိတ်ဆွေအပေါင်းအသင်းချင်း ဆက်သွယ်ဖို့နဲ့ အပျော်သဘောသုံးတဲ့သူတွေအတွက် စီးပွားရှာတဲ့ပို့စ်တွေ ဟာ အနှောင့်အယှက် အလွန်အကျွံဖြစ်လာသလို လူတွေရဲ့အသိပညာ အားနည်းမှုကို အခွင့်ကောင်းယူပြီး လုပ်ကြံပြီး လွန်လွန်ကဲကဲဆွဲဆောင် ကြော်ငြာမှုတွေနဲ့ တာဝန်ယူမှု တာဝန်ခံမှုမရှိတဲ့ ဖြစ်စဉ်တွေကြောင့် နစ်နာမှု တွေဟာလည်း တစ်ဖက်စောင်းနင်းဖြစ်စဉ်တစ်ခုပဲ ဖြစ်ပါတယ်။ အထူး သဖြင့် မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်နိုင်မှု အားနည်းတဲ့ လူငယ်အများ အပြားရှိနေတဲ့နေရာမှာ ငွေရဖို့တစ်ခုတည်းကြည့်ပြီး လူငယ်တွေနဲ့ မအပ် စပ်တာတွေကို လူငယ်တွေသုံးပြီး စွဲလာအောင် ဆွဲဆောင်နေတဲ့ပို့စ်တွေ ဟာ လူငယ်တွေအတွက် ဘေးဖြစ်စေတဲ့ တစ်ဖက်စောင်းနင်းဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။

### အသိပညာချိန်ခွင်လျှာ

ဖေ့စ်ဘွတ်ခ်မှာ နောက်ဆုံးအတွေ့များဆုံးနဲ့ အန္တရာယ်အပေးနိုင်ဆုံး ကတော့ အသိပညာချိန်ခွင်လျှာ မညီမှုဘဲ ဖြစ်ပါတယ်။ ဖေ့စ်ဘွတ်ခ်မှာ အသိပညာရေချိန်နိမ့်တဲ့သူတွေ၊ မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်နိုင်မှု အားနည်းတဲ့သူတွေ၊ အကောင်းအဆိုး အမှန်အမှား မှန်မှန်ကန်ကန်ခွဲခြား သိမြင် သုံးသပ်အသုံးချနိုင်မှု နည်းတဲ့သူတွေများတဲ့အတွက် တွေ့သမျှပို့စ် ကို အမှန်အမှား အဆိုးအကောင်း မခွဲခြားနိုင်ဘဲ အဟုတ်ထင်မှတ် လက်ခံ ရုံသာမက အများနဲ့ပါ အပြန်အလှန်ဝေမျှနေတဲ့ ပြဿနာတစ်ခုကလည်း နောင်တစ်ချိန် လူကြီးဖြစ်လာမယ့် တိုင်းပြည်ရဲ့အနာဂတ်ဖြစ်တဲ့ လူငယ် တွေရဲ့ခေါင်းထဲကို အမှိုက်တွေ အလွယ်တကူရောက်စေတဲ့ အန္တရာယ်တစ်ခု ပါပဲ။ ဖေ့စ်ဘွတ်မှာ Like, Share, Follower များ Friend များလို့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိတ်ပညာလို ပညာရပ် ဆိုင်ရာအကြောင်းအရာတွေကိုပါ သေချာလေ့လာ တတ်ကျွမ်းနားလည်မှု မရှိဘဲ Like များ ရှယ်များဖို့၊ လူကြိုက်များပြီး Cele ဖြစ်ဖို့ စိတ်ထင် ရာတွေတင်ပြီး ဖြန့်ဝေနေမှုဟာ တတ်သိနားလည်ပြီးသားလူတွေအတွက် ပြဿနာမရှိပေမယ့် မသိနားမလည်ဘဲ မှန်မှန်ကန်ကန် ဝေဖန်ချင့်ချိန်နိုင် မှုမရှိတဲ့သူတွေအတွက်တော့ ခေါင်းထဲအမှိုက်တွေရောက်သလို ဖြစ်သွား နိုင်တာကလည်း စေ့စေ့တွေးလေ အန္တရာယ်ကြီးတဲ့ ချိန်ခွင်လျှာမညီတဲ့ ပြဿနာတစ်ခုပါပဲ။

### အဖြေရှာရမယ့်ပုစ္ဆာ

အဲဒီလို ဖေ့စ်ဘွတ်ခ်ရဲ့ချိန်ခွင်လျှာမညီဘဲ တစ်ဖက်စောင်းနင်းဖြစ်လာ တာတွေနဲ့ပတ်သက်ပြီး တတ်သိပညာရှင်တွေက တတ်နိုင်သလောက် ကြိုးစားနေတာတွေရှိပေမယ့် အခုအချိန်ထိ အဆိုးနဲ့အကောင်း အားပြိုင် ရင် အဆိုးဘက်ကပဲ အမြဲအသာစီးရနေတဲ့ ချိန်ခွင်တစ်ဖက်စောင်းနင်း အနေအထားမျိုး ဖြစ်နေသေးတာကလည်း လူ့အဖွဲ့အစည်းအတွက် စိုးရိမ် စရာဖြစ်ပါတယ်။

ဖေ့စ်ဘွတ်ခ်ရဲ့ဆိုးကျိုးတွေရှိလို့ အချို့နိုင်ငံတွေမှာ အကန့်အသတ် တွေနဲ့ သုံးခွင့်ပြုတာ၊ အချို့က လုံးဝပိတ်ပစ်တာတွေရှိသလို ဖွံ့ဖြိုးပြီးနိုင်ငံ တွေနဲ့ လူတွေရဲ့အသိပညာရေချိန်မြင့်ပြီး ဖေ့စ်ဘွတ်ခ်သုံးတာ အသားကျ ပြီးသား တိုးတက်ပြီးသားနိုင်ငံတွေမှာ ဖေ့စ်ဘွတ်ခ်ကို မကောင်းသဖြင့် သုံးတာရှိပေမယ့် ချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်တာ နည်းပါတယ်။ ဒါပေမဲ့ အဘက်ဘက်ကနိမ့်ကျခဲ့ပြီး ဒီမိုကရေစီစနစ်ဖော်ဆောင်ကာ ဖွံ့ဖြိုးတိုးတက် ဖို့ အားယူနေရတဲ့နိုင်ငံတစ်ခုအတွက်ကတော့ အတိမ်းအစောင်း ဖြစ်အောင် အချိန်မရွေး ဖန်တီးနိုင်ပြီး ချိန်ခွင်လျှာမညီဖြစ်နေတဲ့ ဖေ့စ်ဘွတ်ခ်ဟာ အချိန် မနှောင်းခင် အဖြေရှာရတော့မယ့် ပုစ္ဆာတစ်ခု ဖြစ်လာပါကြောင်း အချက်ပေး ခေါင်းလောင်း ထိုးလိုက်ရပါတယ်။

**ဖြိုးဝေ (မဟာဝိဇ္ဇာ)**

# ရှေ့ကင်မရာ နှစ်လုံးပါဝင်သည့် OPPO F3 စမတ်ဖုန်းသစ် မေလ ၁၃ ရက်တွင် စတင်ရောင်းချမည်

**ရန်ကုန်၊ မေ ၁၁**

OPPO က အသစ်မိတ်ဆက်ပေးထားသည့် OPPO F3 စမတ်ဖုန်းသစ်ကို လာမည့် မေလ ၁၃ ရက်တွင် ရန်ကုန်မြို့ရှိ Junction Square နှင့် မန္တလေးမြို့ရှိ Skywalk Shopping Mall တို့တွင် အခမ်းအနားများနှင့်အတူ ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် တစ်နိုင်ငံလုံးရှိ OPPO အရောင်းဆိုင်များတွင်လည်း OPPO F3ဖုန်းကို စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ Junction Square တွင် မွန်းလွဲ ၁ နာရီမှာ ညနေ ၄ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မန္တလေးမြို့ရှိ Skywalk Shopping Mall တွင်မူ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်သည်။

OPPO F3 ဖုန်းကို မေလ ၅ ရက်မှ ၁၁ ရက်အထိ Pre-order ကြိုတင်မှာယူသူများအနေနှင့် မြန်မာကျပ် ၉၈,၀၀၀ တန်ဖိုးရှိ Wireless Bluetooth Headphone နှင့် အရည်အသွေးမြင့် OPPO Selfie Stick တို့ကို အဆိုပါ ရောင်းချသည့်အခမ်းအနားတွင် တစ်ပါတည်းထုတ်ယူရရှိမည်ဖြစ်ပြီး Pre-order မမှာယူဖြစ်ခဲ့သည့်ဝယ်ယူသူများအနေနှင့်လည်း အခြားသီးသန့် လက်ဆောင်အဖြစ် အရည်အသွေးမြင့် iLike Power Bank နှင့် Ollie Speaker တို့ကို ရယူနိုင်မည်ဖြစ်သည်။

OPPO F3 ဖုန်းမှာ မျက်နှာပြင် ၅ ဒသမ ၅ လက်မအကျယ်ရှိ Full HD In-Cell Display အမျိုးအစားကိုအသုံးပြုထားပြီး မျက်နှာပြင်အကြမ်းခံစေရန် Corning Gorilla Glass 5 ဖြင့် ဖုံးအုပ်ကာကွယ်ပေးထားသည်။

4G Sim ကတ် ၂ကတ်ကို တစ်ပြိုင်တည်း ထည့်သွင်းအသုံးပြုနိုင်သလို 128GB အထိ ထောက်ပံ့ပေးထားသော SD ကတ်ကိုလည်း ထပ်မံစိုက်ထည့်အသုံးပြုနိုင်မည်ဖြစ်သည်။

OPPO F3 တွင်အထူးခြားဆုံးအရာမှာ Dual Selfie Camera နည်းပညာဖြစ်ပြီး ပုံမှန် Selfie Camera များက ပေးစွမ်းသည့်မြင်ကွင်းအကျယ်ထက် ၂ဆပိုမိုကျယ်ဝန်းသည့် Double View Group Selfie Camera စနစ်ကိုပါ ထည့်သွင်းပေးထား၍ နောက်ခံမြင်ကွင်းကျယ်နှင့် အဖွဲ့လိုက် Selfie ပုံများကို စိတ်တိုင်းကျရိုက်ယူနိုင်စေမည်ဖြစ်သည်။

OPPO F3 ၏ Dual Selfie Camera မှာ 16MP နှင့် 8MP ကင်မရာ ၂ လုံးကို ပေါင်းစပ်ပေးထားခြင်းဖြစ်ပြီး နောက်ကင်မရာမှာ အလင်းဝင်မှုပိုမိုအားကောင်းသည့် 13MP ကင်မရာအမျိုးအစားကိုတပ်ဆင်ပေးထားသည်။

စွမ်းဆောင်မှုအပိုင်းအတွက် Octa-core အမျိုးအစား 1.5GHz CPU နှင့်အတူ RAM 4GB နှင့် ROM 64GB တို့ကိုထည့်သွင်းပေးထားသည်။

OPPO F3 ကို ဈေးနှုန်း ၄၁၉,၀၀၀ ကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် ရွှေရောင်တစ်မျိုးတည်းကိုသာ ထုတ်လုပ်ပေးထားသည်။ ■

# တစ်လအတွင်း မူဆယ်နယ်စပ်မှ ဆိုင်ကယ်အစီးရေ ကိုးသောင်းခွဲနီးပါး တင်သွင်း

**ရန်ကုန်၊ မေ ၁၁**

မူဆယ် ၁၀၅ မိုင်မှတစ်ဆင့် မော်တော်ဆိုင်ကယ်တင်သွင်းခြင်းသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ တရားဝင်လိုင်စင်ရရှိမည်ဖြစ်၍ ပြေတစ်လအတွင်း အစီးရေ ကိုးသောင်းခွဲနီးပါး တင်သွင်းကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

အဆိုပါတင်သွင်းမှုကြောင့် ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀ ကျော်ရရှိကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

ယင်းကဲ့သို့ ဆိုင်ကယ်တင်သွင်းခွင့်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့မှ စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး မတ်လကုန်အထိ (ခြောက်လအတွင်း) အစီးရေနှစ်သိန်းခုနစ်သောင်းကျော် တင်သွင်းခဲ့ကာ ဝင်ငွေဒေါ်လာ ၈၉ သန်းကျော်ရရှိခဲ့ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

တရုတ်နိုင်ငံမှ လက်ရှိ Kenbo၊ Canda၊ Toyomax၊ Taryan၊ Loujia၊ Follow me၊ Sha Yan၊ Dayang နှင့် New Zhineng အစရှိသည့် ဆိုင်ကယ်အမျိုးအစားများကို အများဆုံးတင်သွင်းလျက်ရှိကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်ထံမှ သိရသည်။

မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်ဆိုင်ကယ်များ တင်သွင်းပါက အစိုးရသို့ တစ်စီးလျှင် ကျပ်လေးသောင်းမှ ရှစ်သောင်းအထိ ပေးဆောင်ရမည်ဖြစ်ပြီး မော်တော်ဆိုင်ကယ်လိုင်စင်လျှောက်ထားရာတွင် ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်၊ အကောက်ခွန်မှ သွင်းကုန်ကြေညာလွှာ (ID)၊ အမှန်တင်သွင်း စစ်ဆေးချက် (Note Down)တို့နှင့် အတူ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့ရှိ ကညနရုံးများတွင် မော်တော်ဆိုင်ကယ် ကနဦးလိုင်စင်ကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်း စီးပွား/ကူးသန်းထံမှ သိရသည်။ ■ S-04

# မိဘမဲ့ဂေဟာများသို့ ခရီးသွားများ ခေါ်ယူခြင်းကို တားမြစ်သင့်ဟု MCRB သုတေသနစာတမ်း ဖော်ပြ

**ရန်ကုန်၊ မေ ၁၁**

ပြည်တွင်း ခရီးသွားလုပ်ငန်းများက ကမ္ဘာလှည့်ခရီးသွားများကို မိဘမဲ့ဂေဟာများသို့ ခေါ်ယူနေခြင်းအပေါ် တားမြစ်သင့်ကြောင်း မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေး အထောက်အကူပြုဌာန (MCRB) ၏ သုတေသနစာတမ်းတွင် ဖော်ပြထားသည်။

ကမ္ဘာလှည့် ခရီးသွားများသည် မြန်မာနိုင်ငံရှိမိဘမဲ့ဂေဟာများ (သို့မဟုတ်) ဘုန်းကြီးကျောင်း/ အလှူခံကျောင်းများထဲမှ တစ်နေရာရာသို့ သွားရောက်လည်ပတ်ခြင်း၊ ကလေးသူငယ်များရှိသောနေရာများတွင် လုပ်အားပေးခြင်းများက အနုတ်သဘောဆောင်သည့် မကောင်းသော သက်ရောက်မှုများရှိကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားသည်။

“ဒီလိုမျိုးတွေခေါ်လာတာဟာ မရိုးသားတဲ့သူတွေအတွက် မိဘမဲ့ဂေဟာကိုအကြောင်းပြုပြီး အလှူငွေတွေ ကောက်ခံနိုင်တယ်။ ကလေးမုဒိမ်းသမားတွေရဲ့အာရုံစိုက်မှုခံရနိုင်တယ်။ နောက်ပြီး ဘုန်းကြီးကျောင်းတွေမှာ လုပ်အားပေးလုပ်နေတဲ့ နိုင်ငံခြားသားတွေမှာ နောက်ခံအကြောင်းကို သိနိုင်တဲ့ အထောက်အထားတွေ အများစုမှာမရှိကြဘူး” ဟု MCRB ၏ ပြန်ကြားရေးအရာရှိ ဒေါ်ဖြူဖြူဇင်က ပြောကြားသည်။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ခရီးသွားလုပ်ငန်းများအနေနှင့် အပြည်ပြည်ဆိုင်ရာ လုပ်အားပေး ခရီးသွားလာရေး လမ်းညွှန်ချက်များကို လိုက်နာရန်လိုအပ်ပြီး နိုင်ငံခြားသားများက မိဘမဲ့ဂေဟာကို ပို့ဆောင်ပေးစေလိုပါက ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များ ရန်ပုံငွေအဖွဲ့၏ စာစောင်များအသုံးပြု၍ အဘယ်ကြောင့် ယင်းခရီးစဉ်မရှိကြောင်းကို ရှင်းပြရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အဆိုပါသုတေသနစာတမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သွားမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်အများစုကိုလည်း ပညာပေးသည့်အနေနှင့် စာအုပ်များ ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေး အထောက်အကူပြုဌာန(MCRB) ထံမှ သိရသည်။ ■ J-13

# ရှစ်သောင်းဘုရားရှိကျောက်စာ လာမည့်နှစ်တွင် ကမ္ဘာ့အထိမ်းအမှတ်စာရင်းတင်မည်

**ရန်ကုန်၊ မေ ၁၁**

ရခိုင်ပြည်နယ် ရှစ်သောင်းဘုရားရှိ အာနန္ဒာစန္ဒြားကျောက်စာကို လာမည့်နှစ်တွင် ကမ္ဘာ့အထိမ်းအမှတ်စာရင်းဝင် (MOW) အဖြစ် ယူနက်စကိုသို့ တင်သွင်းမည်ဖြစ်ကြောင်း အဆိုပါကျောက်စာ တင်သွင်းရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒေါ်နုမြဇံက ပြောကြားသည်။

“ယူနက်စကိုတင်ဖို့ ပြင်ဆင်တဲ့အပိုင်းတွေကို နိုင်ငံခြားမှာပညာတော်သင်သွားခဲ့တဲ့ ပြည်တွင်းပညာရှင်တွေပါဝင်တဲ့ အဖွဲ့တွေနဲ့ လုပ်မှာပါ၊ ရခိုင်ဒေသခံပညာရှင်တွေလည်းပါတယ်” ဟု ၎င်းက ပြောဆိုသည်။

အာနန္ဒာစန္ဒြားကျောက်စာ ကမ္ဘာ့အမွေအနှစ်အထိမ်းအမှတ် စာရင်းဝင်အဖြစ် တင်သွင်းရန် မေလဆန်းပိုင်းတွင် ယူနက်စကို (မြန်မာ) မှ ပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပြီးနောက် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ယူနက်စကိုသို့ အပြီးသတ်တင်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောက်စာသည် ပျူခေတ်နှင့်အပြိုင် ဝေသာလီခေတ်ထက်စော၍ ရေးထိုးထားသည့် သမိုင်းအထောက်အထားပြကျောက်စာတစ်ခုဖြစ်ပြီး ကျောက်စာရေးထိုးထားသည့် စာမျက်နှာသုံးခုပါရှိကြောင်း၊ စာမျက်နှာတစ်ခုလျှင် နှစ်ပေါင်းနှစ်ရာခန့်စီ ကွာခြား၍ ရေးထိုးထားခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များအဆိုအရ သိရသည်။

အာနန္ဒာစန္ဒြားကျောက်စာသည် အသောကခေတ်က ရေးထိုးခဲ့သည့် ဆင့်ပွားကျောက်စာဖြစ်၍ ရှေးကျသော ကျောက်စာတစ်ချပ်ဖြစ်ကြောင်း ကမ္ဘာ့အမွေအနှစ်များဌာနခွဲမှ ပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

ယခင်နှစ်က ဘုရင့်နောင်ခေါင်းလောင်းကျောက်စာကို MOW (Memory of Word List) အဖြစ် ယူနက်စကိုသို့ တင်သွင်းခဲ့သော်လည်း ဒေသတွင်းအဆင့်ဖြင့်သာ သတ်မှတ်ခဲ့သောကြောင့် ယခုနှစ်တွင် အာနန္ဒာစန္ဒြား ကျောက်စာကို အချက်အလက်စုံလင်စွာဖြင့် တင်သွင်းနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

လက်ရှိတွင် မန္တလေးမြို့တော်ရှိ ကုသိုလ်တော်ကျောက်စာ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြစေတီကျောက်စာ၊ အလောင်းမင်းတရား ရွှေပေလွှာတို့သည် ကမ္ဘာ့အမွေအနှစ် အထိမ်းအမှတ်စာရင်းဝင်အဖြစ် ယူနက်စကိုက အသိအမှတ်ပြုပြီးဖြစ်သည်။ ■ J -14

## NEWS PHOTO



ဓာတ်ပုံ- ရန်နိုင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့အဝင် ကျိုင်းတုံ-လွိုင်မွေလမ်း ဟိုခိုရွာအနီးတွင် မေလ ၁၁ ရက် ညနေ ၅ နာရီခန့်က လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်ပစ္စည်းများကို ပူးပေါင်းအဖွဲ့ဖြင့် ရှောင်တခင်ပိတ်ဆို့ ရှာဖွေစစ်ဆေးနေစဉ်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ်အခြေစိုက်ရာ ကျိုင်းတုံမြို့သို့ မေလ ၁၂ ရက်မှ စတင်ကာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်(ယခင်တြိဂံဒေသတိုင်းမှူး) လာရောက်မည့်ခရီးစဉ်ကြောင့် လမ်းဘေးဝဲယာရှိ ဖြူနီကျားဆေးများ အသစ်သုတ်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းအပါအဝင် လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေကြောင်း ယင်းမြို့ဒေသခံများထံမှသိရသည်။

The VOICE Daily
Friday, May 12, 2017

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ပြပွဲ၊ ဖျော်ဖြေပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## မေလအတွင်း ပြုလုပ်မယ့် Yangon Book Plaza ရဲ့ စာပေပွဲတော်



မေလအတွင်း စာပေပွဲတော်သွားဖို့ စီစဉ်ထားတဲ့သူတွေအတွက် Yangon Book Plaza ရဲ့စာပေပွဲတော်အစီအစဉ်တွေကို ပြောပြချင်တယ်။ ဒီပွဲတော်ရဲ့အစီအစဉ်တွေက မေလ ၇ ရက်နေ့၊ မွန်းလွဲ ၁ နာရီမှာ စာရေးဆရာကြီး လင်းယုန်မောင်မောင် ကွယ်လွန်ခြင်း ၁၅ နှစ်ပြည့် အခမ်းအနားပွဲကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဆရာကြီး လင်းယုန်မောင်မောင် ရေးသားခဲ့တဲ့စာအုပ်တွေကို အထူးလျှော့ဈေးတွေနဲ့ ဝယ်ယူနိုင်မှာဖြစ်ပြီး စတုဒိသာ ကျွေးမွေးတဲ့အစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။

မေ ၁၄ ရက်နေ့မှာတော့ ရန်အောင်စာပေတိုက်က ထုတ်ဝေပေးတဲ့ ကိုခါး(ကွမ်းခြံကုန်း)ရဲ့ရေချိုးဖန်ဖန် ရေချိုချိုစာအုပ်နဲ့ မြတ်ကိုကိုရဲ့ ရက္ခ စွယ်စုံမင်းသားကြီးနဲ့ မဂ္ဂဇင်းဝတ္ထုတိုစာအုပ်တွေကို ဈေးလျှော့ပေးသွားမှာ ဖြစ်ပါတယ်။ မေ ၁၈ ရက်နေ့၊ မွန်းလွဲ ၁ နာရီမှာတော့ စာရေးဆရာကြီးမင်းလူရဲ့ မွေးနေ့ပွဲအမှတ်တရအဖြစ် ဆရာကြီးရေးသားခဲ့တဲ့ ဘာတွေဖြစ်ကုန်ကြပြီလဲ ကဗျာရှည်ကြီးကို အခမဲ့လက်ဆောင်အဖြစ် ပေးသွားမှာနော်။ ဒါ့အပြင် ဆရာမင်းလူရဲ့စာအုပ် ဝယ်ယူချင်သူတွေအတွက်လည်း အထူးလျှော့ဈေးတွေနဲ့ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။

မေ ၂၀ ရက်နေ့မှာတော့ ဆရာသစ္စာနီရဲ့တစ်ကိုယ်တော်ကဗျာရွတ်ပွဲတော်ကြီး ဖြစ်ပါတယ်။ ဒီပွဲအတွက် လက်မှတ်ဝင်ကြေးက လူတစ်ဦးကို ၅၀၀၀ ကျပ်ဖြစ်ပြီး လက်မှတ်ဝယ်ယူသူတိုင်းကို ၂၀၀၀ ကျပ် ကော်ဖီခွက်တစ်ခွက်နဲ့အတူ ဆရာသစ္စာနီရဲ့လူသိရှင်ကြားဖုံးကွယ်ခြင်း ကဗျာစာအုပ်ကို လက်ဆောင် ပြန်လည်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လက်မှတ်ဝယ်ယူသူတွေကိုလည်း ဆရာကြီးရေးဆွဲထားတဲ့ ကဗျာပန်းချီသုံးကားကို ပြန်လည်မဲဖောက်ပေးသွားမှာ ဖြစ်ပါတယ်။

မေ ၂၁ ရက်နေ့မှာတော့ စာပေလေလံပွဲပြုလုပ်မှာဖြစ်ပြီး စာအုပ်ဈေးကွက်အတွင်း မြင်တွေ့ရခဲ့တဲ့ ရှားပါးစာအုပ်တွေကို လေလံဆွဲဝယ်ယူနိုင်မယ့် စာပေလေလံပွဲဖြစ်ပါတယ်။ လေလံပွဲလာသူတိုင်းကို လေလံပွဲမှာ ပါဝင်မယ့် စာအုပ်တွေရဲ့နောက်ကြောင်းရာဇဝင်တွေနဲ့ သမိုင်းကြောင်းတွေကို အရင်ဆုံး ရှင်းလင်းပြောကြားပေးသွားမှာ ဖြစ်ပါတယ်။ အထူးအစီအစဉ်ကတော့ စာရေးဆရာကြီးတွေရဲ့ရေးသားခဲ့တဲ့ လက်ရေးမူတွေနဲ့ အသုံးအဆောင်တွေကို လေလံပစ်သွားမှာဖြစ်ပြီး ရရှိတဲ့ငွေတွေကို လှူဒါန်းသွားမှာဖြစ်ပါတယ်။

မေ ၂၄ မှာတော့ ရွှေအမြုတေမဂ္ဂဇင်း ပဲ့ကိုင်ရှင် ဦးဝင်းငြိမ်းရဲ့ ၇၁ နှစ်ပြည့်မွေးနေ့အကြို ဝတ္ထုတိုရွတ်ဆိုပွဲကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ အောင်မြင်နေတဲ့သရုပ်ဆောင်တွေ၊ တေးသံရှင်တွေနဲ့ စာပေပညာရှင်တွေက ရွှေ ၇၁ အမှတ်တရ စာအုပ်အသစ်ထဲမှာပါဝင်တဲ့ ဝတ္ထုတိုတွေကို ကိုယ်တိုင်ရွတ်ဖတ်ပေးကြမှာဖြစ်ပါတယ်။ ရွှေ ၇၁ စာအုပ်ကိုလည်း အထူးဈေးနှုန်းတွေနဲ့ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။

မေလ ၂၅ ရက်နေ့မှာတော့ မြန်မာပြည်ရဲ့ပထမဆုံး ဝန်ကြီးချုပ်ဖြစ်တဲ့ ဦးနုရဲ့မွေးနေ့ပွဲအခမ်းအနား ဖြစ်ပါတယ်။ ဒီပွဲမှာ ဦးနုရဲ့စာအုပ်တွေကို အထူးဈေးနှုန်းတွေနဲ့ဝယ်ယူနိုင်မှာဖြစ်ပြီး ဦးနုရဲ့စာပေအပေါ်ထားရှိတဲ့ စေတနာတွေကိုစုစည်းဖော်ထုတ်ပြသသွားမှာဖြစ်ပါတယ်။

မေ ၂၇ ရက်နေ့မှာတော့ မြန်မာပြည်ရဲ့ ပထမဆုံးစာပေပြဇာတ်ပွဲဖြစ်ပါတယ်။ ဒီပွဲက ရိုးရိုးပြဇာတ်တွေနဲ့မတူဘဲ စာပေကိုအခြေခံထားပြီး ပြသသွားမှာဖြစ်ပါတယ်။ ဒီပွဲက မြန်မာပြည်မှာ ပထမဆုံးအကြိမ်ပြုလုပ်မယ့်ပွဲဖြစ်ပြီး ဝင်ကြေး အခမဲ့ကြည့်ရှုနိုင်မှာဖြစ်ကာ ခုံနေရာအကန့်အသတ်ရှိနေတာမို့ ကြိုတင်စာရင်းပေးသွင်းချင်ရင် Yangon Book Plaza မှာ ကြိုတင် Register ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ စာအုပ်ပွဲတော်တွေကို စိတ်ဝင်စားတဲ့သူတွေအတွက် လိပ်စာ သံဈေး၊ ငါးလွှာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်ဖြစ်ပါတယ်။ ■

## Singapore Airlines ရဲ့ Travel Fair 2017

စင်ကာပူမှာလျှောက်လည်ဖို့ စီစဉ်ထားတဲ့သူတွေအတွက် Singapore Airlines ရဲ့ Travel Fair 2017 ပွဲကို မေလ ၁၂ ရက်နေ့ကနေ ၁၄ ရက်နေ့အထိ၊ နေ့စဉ် နံနက် ၁၀ နာရီကနေ ည ၉ နာရီအထိ မြန်မာပလာဇာမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲမှာ စင်ကာပူရဲ့သွားရောက်လည်ပတ်စရာနေရာတွေ၊ ကြည့်ရှုစရာနေရာတွေကို ချိုသာတဲ့ဈေးနှုန်းတွေနဲ့ သွားရောက်လည်ပတ်နိုင်အောင် Singapore Explorer Pass ကို Travel Fair ရှိ Htoo Travels ကောင်တာမှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ Singapore Explorer Pass ကိုဝယ်ယူထားတဲ့ ခရီးသည်တွေကို စင်ကာပူနိုင်ငံရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ ပန်းခြံတွေနဲ့ ကစားကွင်းတွေကို ဝင်ကြေးအခမဲ့နဲ့ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ Singapore Explorer Pass နဲ့သွားရောက်နိုင်မယ့်နေရာတွေက Cable Car၊ Chinatown Food Street၊ Chinatown Heritage Centre၊ Gardens by the Bay( 2 Conservatories)၊ Indian Heritage Centre၊ Journey Walking Tours၊ National Gallery Singapore စတဲ့ စိတ်ဝင်စားဖွယ်နေရာတွေကို သွားရောက်လည်ပတ်နိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းတွေက 1Day Pass အတွက် ဒေါ်လာ ၄၅၊ 2 Day Pass အတွက် ဒေါ်လာ ၇၁ နဲ့ 3Day Pass အတွက်က ဒေါ်လာ ၈၆ တို့ဖြစ်ပါတယ်။ ■



## No but with me Yes Beauty & Living Music Concert

ဖျော်ဖြေပွဲကြည့်ချင်သူတွေအတွက် No but with me Yes Beauty & Living Music Concert ပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ တေးသံရှင် မြန်မာပြည်သိန်းတန်၊ မေဆွိ၊ တင်ဇာမော်၊ ရတနာမိုင်နဲ့ စိန်လင်းတို့ရဲ့သီဆိုဖျော်ဖြေမှုတွေကို ကြည့်ရှုခံစားရမှာဖြစ်ပြီး ပွဲတက်လာတဲ့သူတွေထဲက ဆွဲဆောင်မှုအရှိဆုံးသူတစ်ဦးကို အထူးဆုတွေချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒီပွဲကို Life Cosmetic & Skincare(Japan) နဲ့ Kabar Aye Excetive Residence က ပြုလုပ်ပေးတာမို့ Life Cosmetic နဲ့ Kanebo Cosmetic တွေထဲက ကိုယ်ကြိုက်နှစ်သက်တဲ့ အလှကုန်ပစ္စည်းတစ်ခု ဝယ်ယူတာနဲ့ ဖျော်ဖြေပွဲလက်မှတ်တစ်စောင်ရရှိမှာဖြစ်ပါတယ်။ ဒီပွဲကို မေလ ၁၆ ရက်နေ့၊ ညနေ ၅ နာရီ၊ ရွှေပြည်သာဟိုတယ်၊ မန္တလေးမြို့မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■




## UnDerDawg Festival

ဖျော်ဖြေပွဲကြည့်ချင်သူတွေအတွက် UnDerDawg Festival ဖျော်ဖြေပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ ကမ္ဘာကျော်အနုပညာရှင်တွေဖြစ်တဲ့ CL(2NE1)၊ Nelly၊ Soujaboy & Many More တို့ ပူးပေါင်းဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ဒီပွဲကို မေလ ၁၃ ရက်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်ကနေ ည ၁၀ နာရီအထိပြုလုပ်သွားမှာဖြစ်ပြီး လက်မှတ်ဈေးနှုန်းတွေက VIP (Seating) အတွက် ၃၀၀,၀၀၀ ကျပ်၊ VIP (Standing) က ၂၀၀,၀၀၀ ကျပ်နဲ့ ရိုးရိုးတန်းအတွက် ၆၅၀၀၀ ကျပ်နဲ့ ၃၀၀၀၀ ကျပ်တို့ဖြစ်ပါတယ်။ လက်မှတ်ဝယ်ယူချင်ရင် KBZ ဘဏ်တွေတိုင်းမှာ Quick Pay လို့ပြောပြီး ဝယ်ယူနိုင်မှာဖြစ်ပြီး အွန်လိုင်းကနေတစ်ဆင့်ဝယ်ယူချင်ရင်တော့ lamat.com.mm မှာ ဝင်ရောက်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ■




## Pauk Kan Food Court & Night Bazaar





အစားအစာနဲ့ပတ်သက်ပြီး လက်ရာအသစ်အဆန်းတွေကို မှာစားချင်သူတွေအတွက် မကြာခင်ကမှ အသစ်ဖွင့်လိုက်တဲ့ Pauk Kan Food Court & Night Bazaar ကို ပြောပြချင်တယ်။ ဒီညဈေးတန်းကို လေယာဉ်ပျံကွင်း၊ ဓမ္မစေတီလမ်း၊ Happy Zone အနီးက ပြည်သူ့ရင်ပြင်ထဲမှာ ဖွင့်ထားတာဖြစ်ပါတယ်။ အစားအစာတွေက ထိုင်း၊ ကိုရီးယား၊ ဂျပန်၊ ကချင်၊ ရခိုင် စတဲ့ အစားအစာအမျိုးအမည်ပေါင်း ၃၀၀ ကျော်လောက်ကို ရွေးချယ် စားသောက်နိုင်မှာဖြစ်ကာ အစားအစာတွေကိုတော့ ကူပွန်တွေနဲ့လဲလှယ်စားယူရမှာဖြစ်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့အစားအစာတွေကိုဝယ်ယူပြီး ခင်းကျင်းထားတဲ့ ခုံတန်းတွေမှာ စားသောက်ရမှာဖြစ်ပြီး ဆိုင်ဖွင့်ချိန်ကတော့ နံနက် ၁၁ နာရီကနေ ည ၁၁ နာရီအထိ ဖွင့်လှစ်ပေးထားတာဖြစ်ပါတယ်။ အစားအစာတွေ ထိုင်စားရမယ့်ခုံတန်းတွေကို သစ်ပင်၊ ပန်းပင်တွေနဲ့ အလှဆင်တာဖြစ်ပြီး ပန်းပင်တွေကြားထဲကနေ မီးလုံးတွေကို ခေါင်းလောင်းပုံစံပြင်ဆင်ထားကာ ပုသိမ်ထီးတွေနဲ့ အပင်တွေကို ချစ်စဖွယ်ပုံစံဖြစ်အောင် အလှဆင်ပေးထားတာ မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် The Weekend Night Bazaar အစီအစဉ်ကို အပတ်စဉ် သောကြာ၊ စနေနဲ့ တနင်္ဂနွေနေ့၊ မွန်းလွဲ ၃ နာရီကနေ ည ၁၁ နာရီအထိပြုလုပ်ပေးတာဖြစ်ပြီး ဖျော်ဖြေရေး အစီအစဉ်တွေကို နားဆင်ရင်း အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်ခန်း၊ အလှပြင်ပစ္စည်း၊ ချစ်စဖွယ်ပန်းပင်တွေနဲ့ အဝတ်အထည်တွေကို ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ■

# စည်းကမ်းမဲ့ ဘတ်စ်ကားတွေကို ဓာတ်ပုံနှင့်တကွ တိုင်ကြားနိုင်မယ့် App




ရန်ကုန်မြို့တွင်းပြေးဆွဲနေတဲ့ ဘတ်စ်ကားယာဉ်လိုင်းတွေကို ဇန်နဝါရီလ ၁၆ ရက်က စတင်ပြီး လမ်းကြောင်းသစ်တွေ ပြောင်းလဲပြေးဆွဲပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့ပါတယ်။ စည်းကမ်းတင်းကျပ်မှုတွေရှိနေခဲ့ပေမယ့်လည်း ယခင်ကာလတွေကလို စည်းကမ်းမဲ့မောင်းနှင်တဲ့ယာဉ်လိုင်းတွေ၊ ခရီးသည်အပေါ် ရိုင်းပျစွာဆက်ဆံတာတွေနဲ့ တိုက်ခိုက်ရန်ပြုတာတွေကတော့ ရှိနေဆဲပါ။ ဒီလို ဘတ်စ်ကားယာဉ်လိုင်းတွေရဲ့ စည်းကမ်းမဲ့လုပ်ရပ်တွေနဲ့ ရမ်းကားမှုတွေကို တာဝန်ရှိသူတွေဆီ မိုဘိုင်းလ် App ကတစ်ဆင့် အလွယ်တကူတိုင်ကြားနိုင်တဲ့ မိုဘိုင်းလ် App ကို သတင်းအချက်အလက်နဲ့ နည်းပညာတက္ကသိုလ်က ကျောင်းသားလူငယ်တွေ ပါဝင်ဖွဲ့စည်းထားတဲ့ Team PyinPayPar အဖွဲ့ကနေ ရေးဆွဲပြီး ယာဉ်လိုင်းတွေစတင်ပြေးဆွဲပြီး ဒုတိယနေ့ကတည်းကနေ စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ဒီ App က တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နေပြီဖြစ်တဲ့အတွက် အရေးယူမှုတွေလည်းရှိနေပြီ ဖြစ်ပါတယ်။ ဓာတ်ပုံနှင့်တကွလည်း ထည့်သွင်းတိုင်ကြားနိုင်အောင် အဆင့်မြှင့်တင်ထားပါတယ်။

ဒီ App မှာ ဘယ်လိုလုပ်ဆောင်ချက်တွေ ပါဝင်မလဲဆိုတာ ကြည့်ရအောင်။ တိုင်ကြားချက်များ App ကိုပေးပို့ တိုင်ကြားထားတဲ့ ယာဉ်စည်းကမ်းဖောက်ဖျက်မှု၊ ရမ်းကားမှု၊ အရှိန်မြင့်မောင်းနှင်မှု၊ ယာဉ်စီးခ ပိုမိုတောင်းခံမှု စတဲ့ ယာဉ်လိုင်းအသီးသီးကိုတိုင်ကြားထားတဲ့ တိုင်ကြားချက်တွေကို တွေ့ရမှာပါ။ ဘယ်လိုတိုင်မလဲ App ရဲ့ညာဘက်အောက်ထောင့်မှာ အဝါရောင်ခဲတံပုံလေးတွေ့ရမှာပါ။ ဒါကို နှိပ်လိုက်ရင် ယာဉ်လိုင်းနံပါတ်တွေ ကျလာပါလိမ့်မယ်။ ကိုယ်တိုင်ကြားမယ့် ယာဉ်လိုင်းနံပါတ်ကို နှိပ်ပါ။ အကြောင်းအရာရွေးချယ်ပေးပါ။ ယာဉ်နံပါတ်ကို ထည့်သွင်းပေးပါ။ ဖြစ်စဉ်အကြောင်းအရာကို ရေးသားနိုင်ပါတယ်။ အောက်ဆုံးက pick photo ဆိုတာကို နှိပ်လိုက်ရင် ဓာတ်ပုံကိုပါ ထည့်သွင်းဖော်ပြလို့ ရပါတယ်။ အမျိုးအစားအလိုက်ကြည့်ရန် ဒီနေရာမှာတော့ ယာဉ်လိုင်းတွေအလိုက် တိုင်ကြားမှုများ၊ တိုင်ကြားခံရမှု အများဆုံး ယာဉ်လိုင်းများ၊ အရေးယူပြီးသည့်တိုင်ကြားမှုများ၊ ထုတ်ပြန်ချက်များကို ဖော်ပြပေးထားပါတယ်။ ကိုယ်စီးနင်းခဲ့တဲ့ ဘတ်စ်ကားလိုင်းရဲ့ဝန်ဆောင်မှုအပေါ်လည်း အဆင့်သတ်မှတ်ပေးနိုင်ပါတယ်။ လက်ရှိမှာ ဒီ App ကို အသုံးပြုပြီး တိုင်ကြားခံမှု အများဆုံး ယာဉ်လိုင်းကတော့ အမှတ် ၆ ယာဉ်လိုင်းဖြစ်ပြီး ၁၇၉ ကြိမ် တိုင်ကြားခံထားရပါတယ်။ ဒီ App ကို အသုံးပြုသူ ၇၀၀၀ ကျော်ရှိနေပြီး App ကနေ တိုင်ကြားမှုတွေက ၂၀၀၀ ကျော် ရှိနေပါတယ်။ အရေးယူပြီးတဲ့ တိုင်ကြားမှုတွေလည်း ရှိနေပြီဖြစ်ပါတယ်။ ဘတ်စ်ကားယာဉ်လိုင်းတွေရဲ့ယာဉ်စည်းကမ်းချိုးဖောက်မှု၊ ယာဉ်စီးခငွေ ပိုတောင်းမှုနဲ့ ရမ်းကားမှုတွေကိုဓာတ်ပုံနှင့်တကွ မိုဘိုင်းလ် App ကနေ အလွယ်တကူ တိုင်ကြားနိုင်မယ့် App ဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ App ကို အသုံးပြုစဉ်မှာ အင်တာနက်ဆက်သွယ်မှုတော့ လိုအပ်မှာ ဖြစ်ပါတယ်။ ■

# AFTERMATH

ဒီတစ်ပတ်တော့ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို ရိုက်ကူးထားတဲ့ အက်ရှင်မင်းသားကြီး အာနိုးရဲ့ ဒရာမာ ရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားကို ညွှန်းပေးချင်ပါတယ်။ လေယာဉ်လမ်းကြောင်းပြ ဝန်ထမ်းတစ်ယောက်ရဲ့ပေါ့ဆမှုကြောင့် လေယာဉ်ပျက်ကျမှုမှာ ဇနီးနဲ့ သမီးဖြစ်သူကို ဆုံးရှုံးခဲ့ရတဲ့ လူတစ်ယောက်က ယင်းဝန်ထမ်းကို ပြန်လည်လက်စားချေဖို့ ကြိုးစားတဲ့အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ဒါရိုက်တာ Elliott က ရိုက်ကူးထားပြီး Arnold Schwarzenegger၊ Scoot McNairy နဲ့ Maggie Grace တို့ ခေါင်းဆောင်ပါဝင်ထားကြပါတယ်။

Roman (Arnold) က အမေရိကမှာ အခြေချနေထိုင်နေတဲ့ ရုရှားနိုင်ငံသား၊ ရွှေ့ပြောင်းအလုပ်သမားတစ်ယောက်ပါ။ သူက ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုမှာ အလုပ်သမားတွေကို ကြီးကြပ်ရတာပါ။ တစ်ရက်မှာတော့ Roman က သူ့ဆီကိုလိုက်လာတဲ့ဇနီးနဲ့ သမီးဖြစ်သူတို့ကို လေဆိပ်မှာ သွားကြိုပါတယ်။ သမီးဖြစ်သူမှာက ကိုယ်ဝန်လွယ်ထားရတဲ့အတွက် Roman က မကြာခင် အဘိုးဖြစ်ရတော့မှာပါ။ သူ လေဆိပ်မှာ စောင့်ဆိုင်းနေတုန်းမှာပဲ ဇနီးနဲ့သမီးဖြစ်သူတို့ လိုက်ပါလာတဲ့ လေယာဉ်က အခြားလေယာဉ်တစ်စီးနဲ့ တိုက်မိပြီး ပျက်ကျတဲ့သတင်းကိုကြားသိခဲ့ရပါတော့တယ်။

လေယာဉ်လမ်းကြောင်းပြ ဝန်ထမ်းတစ်ဦးရဲ့ ပေါ့ဆမှုကြောင့် လေယာဉ်နှစ်စင်း တိုက်မိခဲ့တာဖြစ်ပြီး Roman ကတော့ ချစ်ရတဲ့ ဇနီးနဲ့သမီးဖြစ်သူကို ဆုံးရှုံးခဲ့ရပါတယ်။ ဘဝမှာ ချစ်ခင်တွယ်တာရတဲ့သူတွေ မရှိတော့တဲ့ နောက်မှာတော့ Roman က အလုပ်ကိုလည်း အာရုံမစိုက်နိုင်တော့ပါဘူး။ ဇနီးနဲ့ သမီးကို လွမ်းဆွတ်လာတဲ့အခါတိုင်း သူတို့ရဲ့ အုတ်ဂူနားမှာ Roman က သွားအိပ်လေ့ရှိပါတယ်။ ဇနီးနဲ့ သမီးရဲ့ ဓာတ်ပုံကိုလည်း သူသွားလေရာကို ယူသွားလေ့ရှိပါတယ်။ လေယာဉ်ပျက်ကျမှုမှာ ပါဝင်ခဲ့တဲ့ ဇနီးနဲ့ သမီးအတွက် တာဝန်ရှိသူတွေက နစ်နာကြေးပေးပေမယ့် Roman လိုချင်တာကတော့ ရင်ထဲက တာဝန်သိစိတ်အပြည့်နဲ့ တောင်းပန်တာကိုပါ။

Roman လိုပဲ နောင်တတရားတွေ၊ စိတ်ဖိစီးမှုတွေနဲ့ ဘဝမှာရှင်သန်နေရတာကို မပျော်မွေ့တော့တဲ့ သူက လေယာဉ်လမ်းကြောင်းပြ ဝန်ထမ်း Jake ပါ။ သူ့ရဲ့ပေါ့ဆမှုကြောင့် အပြစ်မဲ့ပြည်သူများစွာ အသက်ဆုံးရှုံးခဲ့ရတဲ့အပေါ် Jake က ဖြေမဆည်နိုင်အောင် ဝမ်းနည်းနေရပါတယ်။ သူရဲ့ ဇနီးဖြစ်သူနဲ့လည်း ဆက်ဆံရေး အဆင်မပြေတော့ပါဘူး။ နောက်ပိုင်းမှာတော့ Jake က ဘဝသစ်ပြန်စဖို့အတွက် အလုပ်ကနေထွက်ခဲ့ပြီး မြို့သစ်လေးတစ်မြို့ကို ရွှေ့ပြောင်းခဲ့ပါတော့တယ်။ သူ့ရဲ့နာမည်ကိုလည်း ပြောင်းလိုက်ပြီး၊ ခရီးသွားဝန်ဆောင်မှု အေဂျင်စီတစ်ခုမှာ အလုပ်ဝင်ခဲ့ပါတယ်။ Jake ရဲ့ပေါ့ဆမှုကြောင့် ချစ်ရတဲ့ ဇနီးနဲ့ သမီးဖြစ်သူကိုဆုံးရှုံးခဲ့ရတဲ့အကြောင်းကိုသိသွားတဲ့ Roman က သူ့ကို လက်စားချေဖို့ ကြိုးစားလာတဲ့အခါမှာတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ရှုစားရမှာပါ။ ■




# ဗိုလ်အောင်ဒင်ချစ်သော မိန်းမများ

ဒီတစ်ပတ်တော့ ဟာသကားကြည့်ချင်သူတွေအတွက် ဗိုလ်အောင်ဒင်ချစ်သောမိန်းမများဆိုတဲ့ ဇာတ်ကားကို ညွှန်းချင်တယ်။ ဒီကားမှာ အောင်ဒင့် (မြင့်မြတ်) ရဲ့မိဘတွေက ရွာထဲမှာပြည့်စုံတာမို့အလုပ်ကို မည်မည်ရရမလုပ်ဘဲ သူဝါသနာပါတဲ့ကြက်တိုက်တဲ့ အလုပ်ကိုလုပ်နေခဲ့တယ်။ မြဝင်း(ပိုင်ဖြိုးသု) ကတော့ အောင်ဒင့်ရဲ့ငယ်သူငယ်ချင်းဖြစ်ပြီး အောင်ဒင့်ကို တစ်ဖက်သတ် ကြိုက်နေတာမို့ သူဘာပဲလုပ်လုပ် သူ့နောက် အမြဲလိုက်နေပြန်တယ်။ မြဝင်းက ဘယ်လိုပဲ သဘောကျကြောင်းပြောနေပေမယ့်လည်း အောင်ဒင်ကတော့ စိတ်မဝင်စားခဲ့ဘူး။ တစ်နေ့တော့ အောင်ဒင့် အဖေက ကြက်တိုက်တာတွေလျှော့သွားအောင် မြဝင်း နဲ့ပေးစားဖို့ပြောခဲ့တယ်။ အောင်ဒင်က မြဝင်းကို လုံးဝလက်မခံနိုင်တဲ့အကြောင်းပြောခဲ့ပြီး သူ့မှာ သဘောကျနေတဲ့ ကောင်မလေးရှိကာ အဲဒီကောင်မလေးနဲ့လက်ထပ်နိုင်အောင် ကြိုးစားမယ်လို့ပြောခဲ့တယ်။



တကယ်တော့ အောင်ဒင့်ကြိုက်နေတဲ့ ကောင်မလေးက တစ်ဖက်ရွာကဖြစ်ပြီး မြို့မှာ ကျောင်းသွားတက်နေတာပါ။ ဒီလိုနဲ့ အောင်ဒင် သဘောကျနေတဲ့ ကောင်မလေး ရွာကိုပြန်လာချိန်မှာ မြဝင်းက သူတို့နှစ်ယောက်ကြားမှာ အမျိုးမျိုး လိုက်နှောင့်ယှက်နေခဲ့တယ်။ မြဝင်းက သူအရင်ဝတ်နေကျပုံစံတွေ မဝတ်တော့ဘဲ အောင်ဒင် သဘောကျနေတဲ့ ကောင်မလေးပုံစံအတိုင်း လိုက်ပြောင်း ဝတ်ခဲ့တယ်။ အောင်ဒင်က ဘယ်လိုမျိုးတွေပဲလုပ်နေ လုပ်နေမြဝင်းကသဘောကျနေတာကြောင့် နောက်ဆုံး မှာတော့ သူတို့ဘာတွေဆက်ဖြစ်မလဲဆိုတာ ကြည့်ရှု ရမှာဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာ ကိုပေါက်က ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီး မြင့်မြတ်နဲ့ ပိုင်ဖြိုးသုတို့က အဓိကပါဝင်သရုပ်ဆောင်ထားပါတယ်။ ■

# Anne Marie ရဲ့ Ciao Adios



ဒီတစ်ပတ်တော့ ဗြိတိန်မှ ကမ္ဘာကျော် အမျိုးသမီးအဆိုတော် Anne Marie ရဲ့ Ciao Adios ဆိုတဲ့ အချစ်သီချင်းလေးတစ်ပုဒ်ကို ညွှန်းပေးချင်ပါတယ်။ ချစ်သူရဲ့သစ္စာဖောက်ခြင်းကို သိသွားတဲ့ မိန်းကလေးတစ်ယောက်က အတိတ်က နှစ်ယောက်အတူ ပိုင်ဆိုင်ခဲ့တဲ့ အမှတ်တရဖြစ်ရပ်တွေအကြောင်းကို ပြန်ပြောင်းစဉ်းစားမိပြီးနောက်မှာတော့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်တဲ့အကြောင်းကို ရေးသားစပ်ဆိုထားတာပါ။ သီချင်းရဲ့ခေါင်းစဉ်ဖြစ်တဲ့ Ciao Adios ရဲ့အဓိပ္ပာယ်ကတော့ Ciao က အီတလီဘာသာစကားနဲ့ နှုတ်ဆက်ပါတယ်လို့ အဓိပ္ပာယ်ရပြီး Adios ကလည်း စပိန်ဘာသာစကားနဲ့ နှုတ်ဆက်ပါတယ်လို့ပဲ အဓိပ္ပာယ် ရပါတယ်။ ‘သူ့အတွက် ရှင့်ရဲ့အချိန်တွေ၊ ငွေတွေအကုန်ပေးထားတယ်ဆိုရင် ကျွန်မကလည်း ရှင့်ကို ထိုင်ပြီးလွမ်းနေမှာမဟုတ်တော့ဘူး’ ဆိုတဲ့ သီချင်းစာသားတွေက ချစ်သူနဲ့လမ်းခွဲဖို့ ပြတ်သားစွာဆုံးဖြတ်ချက်ချပြီးတဲ့ မိန်းမတစ်ယောက်ရဲ့စိတ်ကို မြင်ယောင်ကြည့်လို့ရမှာပါ။ ဒီသီချင်းရဲ့ Acoustic Version လည်း ထွက်ရှိထားပြီး Anne Marie က Ed Sheeran နဲ့ စုံတွဲသီဆိုထားပါတယ်။ Anne Marie က ဇွန်လအတွင်းမှာ၊ လန်ဒန်ရှိ O2 Arena မှာ ကျင်းပမယ့် Ed Sheeran ရဲ့ဂီတဖျော်ဖြေပွဲမှာ ပါဝင်အားဖြည့် သီဆိုပေးသွားဖို့လည်း ရှိပါတယ်။ အချစ်သီချင်း၊ အသည်းကွဲ သီချင်းကောင်းကောင်းတစ်ပုဒ်လောက် နားထောင်ချင်ရင်တော့ Anne Marie ရဲ့ Ciao Adios ကို You Tube မှာ အခုပဲ ဖွင့်ကြည့်လိုက်ပါ။ ■

# 'သမ္မတကြီးထံပေးစာ' ရုပ်ရှင်အတွက် အတွေ့အကြုံရှိတဲ့ သတင်းထောက်တွေဆီက လေ့လာသွားမယ် ဆိုတဲ့ ဖွေးဖွေး

**ရန်ကုန်၊ မေ ၁၁**

ဒါရိုက်တာ ဝိုင်းနဲ့ ယခုနှစ်အတွင်း ရိုက်ကူးမယ့် 'သမ္မတကြီးထံပေးစာ' ရုပ်ရှင်ဇာတ်ကားမှာ သတင်းထောက်အဖြစ် သရုပ်ဆောင်ရမှာ ဖြစ်ပြီး၊ အတွေ့အကြုံရှိတဲ့ သတင်းထောက်တွေဆီကနေ လေ့လာသွားမှာဖြစ်ကြောင်း နာမည်ကျော် သရုပ်ဆောင်ဖွေးဖွေးက The Voice ကို ပြောကြားပါတယ်။

"သမ္မတကြီးထံပေးစာ ရုပ်ရှင်မှာ ဖွေးက သတင်းထောက်တစ်ယောက်အနေနဲ့ သရုပ်ဆောင်ရမှာပါ။ ကိုယ်မလုပ်ဖူးသေးတဲ့ ဇာတ်ရုပ်ဖြစ်တဲ့အတွက် ကိုဝိုင်း ညွှန်ကြားတဲ့အတိုင်း ကြိုးစားမယ်။ ဇာတ်ကားမရိုက်ခင်မှာ အတွေ့အကြုံများတဲ့ သတင်းထောက်တွေနဲ့ သွားနေပြီး သူတို့ဆီက လေ့လာမယ်" လို့ ယင်းဇာတ်ကားနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ ဒါရိုက်တာဝိုင်း ရိုက်ကူးတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ် ရုပ်ရှင်ဇာတ်ကားမှာ အလင်းရောင်၊ ကျော်ထက်၊ ရတနာဗိုတို့နဲ့ တွဲဖက်သရုပ်ဆောင်နေပြီး၊ ဟာသရုပ်ရှင်ကားတစ်ကားရိုက်ဖို့အတွက်လည်း ဇာတ်လမ်းလာပေးထားတာကို ဖတ်ရှုနေကြောင်း သရုပ်ဆောင် ဖွေးဖွေးက ပြောကြားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

"ကာဗွန်ဒိုင်အောင်ဆိုဒ်ရုပ်ရှင်မှာ ဖွေးက ကျော်ထက်နဲ့ လက်ထပ်တော့မယ့် မိန်းကလေးတစ်ယောက်နေရာက သရုပ်ဆောင်ရတာပါ။ ဇာတ်လမ်းကတော့ Suspense ပုံစံပါပဲ။ ဒီကားမှာ အလင်းရောင်နဲ့ ကျော်ထက်က ဖွေးထက် ပိုပြီး လုပ်ကွက်များပါတယ်။ ဖွေးရဲ့ဇာတ်တွေချည်းပဲ ရိုက်ရင် ပရိသတ်တွေ ရိုးအီသွားမှာစိုးလို့ မင်းသားဇာတ်တွေ ပြန်ရိုက်ပေးတာပါ" လို့ ၎င်းက ဆိုပါတယ်။

ပရိသတ်အတွက်ရော၊ ကိုယ့်အတွက်ပါ ကြိုးစားရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေကို ယခုနှစ်အတွင်းမှာ ရုံတင်ပြသသွားဖို့ရှိပြီး၊ စောင့်ကြည့်အားပေးကြစေလိုကြောင်း သရုပ်ဆောင် ဖွေးဖွေးက ပြောကြားပါတယ်။


ဓာတ်ပုံ- Mikis Facebook Page


ဓာတ်ပုံ - အိချောပို Facebook Page

# ဂျာမန်အဆိုတော် Mikis နဲ့ ရုပ်ရှင်ရိုက်မယ့် အိချောပို

**ရန်ကုန်၊ မေ ၁၁**

မြန်မာနိုင်ငံရှိအွန်လိုင်းသုံးစွဲသူ ပရိသတ်တွေကြားမှာ လူသိများနေတဲ့ ဂျာမန်အဆိုတော် Mikis နဲ့ ရုပ်ရှင်ဇာတ်ကား ရိုက်ဖို့လက်ခံထားပြီး အောက်တိုဘာလအတွင်း ရိုက်ဖို့ စီစဉ်ထားကြောင်း နာမည်ကျော် သရုပ်ဆောင် အိချောပိုက The Voice ကို ပြောကြားပါတယ်။

"ဒီကားကို ရိုက်မှာက ညီမတို့ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်တက်တုန်းက သင်ပေးခဲ့တဲ့ ဆရာ ဦးမျိုးဇော်အောင်က ရိုက်မှာပါ။ ဒီဇာတ်ကားက ကာရိုက်တာက ညီမနဲ့ မှလိုက်မယ်ဆိုပြီး ဆရာက ကမ်းလှမ်းလာတယ်။ ဆရာတို့ကတော့ မေလထဲမှာ ရိုက်ချင်တာ။ ဒါပေမဲ့ ညီမက ကားရိုက်တွေ လက်ခံထားတာရှိတဲ့အတွက် အောက်တိုဘာလလောက်မှ ရိုက်ဖြစ်မယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းရုပ်ရှင်ဇာတ်ကားက အချစ်နဲ့ ဒရာမာ ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာနဲ့ တောင်ကြီးမြို့တို့မှာ သွားရိုက်ဖို့စီစဉ် ထားကြောင်း၊ မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ်ပုံစံမျိုးရှိတဲ့ ညော့်လမ်းညွှန် မိန်းကလေးတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ရမှာဖြစ်ကြောင်း အိချောပို က ပြောကြားပါတယ်။

"ညီမရဲ့ ကာရိုက်တာက ညော့်လမ်းညွှန်ကောင်မလေးတစ်ယောက်ပေါ့။ မန္တလေးသူပုံစံမျိုး လေး၊ ရိုးရိုးယဉ်ယဉ်လေးပေါ့။ တိုးဂိုက်တစ်ယောက်ဖြစ်တဲ့အတွက် အင်္ဂလိပ်လို ပြောရမယ့် ဇာတ်ဝင်ခန်းတွေလည်းများပါတယ်။ Mikis နဲ့ကတော့ အပြင်မှာ မဆုံဖူးပါဘူး။ Facebook မှာတော့ ပရိသတ်တွေ သူ့အကြောင်း ပြောကြတာတွေလည်း ဖတ်ရပါတယ်" လို့ ၎င်းက ဆိုပါတယ်။

လတ်တလောအနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ ဒါရိုက်တာ သားညီ ရိုက်ကူးတဲ့ တစ်လုံးချိုင့် ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင် မင်းမော်ကွန်း၊ ထွန်းထွန်း၊ စည်ဖြိုး၊ နေရဲ တို့နဲ့ ပါဝင်သရုပ်ဆောင်နေပြီး၊ ဒါရိုက်တာ ပြည်ဟိန်းသီဟနဲ့ ဆူပါမော်ဒယ်လ် ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ဖို့လည်းရှိကြောင်း အိချောပိုက ပြောကြားပါတယ်။

ဂျာမန် အဆိုတော် Mikis က မြန်မာနိုင်ငံမှာ ရောက်ရှိနေထိုင်နေတာဖြစ်ပြီး၊ မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သလို၊ မြန်မာသီချင်းခွေတစ်ခွေလည်း ထွက်ဖို့စီစဉ်နေကြောင်း မီဒီယာတွေနဲ့ အင်တာဗျူးတွေမှာ ပြောကြားထားပါတယ်။

## Recap

❍ အနုပညာပျိုးခင်းရဲ့ စင်တင်သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့ ရွှေသမီးက ချစ်သူရှိနေပြီလို့ မီဒီယာတချို့မှာ ရေးသားဖော်ပြနေကြပေမယ့် ကောလာဟလသတင်းသာဖြစ်ပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ဒီသတင်းက မမှန်ပါဘူး။ ညီမမှာ ချစ်သူမရှိပါဘူး။ ရှိတယ်လို့လည်း မပြောခဲ့ဖူးပါဘူး။ ဒါက ညီမအကြောင်းကို ဇာတ်လမ်းထွင်ပြီးတော့မှ ရေးလိုက်ကြတာပါ။ အခုချိန်မှာ ညီမရဲ့ အနုပညာအလုပ်တွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။ အကယ်၍ ချစ်သူရှိလာပြီဆိုရင်တော့ ပရိသတ်တွေကို ပွင့်ပွင့်လင်းလင်း အသိပေးသွားမှာပါ" လို့ ၎င်းကဆိုပါတယ်။

❍ ခေါင်းဆောင်မင်းသားအဖြစ် ဇာတ်ကားတွေရိုက်ကူးခဲ့ဖူးပြီးမှ လက်ရှိအချိန်မှာ ဒုတိယမင်းသား၊ ဇာတ်ပို့နေရာတွေကနေ ဇာတ်ကားတွေ ရိုက်ကူးနေရပေမယ့် ထူးထူးခြားခြား ခံစားချက်အပြောင်းအလဲတော့မရှိပါဘူးလို့ သရုပ်ဆောင် ကျော်ကျော်က The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်က ဇာတ်ကားတွေ စရိုက်ကတည်းက ကိုယ့်ကိုယ်ကိုယ်ငါမင်းသားဆိုပြီး စိတ်ကြီးဝင်ခဲ့တာမျိုး မရှိဘူး။ အခုချိန်မှာ ကျွန်တော့်ကို မင်းသားလို့ပြောလည်း ဘယ်လိုမှမနေဘူး။ ဇာတ်ပို့တစ်ယောက်လို့ ပြောလည်း ဘယ်လိုမှ မနေဘူး။ အဓိကကတော့ ဒီအနုပညာလောကမှာ ပရိသတ်တွေက ကျွန်တော့်ကို သရုပ်ဆောင်ကောင်းတစ်ယောက်အဖြစ်ပဲ မြင်စေချင်တာပါ" လို့ ၎င်းကဆိုပါတယ်။

# ဒွိန်းဂျွန်ဆင် တစ်ယောက် အာနိုးလို နိုင်ငံရေးလုပ်တော့မှာလား


contactmusic. com

အက်ရှင်ဇာတ်ကြမ်းကားတွေနဲ့ ပရိသတ်နှစ်ခြိုက်တဲ့ မင်းသား ဒွိန်းဂျွန်ဆင်တစ်ယောက် ထိပ်တန်းနိုင်ငံရေးရာထူးကို ရယူဖို့အတွက် နိုင်ငံရေးမှာ ပါလာတော့မယ်လို့ စဉ်းစားနေပါသတဲ့။

နပန်းဖျော်ဖြေရေးသမားဘဝမှသည် နာမည်ကျော် သရုပ်ဆောင်ဖြစ်လာသူဟာ ပါဝါပလေယာတွေက သူ့ကို ချဉ်းကပ်ဆွဲဆောင်တာတွေရှိတယ်လို့ ပြောလာပါတယ်။

ဟောလိဝုဒ်စတားဘဝမှသည် အုပ်ချုပ်ရေးရာထူးတွေကို ရယူနိုင်မယ့် နိုင်ငံရေးသမားဘဝကို အာနိုးရှဝါဇနက်ဂါလို ရယူဖို့အတွက် အကြံပေးနေကြပါသတဲ့။

ဒွိန်းဂျွန်ဆန်ကတော့ လက်ရှိဒေါ်နယ်ထရမ့်ရယူထားတဲ့ ရာထူးလိုမျိုးကို စဉ်းစားနေတယ်လို့ဆိုတာကြောင့် သမ္မတအဖြစ်ကို မှန်းနေတာမျိုးဖြစ်ပါတယ်။

"ဒါဟာ မဖြစ်နိုင်တဲ့ အလုပ်မျိုးမဟုတ်ပါဘူး" လို့ မီဒီယာတစ်ခုကို ပြောကြားခဲ့ပါတယ်။

သမ္မတဒေါ်နယ်ထရမ့်က ဂျွန်ဆင်ကို စဉ်းစားဖို့အတွက် တိုက်တွန်းသွားခဲ့တယ်လို့ ဆိုပါတယ်။ ခေါင်းဆောင်မှုဟာ အရေးကြီးပြီးတော့ လူတိုင်းအတွက် တာဝန်ခံပေးရတာ ဖြစ်တယ်လို့ ဒွိန်းဂျွန်ဆင်က ပြောခဲ့ပါတယ်။

ရုပ်ရှင်မင်းသားကြီး ရော်နယ်ရေဂင်ဟာ အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရဖူးပြီး အက်ရှင်မင်းသား အာနိုးဟာလည်း ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ရွေးကောက်ခံခဲ့ရဖူးပါတယ်။

# "ပရဟိတအလုပ်တွေကို ကျွန်တော်နဲ့လက်တွဲပြီး လုပ်ပေးမယ့်သူရှိရင်တော့လည်း အိမ်ထောင်ပြုမှာပါ။ ကျွန်တော်တို့နှစ်ယောက် မြန်မာပြည်ကြီးကိုပတ်ပြီး ပရဟိတအလုပ်တွေ လုပ်သွားမှာပေါ့နော်"

## ဝေဠုကျော်နဲ့ တွေ့ဆုံခြင်း

ဝင်းထွန်းနိုင်

သရုပ်ဆောင်ထက်စာရင် ပရဟိတအလုပ်တွေကို ပိုလုပ်ဖြစ်နေတဲ့ သရုပ်ဆောင် ဝေဠုကျော်နဲ့တွေ့ဆုံပြီးရှေ့ ဆက်လုပ်ဆောင်သွားမယ့် အနုပညာလှုပ်ရှားမှုတွေအကြောင်း၊ ရွေးချယ်ရိုက်ကူးသွားမယ့်ဇာတ်လမ်းတွေအကြောင်း၊ ပရဟိတအကြောင်းနဲ့အတူ မစဉ်းစားသေးတဲ့ အိမ်ထောင်ရေးအကြောင်းများကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။



ဓာတ်ပုံ-ဝင်းထွန်းနိုင်

**Voice: လက်ရှိရိုက်ကူးနေတဲ့ 'မကြာမီမျှော်' ရုပ်ရှင်ဇာတ်ကားက အိန္ဒိယဒါရိုက်တာနဲ့လည်း ရှေ့ဆက်ပြီး လက်တွဲသွားဖို့ရှိတယ်နော်။**

**WLK:** ဟုတ်ကဲ့ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အိန္ဒိယအဖွဲ့နဲ့ အများကြီးအလုပ်လုပ်ဖို့ရှိပါတယ်။ သူတို့ကလည်း ဒီဘက်ကနေရိုက်ပြီး ဟိုဘက်ဈေးကွက်ကို ခေါ်သွားချင်တဲ့ အလားအလာရှိတယ်။ ပြီးတော့ သူတို့က ကျွန်တော်တို့ဆီမှာ တစ်နှစ်ကို ခြောက်ကားလောက်ရိုက်မှာဖြစ်တဲ့အတွက် ကျွန်တော့်ကို ခြောက်ကားစလုံးမှာ ပါဝင်ပေးဖို့လည်း ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်က နှစ်ကားလောက်ပဲ ပါဝင်ပေးနိုင်မယ် ပြောထားတယ်။ လက်ရှိမှာတော့ ညှိနေတုန်းပါပဲ။ ကျွန်တော်က ပြည်တွင်းက ရိုက်ပေးသင့်တဲ့ ကုမ္ပဏီတွေကိုလည်း ရိုက်ပေးရပါဦးမယ်။

**Voice: ဒါဆို သရုပ်ဆောင်ဘက်မှာ ခပ်စိပ်စိပ်ပြန်တွေ့ရတော့မှာပေါ့။**

**WLK:** သရုပ်ဆောင်တော့ ပြန်လုပ်မှာပါ။ ဒါပေမဲ့ မိုးတွင်းလေးလဖြစ်တဲ့ ဇွန်လကနေ စက်တင်ဘာလအထိကိုတော့ ကားရိုက်လက်မခံပါဘူး။ အဲဒီ့လတွေက ရာသီဥတုဒဏ်ခံရနိုင်တယ်။ ပြီးတော့ ဦးထွန်းလွင်ကလည်း သူ့ Page မှာ ကြေညာထားတယ်၊ ဒီနှစ်မှာ မုန်တိုင်းလည်းလာပါမယ်၊ မိုးလည်းများပါမယ်၊ ရေလည်းကြီးပါမယ်ဆိုတော့ ကျွန်တော့်အနေနဲ့ စိုးရိမ်မိပါတယ်။ အဲဒါကြောင့် အဲဒီ့လတွေမှာတော့ ကားရိုက်မှာ မဟုတ်ပါဘူး။ ဘေးဒုက္ခနဲ့ လွတ်တဲ့ရက်တွေမှာတော့ ကားရိုက်ပါ့မယ်။

**Voice: ဇာတ်ကားတွေပြန်ရိုက်တဲ့အခါမှာ ဇာတ်တွေကို စိစစ်ရွေးချယ်သွားမှာလား။**

**WLK:** ဇာတ်ကတော့ ကျွန်တော်တို့ရဲ့ယဉ်ကျေးမှု၊ ကျွန်တော်တို့ရဲ့ဓလေ့ထုံးစံတွေကို မထိခိုက်တဲ့ ဇာတ်မျိုးရိုက်မှာပါ။ ပြီးတော့ လုံးဝပညာပေးကားချည်းပဲလည်း မရိုက်ပါဘူး။ ဖျော်ဖြေရေးဖြစ်စေမယ့် ကားမျိုးလည်း စဉ်းစားမှာပါ။ ဒါပေမဲ့ အဆိပ်အတောက်ဖြစ်မယ့်ဇာတ်မျိုးကိုတော့ မရိုက်ဖို့ကြိုးစားပါ့မယ်။

**Voice: ပရဟိတခရီးစဉ်တွေ ရှိသေးရင်လည်း ပြောပြပေးပါဦး။**

**WLK:** အစက ဒီလ ၇ ရက်နေ့မှာ နာဂသွားဖို့စီစဉ်ထားတာပါ။ ဒါပေမဲ့ 'မကြာမီမျှော်' ရုပ်ရှင်ဇာတ်ကားရိုက်ဖို့ လက်ခံလိုက်တော့ ကျွန်တော်ကိုယ်တိုင်မသွားဖြစ်တော့ဘူး။ အဲဒါကြောင့် ကျွန်တော့်ညီမကိုပဲ ကိုယ်စားသွားခိုင်းရတယ်။ နာဂမှာက စာသင်ကျောင်းဆောက်ဖို့နဲ့ တံတားလေးတွေ၊ လမ်းလေးတွေလုပ်ဖို့ပါ။ ပြီးတော့ ကျွန်တော့်ဆီကိုလှူဖို့ ပို့ထားတဲ့ပစ္စည်းတွေကိုလည်း ပို့ပေးရမယ်။ ဒါကတော့ သဘာဝဘေး မဟုတ်ပါဘူး။ ပြန်လည်ထူထောင်ရေးလုပ်ငန်းပေါ့နော်။

**Voice: ပရဟိတအလုပ်လုပ်နေသူတစ်ယောက်ရဲ့ခံယူချက်ကိုလည်း သိချင်ပါတယ်။**

**WLK:** တကယ်တော့ ပရဟိတဆိုတာက သူများတွေအများကြီး လုပ်နေတာကို အားကျပြီးတော့ ငါတို့မလုပ်နိုင်ပါ လားလို့ စိတ်မကောင်းဖြစ်နေစရာမလိုပါဘူး။ ပရဟိတဆိုတာ အများကြီးလုပ်စရာလည်းမလိုဘူး။ အရေးကြီးတာက လုပ်နိုင်ဖို့နဲ့ လုပ်ချင်စိတ်ရှိဖို့ပဲလိုတယ်။ ဥပမာ - ကိုယ့်ရဲ့မိဘနှစ်ပါးကို မပူမပင်၊ မကြောင်းမကြထားပြီးတော့ သူတို့ရဲ့ဝေယျာဝစ္စကို လုပ်ပေးနေတာလည်း ပရဟိတပါပဲ။ နောက်ဆုံး အမှိုက်စလေးတစ်စ ကောက်တာကအစ ပရဟိတဖြစ်ပါတယ်။

**Voice: ပရဟိတအလုပ်တွေနဲ့ပဲ ပျော်မွေ့နေတော့မှာလား။ အိမ်ထောင်ရေးကို မစဉ်းစားတော့ဘူးလား။**

**WLK:** အမေကတော့ပြောပါတယ်။ နင် အိမ်ထောင်ပြုသင့်တာကြာပြီတဲ့၊ ဒါမှမဟုတ် အသက်ငါးဆယ်ကျော် ခြောက်ဆယ်လောက်ဆိုရင်လည်း ဘုန်းကြီးသာ သွားဝတ်လိုက်တော့တဲ့။ အဲဒါကြောင့် တစ်ခုခုတော့ လုပ်ရမှာပေါ့နော်။ အိမ်ထောင်ပဲပြုဖြစ်မလား၊ တစ်ချိန်ကျရင် သာသနာ့ဘောင်ပဲဝင်ဖြစ်မလား နှစ်ခုထဲက တစ်ခုကိုတော့ ရွေးရမယ်။

**Voice: လက်ရှိအသက်အရွယ်မှာ အိမ်ထောင်ရေးဘက်ကို မစဉ်းစားသေးတာက ပရဟိတဘက်ကို အလေးသာသွားလို့လား။**

**WLK:** ကျွန်တော့်အနေနဲ့ အိမ်ထောင်ရေးကို မစဉ်းစားတာတော့ မဟုတ်ပါဘူး။ ဒါကတော့ ပထမအရွယ်က ဝေဒနာကို ဒုတိယအရွယ်မှာလည်း စဉ်းစားချင်ကြတာချည်းပဲလေ။ ဒါပေမဲ့ ကျွန်တော် လုပ်ချင်တဲ့ပရဟိတအလုပ်တွေမှာ အခက်အခဲလေးတွေဖြစ်လာမှာစိုးရိမ်လို့ပါ။ ဥပမာ - ရှင်.ပြန်မလာသေးဘူးလားလို့ နောက်ကနေခေါ် လိုက်ရင် ကျွန်တော်ရှေ့ဆက်မယ့် ခြေလှမ်းတွေက တုံ့သွားမှာစိုးတယ်။

**Voice: တကယ်လို့ ကိုယ်နဲ့စိတ်တူ၊ ကိုယ်တူရှိလာခဲ့ရင်တော့ အိမ်ထောင်ပြုမှာပေါ့နော်။**

**WLK:** ပရဟိတအလုပ်တွေကို ကျွန်တော်နဲ့လက်တွဲပြီး လုပ်ပေးမယ့်သူရှိရင်တော့လည်း အိမ်ထောင်ပြုမှာပါ။ ကျွန်တော်တို့နှစ်ယောက် မြန်မာပြည်ကြီးကို ပတ်ပြီး ပရဟိတအလုပ်တွေလုပ်သွားမှာပေါ့နော်။ ပြီးတော့ ကျွန်တော့်အနေနဲ့ မြန်မာပြည်မှာ အစ်ကိုကြီး ကိုကျော်သူတို့စုံတွဲကို အရမ်းအားကျပါတယ်။ အစ်မရွှေဇီးကွက်က ကိုကျော်သူရဲ့နောက်ကနေ တကယ့်ပါရမီ ဖြည့်ဘက်အဖြစ် လိုက်လုပ်ပေးနိုင်တဲ့သူပါ။ ကျွန်တော်လည်း ကိုကျော်သူတို့ စုံတွဲလို ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

# 'အတ္တ' သီချင်းတစ်ပုဒ်တည်းကို သိန်းခြောက်ဆယ်ကျော် အကုန်အကျခံပြီး ရိုက်ထားတယ်ဆိုတဲ့ ဇွဲပြည့်



ဓာတ်ပုံ-ဝင်းထွန်းနိုင်

**ရန်ကုန်၊ မေ ၁၁**

ပရိသတ်တွေစောင့်မျှော်နေကြတဲ့ 'ခိုလှုံရာ' MTV က မေလ ၂၇ ရက်နေ့မှာ ထွက်ရှိလာတော့မှာဖြစ်ပြီး အခွေမှာပါတဲ့ 'အတ္တ' သီချင်းတစ်ပုဒ်တည်းကိုပဲ သိန်းခြောက်ဆယ်ကျော် အကုန်အကျခံ ရိုက်ကူးထားတယ်လို့ တေးသံရှင်ဇွဲပြည့်က The Voice ကို ပြောကြားပါတယ်။

"ဒီသီချင်းကို အင်းလျားကန်ထဲမှာ ရိုက်ထားတာပါ။ ပေအစိတ်လောက်ရှိတဲ့ရေလယ်ကောင်မှာ ငြမ်းစင်ဆောက်ပြီး စင်ပေါ်မှာ စန္ဒရားနဲ့ ရိုက်ထားတယ်။ ရုပ်ရှင်ကားကြီး ရိုက်သလိုမီးတွေပေးပြီး အကောင်းဆုံးရိုက်ထားတဲ့အတွက် ပရိသတ်ကြီးလည်းကြည့်မိရင်သဘောကျကြမှာပါ။ ပြီးတော့ သီချင်းတွေ အကုန်လုံးကိုလည်း တစ်ပုဒ်နဲ့တစ်ပုဒ် ကျော်စရာမလိုလောက်အောင် ရိုက်ကူးထားပါတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

'ခိုလှုံရာ' အခွေမှာ သီချင်းဟောင်း ငါးပုဒ်ကို ပြန်ဆိုထားပြီး ကိုယ့်ကြောင့် သီချင်းပျက်သွားမှာစိုးရိမ်သလို သီချင်းရဲ့တန်ဖိုး လျော့သွားမှာစိုးတဲ့အတွက် တွေးတောချင့်ချိန်ပြီးမှ ပြန်ဆိုဖြစ်တယ်လို့ တေးသံရှင် ဇွဲပြည့်က ပြောပါတယ်။

"Audio ထွက်တုန်းကတော့ အရမ်းဝေဖန်တာမျိုးမရှိဘူး။ တချို့တလေကတော့ အလွယ်လမ်းလိုက်တယ်လို့ ပြောကြတယ်။ တကယ်တော့ ပရိသတ်နဲ့ ဝေးကွာနေတဲ့သီချင်းတွေကို ပြန်ပြီးနီးစပ်လာအောင် လုပ်တဲ့သဘောပါပဲ။ ကျွန်တော်ပိုပြီး အောင်မြင်ချင်လို့ လူသိတဲ့သီချင်းတွေကို ပြန်ဆိုတာမဟုတ်ပါဘူး" လို့ ၎င်းက ဆိုပါတယ်။

Promotion ပွဲများကိုတော့ မေလ ၂၇ ရက်နေ့ ညနေ ၄ နာရီမှာ လှည်းတန်း စင်တာ (Outdoor Area)၊ မေလ ၂၈ ရက်နေ့ ညနေ ၄ နာရီမှာ မန္တလေး(Sky Walk Shopping Mall)တို့မှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး ပထမဆုံးအခွေဝယ်သူတဲ့ပရိသတ် အယောက် ၂၀၀ ကို တီရှပ်အထည် ၁၀၀ နဲ့ ဦးထုပ်အလုံး ၁၀၀ တို့ကို မေတ္တာလက်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

# ဂီတဗီဒီယိုအသစ်နှစ်ပုဒ်ကို တစ်ပြိုင်တည်း ဖြန့်ချိပေးခဲ့တဲ့ PSY



soompi.com

**ဆိုးလ်၊ မေ ၁၁**

တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာကျော် အဆိုတော်တစ်ဦးဖြစ်တဲ့ PSY က မေလ ၁၀ ရက်နေ့မှာ ပရိသတ်တွေအတွက် ဂီတဗီဒီယို အသစ်နှစ်ပုဒ်ကို တစ်ပြိုင်တည်း ဖြန့်ချိပေးခဲ့ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

PSY ရဲ့အသစ်ထွက်ရှိလာတဲ့ 'I LUV IT' နဲ့ 'New Face' ဂီတဗီဒီယိုနှစ်ပုဒ်က ရှစ်ခွေမြောက် စတူဒီယိုအယ်လ်ဘမ် '4×2= 8' မှာ ပါဝင်တဲ့ သီချင်းတွေဖြစ်ပြီး၊ သူ့သီချင်းတွေရဲ့ ထုံးစံအတိုင်းမြူးမြူး ကြွကြွနဲ့ ပျော်စရာကောင်းတဲ့ သီချင်းတွေ ဖြစ်ပါတယ်။

I LUV IT သီချင်းကတော့ ထွက်ရှိပြီးပြီးခြင်းမှာပဲ ကိုရီးယားနိုင်ငံရဲ့ Music Chart ရှစ်ခုမှာ ပထမနေရာကနေ ရပ်တည်နိုင်ခဲ့ပါတယ်။ I LUV IT သီချင်းမှာတော့ ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီဗြောင်ဟွန်း ပါဝင်သရုပ်ဆောင်ထားပါတယ်။ PSY ရဲ့စီးရီးသစ်မှာတော့ ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် လူငယ်အနုပညာရှင်တွေဖြစ်တဲ့ Taeyang၊ G Dragon၊ Lee Sung Kyung၊ Bobby၊ B.I၊ Tablo တို့ က သီချင်းတွေ ပူးပေါင်းရေးသားပေးထားသလို ပါဝင်အားဖြည့် သီဆိုပေးထားပါတယ်။

# ကမ္ဘာမြေကို စွန့်ခွာသွားရန် စတီဖင် ဟော့ကင်းပြောကြားချက် မဟုတ်မှန်ဟု စိန်ခေါ်ခံရ

**ဝါရှင်တန်၊ မေ ၁၀**

ကမ္ဘာကျော် ရူပဗေဒပညာရှင်ကြီးတစ်ဦးဖြစ်သူ စတီဖင် ဟော့ကင်း သည် မကြာသေးမီက BBC သတင်းဌာနမှ ထုတ်လွှင့်သော Expedition New Earth အစီအစဉ်၌ ကမ္ဘာကြီး ပျက်စီးလုနီးပြီဖြစ်သောကြောင့် လူသားတို့သည် လာမည့် နှစ် ၁၀၀ အတွင်း ကမ္ဘာမြေကို စွန့်ခွာကာ အာကာသ ထဲတွင် ဂြိုဟ်သစ်များရှာဖွေသင့်ကြောင်း ပြောကြားချက်ကို ရူပဗေဒ၊ သင်္ချာနှင့် နက္ခတ်ဗေဒပညာရှင် ဒေါက်တာတစ်ဦးက မဖြစ်နိုင်ကြောင်း ထောက်ပြဝေဖန် စိန်ခေါ်လိုက်သည်ဟု Tech Times သတင်းတွင် ဖော်ပြထားသည်။


Bryan Bedder

စတီဖင် ဟော့ကင်းက ကမ္ဘာမြေကြီးသည် ရာသီဥတု ပြောင်းလဲခြင်း၊ ဂြိုဟ်ပဲ့များ ပြုတ်ကျထိခိုက်မှုကို ခံရနိုင်ခြင်း၊ ရောဂါဘယဘေးများ ကျရောက်နိုင်ခြင်း၊ နျူကလီးယားစစ်ပွဲဘေးများ ရင်ဆိုင်ရနိုင်ခြင်းစသည့် ဘေးများကို ခံစားရပြီး ပျက်စီးနိုင်သောကြောင့် ဂြိုဟ်အသစ်တစ်ခုတွင် သွားရောက်နေထိုင်မှ လူသားမျိုး မပျက်သုဉ်းမည်ဖြစ်ကြောင်း ကြိုတင်သတိပေးခဲ့သည်။

အသက် ၇၄ နှစ်အရွယ် ရှိနေပြီဖြစ်သည့် ကင်းဘရစ်ချ်တက္ကသိုလ်မှ ပါမောက္ခ ဟော့ကင်းသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလက အောက်စ်ဖို့ဒ်တက္ကသိုလ်တွင် ကမ္ဘာကြီးသည် နောက်ထပ် နှစ်ပေါင်း ၁၀၀၀ ပင် မခံတော့  ကြောင်းလည်း ပြောကြားခဲ့သည်။

ဟော့ကင်း၏ ဝေဖန်ပြောကြားချက်များကို ထင်ရှားသည့် သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ မိုက်ကယ် ဂူလန်က စိန်ခေါ်လိုက်ပြီး ဟော့ကင်း၏ ပြောကြားချက်များသည် သိပ္ပံနည်းမကျသည့် ခန့်မှန်းပြောဆိုချက်များဖြစ် ကြောင်း Fox News ကတစ်ဆင့် ထောက်ပြဝေဖန်ခဲ့သည်။

မိုက်ကယ်က ဟော့ကင်း၏ ပြောကြားချက်သည် သမ္မတ ဒေါ်နယ်ထရမ့်လို ပေါက်ကရ ပြောပြီး လူစိတ်ဝင်စား စေရန် လုပ်ဆောင်ခြင်းမျှ သာဖြစ်ကြောင်း၊ ဒေါ်နယ်ထရမ့်ကလည်း သိပ္ပံပညာရှင်များအကြောင်း မကောင်းပြောပြီး  လူအထင်ကြီး အာရုံစိုက်စေရန် လုပ်ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒေါက်တာ မိုက်ကယ် ဂူလန်က ကမ္ဘာကြီးပေါ်တွင် လူသားတို့ တီထွင်မှုကြောင့် လူသားတို့ ပျက်စီးနိုင်သည့် အကြောင်းတရားပေါင်းများစွာရှိနေသော်လည်း၊ လူသားတို့ကသာ ပြန်လည် ထိန်းသိမ်းစောင့်ရှောက် သွားကြရကြောင်း၊ ကမ္ဘာကြီးမှ လူသားတို့ အာကာသအတွင်းသို့ ခြေဆန့်နေကြသည်မှာ ၁၉၇၀ ပြည့်နှစ်ခန့် ကတည်းက ဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့အပြင်သို့ လူသားများကို ပို့ဆောင်ပေးရန် ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း ကြိုးစားနေကြကြောင်း၊ အင်္ဂါဂြိုဟ်ပေါ်တွင် လူသားတို့ နေထိုင်နိုင်ရေးဆိုသည်မှာ မဖြစ်နိုင်သေးကြောင်း ထောက်ပြဝေဖန်ခဲ့သည်။

ကမ္ဘာကြီးပျက်စီးမည်စိုးရိမ်ပြီး ကမ္ဘာကြီးက စွန့်ခွာထွက်ပြေးရန်ဆိုသည်မှာ ငွေကြေးချမ်းသာသည့် သူဌေးကြီးများ၏ နှစ်ပေါင်းများစွာ ကြိုးစားနေသော အစီအစဉ်ဖြစ်သော်လည်း လက်တွေ့တွင် မဖြစ်နိုင်သေးကြောင်း Tech Times တွင် ရေးသားထားသည်။ ■

# ဆိုက်ဘာတိုက်ခိုက်မှုများသည် လူသားတို့အတွက် အဓိကပြဿနာတစ်ခုဖြစ်လာနိုင်ဟု ဘတ်ဖစ်ပြောကြား

**ဝါရှင်တန်၊ မေ ၁၀**



ဆိုက်ဘာ တိုက်ခိုက်မှုများသည် နျူကလီးယားဖြင့် ခြိမ်းခြောက်တိုက်ခိုက်မှုများထက် ပိုပြီးကြီးမားလာနိုင်သည့် လူသားတို့အတွက် အဓိကပြဿနာကြီးတစ်ခုဖြစ်လာနိုင်ကြောင်း အမေရိကန် စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦး ဖြစ်သည့် သူဌေးကြီး ဝါရင် ဘတ်ဖစ်၏ ပြောကြားချက်ကို AFP သတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော် ဆိုက်ဘာအကြောင်းတော့ သိပ်မသိပါဘူး။ ဒါပေမဲ့ အဲဒါကြီးက လူသားတို့အတွက် နံပါတ်တစ် ပြဿနာကြီး တစ်ခုဖြစ်လာလိမ့်မယ်"ဟု ယင်းကဆိုသည်။

ယမန်နှစ်ကတည်းက ဘီလီယံနာ သူဌေးကြီး ဝါရင် ဘတ်ဖစ်သည် စီးပွားရေး လုပ်ငန်းကြီးများ အနေနှင့် ဇီဝလက်နက်များဖြင့် တိုက်ခိုက်မှုများ၊ နျူကလီးယားစစ်ပွဲများနှင့် ဓာတုဆေးဝါးများဖြင့် တိုက်ခိုက်မှုများအပြင် အွန်လိုင်းကတစ်ဆင့် ဆိုက်ဘာတိုက်ခိုက်မှုများကိုလည်း သတိထားသင့်ကြောင်း သတိပေးခဲ့ပြီးဖြစ်သည်။

ဘတ်ဖစ်က မြင်ရသည့် လက်နက်များဖြင့် တိုက်ခိုက်မှုများထက်၊ မမြင်ရသည့် မမျှော်လင့်သောနေရာမှ တိုက်ခိုက်လာမည့် ဆိုက်ဘာအန္တရာယ်ကိုလည်း သတိထားရန်လိုကြောင်း အမေရိကန် ပြည်ထောင်စု၊  နီဘရားစကားပြည်နယ်၊ အိုဟားမားမြို့တွင် ကျင်းပသည့် ရှယ်ယာရှင်များ တွေ့ဆုံပွဲ၌ ပြောကြားသည်။

ထို့ပြင် ဘတ်ဖစ်က ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပြီးကတည်းက အမေရိကန်အစိုးရအနေနှင့် အဏုမြူဗုံးချသည့် အလုပ်မျိုးကဲ့သို့ မလုပ်ခဲ့ခြင်းအပေါ် ကျေးဇူးတင်ကြောင်း၊ စီးပွားရေး လုပ်ငန်းများတွင် ဉာဏ်ရည်တုများဖြင့် စွမ်းဆောင်နိုင်သည့်အပေါ် မှီခိုနေခြင်းများအပေါ် သတိထားရန်လိုကြောင်းလည်း ထောက်ပြခဲ့သည်။

ဉာဏ်ရည်တုဖြင့် လုပ်ငန်းများ လုပ်ဆောင်လာခြင်းကြောင့် အလုပ်သမားများကို လျှော့ချနိုင်ခဲ့သည် မှန်သော်လည်း၊ လူ့ဘောင်အတွက် ကောင်းကျိုးဖြစ်မလာနိုင်ကြောင်း၊ ဆိုက်ဘာလုံခြုံရေး ညံ့ဖျင်းမှုကြောင့် သမ္မတရွေးကောက်ပွဲကို ထိခိုက်နိုင်မှုများ ဖြစ်ခဲ့သည်ကိုလည်း သတိထားစေလိုကြောင်း ဘတ်ဖစ်ကဆိုသည်။ ■

## NEWS IN BRIEF

### အင်တာနက် ထိန်းချုပ်မှုများကို ပိုပြီး ပြုလုပ်သွားမည်ဟု တရုတ်ပြောကြား

ကွန်မြူနစ်ပါတီနှင့် နိုင်ငံ့ခေါင်းဆောင်ဖြစ်သူ သမ္မတရှီကျင့်ဖျင်၏ လမ်းညွှန်ချက်အရ တရုတ်နိုင်ငံ၏ အင်တာနက် အွန်လိုင်းထိန်းချုပ်မှုများကို ယခုထက်ပိုပြီး လုပ်ဆောင်သွားရန် အစီအစဉ်ရှိကြောင်း Reuters  သတင်းတွင်ဖော်ပြထားသည်။

သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံ၏ ဆိုက်ဘာ လွတ်လပ်မှုနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝ ထိန်းချုပ်နိုင် စေရမည်ဆိုသည့် လမ်းညွှန်ချက်အတိုင်း၊ ကွန်မြူနစ်ပါတီ ဦးဆောင်မှုဖြင့် အွန်လိုင်းပေါ်မှ ဆွေးနွေးပြောဆို ဝေဖန်မှုများကို အရေးယူဆောင်ရွက်မှုများ တိုးမြှင့် လုပ်ဆောင်သွားမည်ဟု ယင်းသတင်းကဆိုသည်။

နိုင်ငံတော်ကောင်စီနှင့် ပါတီကထုတ်ပြန်သည့် ငါးနှစ်စီမံကိန်းကာလအတွင်း တရုတ်နိုင်ငံ၏ အင်တာနက်ကို ဥပဒေများ တိကျခိုင်မာစွာ ထုတ်ပြန်ပြီး ထိန်းချုပ်သွားမည်ဖြစ်ကြောင်း Xinhua သတင်းတွင်လည်း ရေးသားထားသည်။ ■

### လာမည့် ၁၀ နှစ်အတွင်း ကိုယ်ခန္ဓာအစိတ်အပိုင်းများကို 3D ပရင်တာဖြင့်ထုတ်နိုင်မည်

3D ဘိုင်အိုပရင်တာများကို တီထွင်မှုများ ခေတ်စားလာသဖြင့် ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံတန်ကြေးရှိမည့် လူ့ ကိုယ်ခန္ဓာအစိတ်အပိုင်းများပုံစံတူ ထုတ်လုပ်ပေးနိုင်သော ပရင်တာကြီးများကို လာမည့် ၂၀၂၇ ခုနှစ်အတွင်း ပေါ်ပေါက်လာအောင် လုပ်ဆောင်နိုင်မည်ဟု International Business Times တွင်ဖော်ပြထားသည်။

3D ပရင်တာကြီးများကို အထူးပြုထုတ်လုပ်နေသော IDTechEx ကုမ္ပဏီမှ တာဝန်ရှိသူများက ဇီဝပရင်တာ လုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သောကြောင့် လူသားတို့၏ ဆဲလ်များကိုထုတ်ပြီး ပရင်တာဖြင့် ခန္ဓာကိုယ်က လက်ခံနိုင်သော အစိတ်အပိုင်းများဖြစ်အောင် ထုတ်နိုင်တော့မည်ဟုပြောကြားသည်။

လက်ရှိအနေအထားတွင် လူသားတို့၏ အရေပြား၊ သွေးကြောနှင့် နားရွက်အတုများကို အောင်မြင်စွာ ထုတ်လုပ် တပ်ဆင်ပေးနိုင်ခဲ့ကြောင်း ယင်းသတင်းကဆိုသည်။ ■

### ကျောင်းသားတစ်ဦးက အာကာသထဲမှ ကမ္ဘာ့ဓာတ်ပုံများကို ဆန်းကြယ်စွာ ရိုက်ကူးပြ

ကနေဒါနိုင်ငံ၊ ဝင်နီပက်မှ အထက်တန်းကျောင်းသားတစ်ဦးသည် အထူးတီထွင်ထားသည့် မိုးပျံပူဖောင်းကြီးကို ကမ္ဘာ့မြေပြင်အထက် ကီလိုမီတာ ၃၀ အကွာအထိ လွှတ်တင်ပြီး ထူးခြားဆန်းပြားသည့် ကမ္ဘာ့မြင်ကွင်း များကို အာကာသထဲက ရိုက်ကူးပြနိုင်ခဲ့ကြောင်း International Business Times တွင်ဖော်ပြထားသည်။

Mobius ကင်မရာများကို မိုးပျံပူဖောင်းအတွင်း ထည့်လွှတ်ပေးလိုက်ပြီးနောက် မြေပြင်ကတစ်ဆင့် ကမ္ဘာမြေ၏ ပုံများကို ဆန်းပြားစွာ ရိုက်ကူးခြင်းမှာ ကျောင်းပြီးချိန်တွင် ပရောဂျက်တစ်ခု အနေနှင့် အင်တာနက်ပေါ်သို့ လွှင့်ထုတ်နိုင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဟီလီယမ်ဓာတ်များ ဖြည့်သွင်းထားသည့် ယင်းမိုးပျံပူဖောင်းကြီးကို Styrofoam ကုမ္ပဏီက လုပ်ဆောင်ပေးခြင်း ဖြစ်ပြီး Arduino မိုက်ခရိုထိန်းချုပ်ကိရိယာများ၊ ဆင်ဆာများနှင့် Mobius ကင်မရာနှစ်လုံး ထည့်သွင်းပေး လိုက်ပြီး အဝေးကထိန်းချုပ်လုပ်ဆောင်ခိုင်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု IBT တွင် ရေးသားထားသည်။ ■

### ဘဏ်ငွေစာရင်း ၅၀ ရာခိုင်နှုန်းခန့် ယမန်နှစ်က ခိုးဖောက်ခြင်းခံခဲ့ရဟုဆို

ဘဏ်နှင့် ဆက်သွယ်လုပ်ဆောင်နေသည့် ငွေစာရင်းများ၊ ခရက်ဒစ်ကတ်များနှင့် မိုဘိုင်းလ်ဖုန်းဖြင့် ဆက်သွယ် လုပ်ဆောင်ရသည့် ငွေပေးချေမှု လုပ်ငန်း ထက်ဝက် ၅၀ ရာခိုင်နှုန်းခန့်ကို ခိုးဖောက်ခြင်း ခံခဲ့ရကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

နိုင်ငံတကာ အွန်လိုင်းခိုးဖောက်မှုများကို စောင့်ကြည့်နေသည့် Fraudscape အဖွဲ့က ဦးဆောင်ပြီး ကုမ္ပဏီကြီး ပေါင်း ၃၈၇ ခု၏ ခိုးဖောက်ခံရမှုများကို လေ့လာဆန်းစစ်ကာ ယင်းသို့ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အွန်လိုင်းကတစ်ဆင့် ငွေကြေးဆိုင်ရာ ခိုးဖောက်မှုပေါင်း ၁၅၄၉၇ မှုရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်တွင် ၂၂၅၂၅ မှုအထိ တိုးပွားလာကာ ၄၅ ရာခိုင်နှုန်းခန့်အထိ အွန်လိုင်းရာဇဝတ်မှုများ တိုးမြင့်လာခြင်း ဖြစ်ကြောင်း Cifas အဖွဲ့၏ အစီရင်ခံစာတွင်လည်း ရေးသားထားသည်။ ■

### ၆ ပေခန့်သာရှည်မည့် လနှင့် အင်္ဂါဂြိုဟ်သွားဒုံးပျံတီထွင်

အမေရိကန်အာကာသသိပ္ပံ NASA အဖွဲ့သည် တစ်နာရီလျှင် မိုင် ၇၀ နှုန်းခန့် ပျံသန်းနိုင်မည့် လပေါ်နှင့် အင်္ဂါဂြိုဟ်ကို စေလွှတ်နိုင်သော ၆ ပေခန့်သာ အရှည်ရှိမည့် ဒုံးပျံများကို Space Launch System အစီအစဉ်ဖြင့် ထုတ်လုပ်သွားရန် စီစဉ်နေကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

NASA အဖွဲ့၏ အထူးစီစဉ်ထားသော Langley Research Center မှ Subsonic Wind Turnnel အတွင်း Orion ဟု အမည်ပေးထားသော ဒုံးပျံများကို မကြာမီ စမ်းသပ်ရန် စီစဉ်လျက်ရှိကြောင်း ယင်းသတင်းကဆိုသည်။

Orion ဒုံးပျံများကို လာမည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် EM-1 မစ်ရှင်အနေနှင့် စီစဉ်စေလွှတ်ရန် သတ်မှတ် ထားကြောင်း၊ တစ်ယောက်စီး ၆ ပေ ဒုံးပျံယာဉ်များကို ကနေဒီအာကာသစခန်းမှ စမ်းသပ်စေလွှတ်မည်ဖြစ်ကြောင်း Reuters တွင်ရေးသားထားသည်။ ■

# ပိုးလမ်းမသစ်ကြီး

မောင်အဏ္ဏဝါ (ကဒုံ)



Photo - i1.wp.com

**အားလုံးတက်ကြွ ခါးပတ်လမ်း အမြန်ရထား**

ရှီကျင့်ဖျင်သည် ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံရန်အတွက် ပြင်ဆင်မှုတွေလုပ်နေပြီး၊ ထိုပြင်ဆင်မှုကား သူ၏အလွန်ရည်မှန်းချက်ကြီးသော အလုံးကျယ်လွန်းသော နိုင်ငံခြားရေး ပေါ်လစီကြီးဖြစ်ပေသည်။

ဧပြီလ ၁၀ ရက်နေ့တွင် ကုန်ရထားတစ်စီးသည် လန်ဒန်မြို့၏ ဘာကင်းဘူတာရုံ (Barking Station) ဆွဲထုတ်ပြီးနောက် စကော့ဝီစကီ၊ ကလေးနို့မှုန့်နှင့် အင်ဂျင်နီယာ ပစ္စည်းကိရိယာများ တင်ဆောင်၍ တရုတ်ပြည်သို့ ထွက်ခဲ့သည်။ ထိုရထားကြီး ၃ ပတ်လောက်နီးနီးတွင် တရုတ်နိုင်ငံ အရှေ့ခြမ်း ယီဝူမြို့သို့ (Yiwu) ရောက်ခဲ့သည်။ ထိုခရီးစဉ်သည် ဒုတိယအရှည်ဆုံး အသွားအပြန်ခရီးကို သွားခဲ့ခြင်းဖြစ်သည်။ (၂၀၁၄ ခုနှစ် ယီဝူနှင့် မဒရစ်ဒ် ခရီးစဉ်ပြီးလျှင် ဒီခရီးစဉ်ဟာ စံချိန်တင်တာပါပဲ။) ဒီခရီးစဉ်သည် ရေကြောင်းအတိုင်း ဗြိတိသျှနိုင်ငံမှ တရုတ်ပြည်သို့သွားလျှင် တစ်လကြာမည့် အချိန်ကာလကို ဖြတ်ပစ်လိုက်တာပါပဲ။

ထိုရထားထွက်ခွာပြီး နောက်တစ်နေ့တွင် သိပ်ပြီးတော့ ဟိုးလေးတကျော် မဖြစ်ခဲ့ပါ၊ ဒါပေမဲ့ ပိုပြီးဖြစ်နိုင်ခြေရှိ၍ အရေးပါသည့် အဖြစ်အပျက်ကတော့ မြန်မာနိုင်ငံ၊ ကျောက်ဖြူဆိပ်ကမ်းရဲ့သတင်းက ရှေ့တန်းရောက်ပြီး နေရာယူသွားခဲ့သည်။ အလုပ်သမားများ စတင်ပြီး၍ ရေနံတွေကို ရေနံတင်သင်္ဘောပေါ်မှ အသစ်ပိုက်လိုင်းထဲသို့ ဝင်ရောက်စေပြီးနောက် မြန်မာဆိပ်ကမ်းမှနေ၍ တရုတ်ပြည် အရှေ့တောင်ဘက် ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းသို့ ပို့လွှတ်ခဲ့ကြသည်။ ထိုပိုက်လိုင်းသည် မာလက္ကာရေလက်ကြားကို ရှောင်ကွင်းပြီး တရုတ်ပြည်၏ ပြည်ပတင်သွင်းရမည့် ရေနံ ၈၀ ရာခိုင်နှုန်းကို ထိုပိုက်လိုင်းမှ ပို့ဆောင်မည်။ နောက်ဆုံးတော့လည်း တရုတ်ပြည်၏ အနောက်ဘက်တွင်ရှိပြီး ကြီးမားကျယ်ပြန့်သည့်မြို့တော် ချောင်ကျင်းအတွက် စွမ်းအင် ပို့ဆောင်ထောက်ပံ့နိုင်၍ နိုင်ငံရေးကြောင့်ဖြစ်လာမည့် ရေလက်ကြားအဖျက်အမှောင့် ပြဿနာများကို ကျော်လွှားနိုင်မည်ဖြစ်ပြီး၊ ထိုအကျိုးဆက်ကြောင့်ဖြစ်လာမည့် ပျော့ကွက်များ၊ အားနည်းချက်များလည်း အချိန်ကြာမြင့်စွာ မရှိနိုင်တော့ပါ။

> ❝
> **သမ္မတကြီးရှီသည် ခမ်းနားထည်ဝါသော တွေ့ဆုံပွဲကြီးကို ဘေဂျင်းမြို့တော်ကြီးမှာ ထိုစီမံကိန်း ဆင်ယင်ကျင်းပရန် ပြင်ဆင်မှုများ လုပ်နေသည်။ ထိုစီမံကိန်းအခမ်းအနားကြီးမှာ ခါးပတ်လမ်း ဆွေးနွေးပွဲကြီးအဖြစ် နာမည်ကြီးနေသည့် ပွဲကြီးဖြစ်ပေသည်။ မေလ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ခေါင်းဆောင်များ ထိုအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်သည်။ ထိုအထဲတွင် ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်နှင့် မြန်မာ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ပေမည်**
> ❞

ထိုပိုက်လိုင်းနှင့် ရထားလမ်းအဖြစ်အပျက် နှစ်ခုသည် ရှီကျင့်ဖျင်ရဲ့ 'ခါးပတ်နှင့်လမ်း ပဏာမခြေလှမ်း' တို့ဖြစ်ပြီး၊ တရုတ်သမ္မတကြီး၏ ပြည်ပဆက်ဆံရေးမူဝါဒတစ်ခုဖြစ်သည့် ဗဟိုပြဿနာကျေတ ဖြစ်ပေသည်။ ထိုမူဝါဒကို ဗိုလ်ချုပ်ကြီးများ ကြိုက်နှစ်သက်စွာ ခေါ်ဆိုသည့်အတိုင်း 'ရေဘူးပေါက်တာ မလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်'။ ဒေါ်လာ ဘီလီယံ ၁၅၀ ဘဏ္ဍာရေးအတိုင်း အခြေခံအဆောက်အဦတို့အတွက် ပိုးလမ်းမအဟောင်း တရုတ်ပြည်၏ တောင်ဘက်နှင့် အနောက်ဘက်ခြမ်းတို့နှင့် ထိစပ်နေသည့်နိုင်ငံများအတွက် တစ်နှစ်အတွင်းသုံးစွဲရန်ဖြစ်သည်။ မစ္စတာရှီ မျှော်လင့်ထားသည်မှာ ဈေးကွက်သစ်များကို တရုတ်ကုမ္ပဏီများအတွက် ဖော်ဆောင်နိုင်ပေမည်။ ထို့အပြင် သူ့ရဲ့အစိုးရအနေနှင့် နယ်ပယ်ဝန်းကျင်သစ်တစ်ခုတွင် ဩဇာလွှမ်းမိုးနိုင်ရန် ရည်ရွယ်သည်။

သမ္မတကြီးရှီသည် ခမ်းနားထည်ဝါသော တွေ့ဆုံပွဲကြီးကို ဘေဂျင်းမြို့တော်ကြီးမှာ ထိုစီမံကိန်း ဆင်ယင်ကျင်းပရန် ပြင်ဆင်မှုများ လုပ်နေသည်။ ထိုစီမံကိန်းအခမ်းအနားကြီးမှာ ခါးပတ်လမ်း ဆွေးနွေးပွဲကြီးအဖြစ် နာမည်ကြီးနေသည့် ပွဲကြီးဖြစ်ပေသည်။ မေလ ၁၄ ရက်နှင့် ၁၅ ရက်နေ့များတွင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ခေါင်းဆောင်များ ထိုအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်သည်။ ထိုအထဲတွင် ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်နှင့် မြန်မာ့ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ပေမည်။ မစ္စတာရှီသည် ထိုစီမံကိန်းကြောင့် စုဝေးရောက်ရှိနေသည့် နိုင်ငံ့ခေါင်းဆောင်များကို သူ့နိုင်ငံ၏ ကိုယ်ပိုင်အားကိုးယုံကြည်မှုနှင့် သူကိုယ်တိုင်ကလည်း ကမ္ဘာ့ခေါင်းဆောင်တစ်ယောက်အဖြစ် ပြသရန် ကြိုးစားမည်ဖြစ်သည်။ သို့သော် သေချာကြည့်ကြမည်ဆိုပါက လိမ်လည်လှည့်ဖြားမှုကြီးလည်း ဖြစ်နိုင်ပါသည်။ တကယ့်လက်တွေ့တွင် မစ္စတာရှီ လက်တွေ့ရင်ဆိုင်ရမည်ကား ယင်းစီမံကိန်းကြီးနှင့် သက်ဆိုင်ရာနိုင်ငံများမှ လူများစွာတို့က တုံ့ပြန်ကြမည့် လူမှုရေး၊ နိုင်ငံရေး ပြဿနာရပ်များဖြစ်သည်။

**သိပ်ပြီးမမြန်နိုင်ပါ**

ထိုစီမံချက်သည် သုံးပွင့်ဆိုင် ပြဿနာကြီးအတွင်းသို့ တိုးဝင်နေသည်။ ပထမပြဿနာမှာ မရှင်းလင်းပေ။ ဘယ်အရာသည် ပထမဦးစားပေးလဲ (သို့) ဘယ်သူဦးဆောင်လုပ်မှာလဲ။ "သေချာတိကျတဲ့ ပန်းတိုင်ကို ချမှတ်နိုင်ဖို့ ကျွန်တော်တို့ ဘာမှမလုပ်ရသေးဘူး" ဟု ဘေဂျင်း နိုင်ငံတကာရေးရာ လေ့လာရေးတက္ကသိုလ်မှ ကျိုတောင်ရှမ်က ပြောသည်။ ပြည်နယ်တိုင်းတွင် သူတို့ကိုယ်ပိုင် ခါးပတ်လမ်း ရင်းနှီးမြှုပ်နှံမှုရှိသည်။ ထို့ကြောင့် အစိုးရပိုင်ကုမ္ပဏီပေါင်း ရာပေါင်းများစွာက လုပ်ကြမည်။ အစိုးရ၏ ခိုင်မာသည့်ကျောထောက်နောက်ခံနှင့် ကူညီမှုများကြောင့် စီမံကိန်းများစွာကို အလျင်အမြန် လုပ်ဆောင်နိုင်လိမ့်မည်။ သို့မဟုတ်ပါက ၂၀၁၃ ခုနှစ်က မစ္စတာရှီပြောခဲ့သလို စိတ်ကူးအိုင်ဒီယာသက်သက်သာဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ နေ့စဉ် စီမံခန့်ခွဲနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ခါးပတ်လမ်းစီမံကိန်း စာရင်းဇယား ပုံနှိပ်ထုတ်ဝေခြင်းသည် ထောင်ပေါင်းများစွာသော ဘဏ္ဍာရေးဆိုင်ရာ သံသယရှိသော စီမံချက်များ ဖြစ်ပေမည်။ ထို့အပြင် သွေးနားထင်ရောက်နေပြီး အကျင့်ဆိုးများရှိသည့် တရုတ်ကုမ္ပဏီများသည် တချို့သောနိုင်ငံများတွင် လုပ်ငန်းလည်ပတ်ရာ၌ အင်အားကြီးမားသော တရုတ်ပြည်၏ အရှိန်အဝါကိုသုံးခြင်းကြောင့် သက်ဆိုင်ရာ ဒေသခံပြည်သူများ၏ မုန်းတီးကြောက်လန့်မှုများ ပိုတိုးပွားစေခဲ့သည်။

ထိုစီမံချက်အား အခြားနာမည်တစ်ခု ပေးခဲ့ပါမူ တရုတ်တို့၏ ကြိုးပမ်းအားထုတ်မှု ရောင်ပြန်ဟပ်နိုင်ပြီး နိုင်ငံခြားသားများအတွက် နှစ်လိုဖွယ် လုပ်ပေးနိုင်ပေမည်။ မစ္စတာရှီ ပထမပြောခဲ့စဉ်က 'ပိုးလမ်းမကြီး စီးပွားရေး ခါးပတ်လမ်း' ( Silk Road economic belt) ဟူ၍ ဖြစ်သည်။ ထိုအတွက်ကြောင့် အငြင်းပွားစရာမလိုပါ။ သို့သော် ပထဝီဒေသဆိုင်ရာ နယ်ပယ်သစ်စကားရပ်အရ တီထွင်ဖန်တီးထားခြင်းသာဖြစ်သည်၊ ယီဒိုင် ယီလူ (Yidai Yilu) (သို့) ဝမ်းဘဲ့, ဝမ်းရုတ် - One [land] Belt, One [maritime] Road. အင်္ဂလိပ် အဓိပ္ပာယ်အရ အလွန်အရုပ်ဆိုးပြီး တာဝန်ရှိပုဂ္ဂိုလ်များ သဘောပေါက်သည့်အချိန်တွင် အန္တရာယ်များကြောင်း ညွှန်းပြနေသည့် အရာအားလုံးမှာ တရုတ်ပြည်၏စီမံချက်များ ဖြစ်သည်။ ၎င်းတို့ အလိုရှိခဲ့သည်မှာ ယခုစွန့်စားမှုကြီးသည် အားလုံးပါဝင်နိုင်မည့် တစ်ခုတည်းသော ဖက်စပ်လုပ်ငန်းကြီးဖြစ်သည်။ ထို့ကြောင့် သူတို့သည် ခြောက်ကပ်ကပ်နိုင်သော အသံဖြစ်သည့် belt-and-road ဟု ဘာသာပြန်ခဲ့ကြသည်။ (သို့သော်လည်း ဆိုးရွားသော နာမည်အတိုကောက်ကနေပြီး ထုတ်ပေးလိုက်သည့် ဆွေးနွေးပွဲ၏ အမည်နာမကတော့ BARF)။

ဒုတိယပြဿနာမှာ လုံလောက်သော အမြတ်အစွန်းရနိုင်သည့် စီမံကိန်းများကို ရှာဖွေပြီး ထိုရည်မှန်းချက်ကြီးသော စီမံချက်များကို ပေါင်းကူးပေးရပါမည်။ ထိုစီမံချက်များသည် အာရှ-ဥရောပ ကုန်သွယ်မှုအဖွဲ့အစည်းများနှင့် ထိုအဖွဲ့၏ ပြိုင်ဘက် အမေရိကန်တို့ချုပ်ကိုင်ထားသည့် အတ္တလန်တစ် ကုန်သွယ်ဖက်များကို ရည်ရွယ်လျက် ဖန်တီးဖော်ဆောင်ပေးရပါမည်။ သေချာမှုတော့မရှိနိုင်ပါဘူး၊ ဥပမာ လန်ဒန်-ယီဝူ ရထားလိုင်းသည် မည်မျှအောင်မြင်မှုပေးမည်နည်း။ ကုန်ပစ္စည်းများကို ရေလမ်းထက် ပို၍ မြန်ဆန်စွာ သယ်ယူနိုင်သော်လည်း ဝန်ဆောင်မှုစရိတ် နှစ်ဆပိုများနေပေသည်။ တရုတ်တို့၏ မျှော်လင့်ချက်အနေနှင့် သူတို့ ကျွမ်းကျင်စွာဆောက်လုပ်နိုင်သော မြန်နှုန်းမြင့်ရထား သံလမ်းစနစ်ကို ပို့ကုန်အဖြစ်လုပ်ရန်ဖြစ်ပေသည်။ သို့သော် တရုတ်တို့၏ မြန်နှုန်းမြင့်ရထားလမ်းသည် ကီလိုမီတာ ထောင်ပေါင်းများစွာသော သံလမ်းများကို ပြည်တွင်းတွင် ဈေးပေါသောလုပ်သားများဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပေသည်။ ထို့အပြင် တစ်စုံတစ်ယောက် နှောင့်ယှက်ခဲ့လျှင် အာဏာပါဝါသုံး၍ ဥပဒေအရ ဖယ်ရှားပစ်ပေမည်။ ထိုနည်းလမ်းကို ကူးချလုပ်ဆောင်ဖို့ရန် အလွန်ခက်ခဲပေလိမ့်မည်။

ခါးပတ်လမ်းစီမံကိန်းသည် မအောင်မြင်မှုများ ပေါ်ထွက်နေပေသည်။ ကာဂျစ္စတန်နိုင်ငံ ကာလာဘောတာဒေသတွင်ရှိသည့် ကျောင်းသာ့ ချိုင်းနားပက်ထရို (Zhongda China Petrol) နိုင်ငံပိုင် ကုမ္ပဏီက ရောမ ရေနံချက်စက်ရုံကြီး တည်ဆောက်ခဲ့သော်လည်း ရေနံစိမ်းလုံလောက်အောင် ဝယ်ယူခဲ့ခြင်းမရှိခဲ့ဘဲ ၆ ရာခိုင်နှုန်း စွမ်းဆောင်နိုင်မှုထက် မပိုခဲ့ပေ။ ထိုနိုင်ငံ၏ ဒုဝန်ကြီးချုပ်က ထိုစက်ရုံအား ခေါ်လိုက်ပုံက 'ရယ်စရာ စက်ရုံတည်ဆောက်မှုကြီး' ဟူ၍။ ဒေသခံများကလည်း ပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် ဆန္ဒပြ ကန့်ကွက်ခဲ့ကြသည်။

တရုတ်တို့ မျှော်လင့်ခဲ့ကြသည့် သည်ခါးပတ်လမ်းကြောင်းအတွင်းသို့ တခြားနိုင်ငံများကိုလည်း ဝင်စေချင်သည်။ ထိုနိုင်ငံများမှာ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အီရတ်၊ ဆီးရီးယားနှင့် ယူကရိန်းတို့ ဖြစ်သည်။ သို့သော် ထိုနိုင်ငံများသည် ကမ္ဘာ့ဘဏ်၏ စီးပွားရေး လွယ်ကူစွာလုပ်ကိုင်နိုင်သော အဖွဲ့အစည်းထဲမှ ချန်ပီယံများ မဟုတ်ကြပေ။ အတိုင်ပင်ခံလုပ်ငန်း-

စာမျက်နှာ 28 သို့




Antiretroviral ကုထုံးသည် HIV ပိုးမွှားပွားမှုကို ပိတ်ဆို့သော ဆေးဝါး သုံးမျိုးထက်မနည်း တွဲဖက်ထားခြင်းဖြစ်သည်

# ဆေးဝါးအသစ်များကြောင့် HIV လူနာ၏ မျှော်မှန်းသက်တမ်းသည် ပုံမှန်နီးပါးပြန်ဖြစ်

**နယူးယောက်၊ မေ ၁၁**

နောက်ဆုံးပေါ် HIV ဆေးဝါးအသစ်များဖြင့် ကုသမှုများ တိုးတက်လာသောကြောင့် HIV ရောဂါပိုး ကူးစက်ခံရသည့် လူငယ်များ၏ မျှော်မှန်းသက်တမ်းသည် ပုံမှန်နီးပါးဖြစ်လာသည်ဟု သုတေသနစာတမ်းတွင် တင်ပြထားကြောင်း BBC သတင်းက ရေးသားဖော်ပြထားသည်။

၂၀၁၀ တွင် Antiretroviral ကုထုံးဖြင့် စတင်ကုသခဲ့သော အသက်နှစ်ဆယ်အရွယ်များသည် ၁၉၉၆ ခုနှစ်တွင် ပထမဆုံး ကုသမှု ခံယူခဲ့သူများထက် သက်တမ်း ၁၀ နှစ် တိုးလာသည်ဟု သုတေသနတွင် တွေ့ရှိထားသည်။

သက်တမ်းရှည်၍ ကျန်းမာသောဘဝကို ရရှိနိုင်ရန် စောစီးစွာ ကုသမှုခံယူဖို့ အရေးကြီးသည်ဟု ဆရာဝန်များက ဆိုသည်။

မိမိတွင် ဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရကြောင်း မသိရှိသေးသောသူ များစွာရှိနေသေးသည်ဟု ကုသိုလ်ဖြစ်အဖွဲ့များက ပြောကြားသည်။

HIV ကုထုံး၏ သာမန်ထက်ထူးကဲသော အောင်မြင်မှုများသည် ဆေးဝါးသစ်များ၏ ဘေးထွက်ဆိုးကျိုးနည်းမှုကြောင့်ဖြစ်ပြီး ခန္ဓာကိုယ်အတွင်း ဗိုင်းရပ်စ်ပိုး မပွားအောင် တားဆီးခြင်းက ပိုကောင်းသည်ဟု ဘရစ္စတိုးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဗိုင်းရပ်စ်အတွက် ဆေးအသစ်များကို ယဉ်ပါးအောင် ပြုလုပ်ရန် ပိုမိုခက်ခဲသည်ဟုဆိုသည်။

တိုးတက်လာသော ပိုးစစ်မှုနှင့် တားဆီးကာကွယ်မှု အစီအစဉ်များအပြင် HIV ကြောင့်ဖြစ်လာသော ကျန်းမာရေးပြဿနာများအပေါ်တွင် ကုသမှုများပိုမိုတိုးတက်ကောင်းမွန်လာခြင်းကလည်း အထောက်အကူဖြစ်စေကြောင်းလည်း သိရှိရသည်။

သို့ရာတွင် ပိုးကူးစက်ထားသူများ (အထူးသဖြင့် ဆေးထိုးခြင်းမှ ကူးစက်ခံရသူများသည်) မျှော်မှန်းသလောက် သက်တမ်းမရှည်နိုင်သေးပေ။

Antiretroviral ကုထုံးသည် HIV ပုံမှန်တိုးပွားမှုကို ပိတ်ဆို့သော ဆေးဝါး သုံးမျိုးထက်မနည်း တွဲဖက်ထားခြင်းဖြစ်သည်။

ယခုတွေ့ရှိမှုသည် နှစ်ပေါင်း ၄၀ အတွင်း ကြီးမားသော လူထုကျန်းမာရေးဆိုင်ရာ အောင်မြင်မှုတစ်ခုဖြစ်သည်ဟု ဆိုကြသည်။

သုတေသနပညာရှင်များသည် ဥရောပနှင့် အမေရိကမှ HIV ပိုးရှိသူ ၈၈,၅၀၀ ကို စောင့်ကြည့်လေ့လာခဲ့ကြပြီး ဆေးဝါးကုထုံးစတင်ပြီး သုံးနှစ်အတွင်း သေဆုံးသည့်နှုန်းအပေါ်တွင် အခြေခံ၍ မျှော်မှန်းသက်တမ်း တွက်ချက်ခြင်းကို လေ့လာခဲ့ကြရာ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ကုသမှု စတင်ခံယူသူများသည် ၁၉၉၆ မှ ၂၀၀၇ ခုနှစ်အတွင်း ကုသမှုခံယူခဲ့သူများထက် သေဆုံးမှုရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရှိခဲ့ကြသည်။

၂၀၀၈ မှစ၍ ART ကုထုံးဖြင့် ကုသမှုခံယူခဲ့သော အသက်နှစ်ဆယ်အရွယ် လူငယ်များ၏ မျှော်မှန်းသက်တမ်းသည် ပုံမှန်လူများကဲ့သို့ပင် ၇၈ နှစ်ဖြစ်သည်။

ရောဂါစစ်ဆေးသတ်မှတ်မှု မလုပ်ဆောင်ရသေးသော HIV ပိုး ကူးစက်သူ အချိုးသည် လွန်ခဲ့သော နှစ် ၂၀ အတွင်း မှန်မှန်ကျဆင်းလာသော်လည်း HIV ပိုးရှိသူ ရှစ်ဦးလျှင် တစ်ဦးမှာ ရောဂါစစ်ဆေးသတ်မှတ်မှု မပြုလုပ်ရသေးဟု ယူဆထားကြသည်။

■ F-04

# ဟောင်ကောင်တွင် ဒီမိုကရေစီတောင်းဆိုသော ချီတက်ပွဲကျင်းပရန် နေရာအတွက် ကြိုးပမ်းမှု ပယ်ချခံရ

**ဟောင်ကောင်၊ မေ ၁၁**

ဟောင်ကောင်၏အကြီးဆုံး နှစ်စဉ် ဒီမိုကရေစီ ချီတက်ပွဲ စီစဉ်သူများက ယခင်ကျင်းပနေကျနေရာအတွက် လျှောက်ထားရာတွင် ပယ်ချခံရသည်ဟု ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဗစ်တိုးရီးယားပတ်ခ် ဥယျာဉ်ကို စီမံခန့်ခွဲသော အစိုးရဌာနက ယင်းသို့ ဆုံးဖြတ်ခြင်းဖြစ်သည်ဟု အရပ်သားဆိုင်ရာ လူ့အခွင့်အရေးတပ်ဦး CHRF က ပြောကြားသည်။

အစိုးရဌာနသည် ထိုနေ့အတွက် ဥယျာဉ်ကို အသုံးပြုရန် ဘေဂျင်းလိုလားသော အုပ်စုကို ခွင့်ပြုခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

ယခုကဲ့သို့ ပယ်ချမှုသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ခရီးစဉ်နှင့် ဆက်စပ်သည်ဟု CHRF က ကောက်ချက်ချသည်။

ရှီကျင့်ဖျင်သည် တရုတ်ပြည်မလက်အောက်သို့ ဟောင်ကောင် ပြန်လည်ရောက်ရှိမှု နှစ် ၂၀ ပြည့် အထိမ်းအမှတ်အတွက် ဇူလိုင်လ ၁ ရက်တွင် ဟောင်ကောင်သို့ လာရောက်မည်ဟု မျှော်လင့်ရသည်။

CHRF က ၎င်းတို့အနေနှင့် ချီတက်ပွဲကို ကျင်းပရန် ရည်မှန်းထားပြီး ဥယျာဉ်တွင် တစ်နည်းနည်းဖြင့် ပြုလုပ်ရန် မျှော်လင့်ထားသည်ဟု ရဲဌာနကို အသိပေးထားကြောင်း ဟောင်ကောင်ဖရီးပရက်စ် သတင်းစာသို့ ပြောကြားသည်။

၎င်းတို့ကို ပယ်ချ၍ ဘေဂျင်းလိုလားသောအုပ်စုကို ခွင့်ပြုခြင်းသည် နိုင်ငံရေးဆိုင်ရာ သဘောကွဲလွဲမှုများကို နှုတ်ပိတ်သည့်လုပ်ဆောင်မှုဟု CHRF က မှတ်ချက်ပေးထားသည်။

ဟောင်ကောင် အာဏာပိုင်များကမူ ထိုကိစ္စအပေါ် တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်း မပြုသေးပေ။

ဒီမိုကရေစီ လိုလားသော ချီတက်စုဝေးပွဲများကို ဟောင်ကောင်တွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး တောင်းဆိုသူများအတွက် စုရပ်တစ်ခုကဲ့သို့ ဖြစ်လာခဲ့သည်။

ဟောင်ကောင် ရွေးကောက်ပွဲများအပေါ် ဘေဂျင်း၏လွှမ်းမိုးစွက်ဖက်မှုကို ဒေါသထွက်နေသော ဒီမိုကရေစီ လှုပ်ရှားသူများ၏မနာခံဘဲ အာခံရေး စည်းရုံးလှုပ်ရှားမှုများကို တုံ့ပြန်သည့်အနေနှင့် ၂၀၁၄ တွင် ကြီးမားသော အစိုးရထောက်ခံမှု ချီတက်ပွဲကို ဘေဂျင်းလိုလားသူများက ကျင်းပခဲ့ကြသည်။

■ F-04




ဟောင်ကောင် ဒီမိုကရေစီရေး ချီတက်ဆန္ဒပြမှုတွင် နှစ်စဉ်နှစ်တိုင်း လူထောင်ပေါင်းများစွာ ပူးပေါင်းပါဝင်ခဲ့သည်

# ဗင်နီဇွဲလားတွင် မိခင်နှင့်ကလေးသေဆုံးမှု တစ်ဟုန်ထိုး မြင့်တက်




ဆန္ဒပြ ဗင်နီဇွဲလား ကျန်းမာရေးဝန်ထမ်းများ

**ကရာကတ်စ်၊ မေ ၁၀**

ဗင်နီဇွဲလားနိုင်ငံတွင် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း တစ်ဟုန်ထိုး မြင့်တက်လာကြောင်း BBC သတင်းကဖော်ပြသည်။

နှစ်နှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနက ပထမဆုံးထုတ်ပြန်သော စာရင်းဇယားများတွင် မီးဖွားစဉ် မိခင်သေဆုံးမှုမှာ ၆၅ ရာခိုင်နှုန်းမျှတက်လာခဲ့ပြီး ကလေးသေဆုံးမှုမှာ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ငှက်ဖျားနှင့် ဆုံဆို့နာကဲ့သို့သော နာမကျန်းမှုများလည်း မြင့်တက်လာခဲ့သည်။ ယင်းစာရင်းဇယားများသည် တိုင်းပြည်၏စီးပွားရေးအကျပ်အတည်းအပေါ် ရောင်ပြန်ဟပ်နေပြီး အတိုက်အခံများက အစိုးရ၏ စီမံခန့်ခွဲမှုအလွဲများကြောင့်ဟု ဝေဖန်ထားသည်။

သမ္မတနီကိုလပ်စ်မာဒူရိုကမူ ကျန်းမာရေးအကျပ်အတည်းဖြစ်ပွားရခြင်းမှာ သူ့ထံမှ အာဏာသိမ်းစေရန် တစ်ဖက်တစ်လမ်းမှ လှုံ့ဆော်သည့်အနေနှင့် ဆေးဝါးများကို ဝှက်ထားကြခြင်းကြောင့်ဟုဆိုသည်။

ဗင်နီဇွဲလားသည် ကမ္ဘာ့ပေါ်တွင် ရေနံရင်းမြစ် အများဆုံးနိုင်ငံဖြစ်သော်လည်း မကြာသေးမီနှစ်များအတွင်း ရေနံဈေးကွက်ပြိုလဲမှုကြောင့် စီးပွားကျခဲ့ပြီးနောက် ကိရိယာများ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများ တင်သွင်းရန် နိုင်ငံခြားငွေပါ ပြတ်လပ်လာခဲ့သည်။

ဗင်နီဇွဲလားတွင် စားနပ်ရိက္ခာမှစပြီး ဆေးဝါးအထိ အရာရာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။ မကြာသေးမီက စစ်တမ်းတစ်ခုအရ ဗင်နီဇွဲလားနိုင်ငံသား လေးပုံသုံးပုံက ၎င်းတို့၏ကျန်းမာရေးချို့တဲ့လာသည်ဟု ဖြေဆိုခဲ့ကြပြီး တစ်နေ့လျှင် အစာနှစ်နပ်အောက် လျှော့စားနေရသည်ဟုဆိုသည်။

ကျန်းမာရေးကဏ္ဍတွင် ဆရာဝန်အများအပြားမှာ ပြည်ပသို့ ထွက်ခွာသွားကြပြီး ဆေးအမျိုးအစား ၈၅ ရာခိုင်နှုန်းခန့် ပြတ်လပ်နေသည်ဟု သိရသည်။

ဗင်နီဇွဲလားနိုင်ငံသားအများစုမှာ ဘရာဇီး သို့မဟုတ် ကိုလံဘီယာနယ်စပ်တွင် ဆေးသွားဝယ်နေရပြီး အိမ်နီးချင်းနိုင်ငံများရှိ အစိုးရဆေးရုံများတွင် ကုသနိုင်ရန် ကြိုးပမ်းနေကြရသည်။

ဘရာဇီးနိုင်ငံ ရော်ရိုင်မာပြည်နယ်ရှိ မြို့ငယ်များမှ အစိုးရဆေးရုံဆေးခန်းများသို့ ဗင်နီဇွဲလားနိုင်ငံသား ထောင်ချီ ဝင်ရောက်လာခဲ့မှုကြောင့် ပြည်နယ်တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ရသည်အထိ ဖြစ်ခဲ့သည်။

နေ့စဉ်နှင့်အမျှ သမ္မတမာဒူရိုအစိုးရ ဆန့်ကျင်ရေးနှင့် ရွေးကောက်ပွဲကျင်းပရေး တောင်းဆိုသည့် ဆန္ဒပြပွဲများ ဖြစ်ပွားနေပြီး မငြိမ်သက်မှုများလည်းဖြစ်ပွားနေသည်။

■ F-03

# လိင်တူချစ်သူ စုံတွဲကို ကြိမ်ဒဏ်ပေးရန် အင်ဒိုနီးရှား အစိုးရရှေ့နေများ တောင်းဆို

**ဂျကာတာ၊ မေ ၁၁**

အင်ဒိုနီးရှားနိုင်ငံ အေဆက်ပြည်နယ်တွင် အစိုးရရှေ့နေများက လိင်တူချစ်သူ စုံတွဲကို ရုံးထုတ်စစ်ဆေးပြီးနောက် ကြိမ်ဒဏ်အချက် ၈၀ ပြစ်ဒဏ်ပေးရန် တောင်းဆိုလိုက်ကြသည်ဟု ABC သတင်းတွင် ဖော်ပြထားသည်။

၎င်းတို့ကို နောက်အပတ်တွင် စီရင်ချက်ချမည်ဖြစ်ပြီး အင်ဒိုနီးရှားတွင် လိင်တူကိစ္စကြောင့် ပထမဆုံး ပြစ်ဒဏ်ပေးခံရသူများဖြစ်လာမည်ဖြစ်သည်။

အသက် ၂၀ နှင့် ၂၃ နှစ် အရွယ် စုံတွဲကို ဘန်ဒါအေဆက်ပြည်နယ် ရှာရီယာခုံရုံးတွင် ဗုဒ္ဓဟူးနေ့က တံခါးပိတ် ကြားနာစစ်ဆေးခဲ့ခြင်းဖြစ်ပြီး ခုံရုံးအဖွဲ့သို့ တင်ပြသည့် စာရွက်စာတမ်းများကို ABC သတင်းဌာနက ရရှိခဲ့သည်။

ထိုစုံတွဲ၏အိမ်ကို ရပ်ကွက်ထဲမှ လူရမ်းကားများက ချိုးဖျက်ဝင်ရောက်ကာ ဖမ်းဆီးခဲ့ပြီး ထိုးကြိတ်ကန်ကျောက်ကာ စော်ကားမော်ကား ပြောဆိုခဲ့သည်ကို ထိုသူများ ရိုက်ကူးထားသောဗီဒီယိုတွင် တွေ့မြင်ရသည်။

လူငယ်နှစ်ဦးက ၎င်းတို့ကို ရှာရီယာပုလိပ်များထံ မပို့ရန် တောင်းပန်နေသည်ကိုလည်း ဗီဒီယိုတွင် တွေ့မြင်ရသည်။

ထိုဗီဒီယိုနှင့်အတူ လိင်တူချစ်သူနှစ်ဦး၏ အဝတ်အစားများနှင့် ကွန်ဒုံးသုံးခုကို သက်သေခံ အထောက်အထားအဖြစ် ခုံရုံးသို့ တင်သွင်းခဲ့သည်။

လောင်းကစားမှုနှင့် အရက်သေစာသောက်စားမှုတို့ကိုလည်း အစ္စလာမ်ဥပဒေအရ အရေးယူသည့် ရှာရီယာခုံရုံးတွင် လိင်တူကိစ္စကြောင့် ထိုလူငယ်နှစ်ဦးကို ပထမဆုံး ပြစ်ဒဏ်ချမှတ်မည်ဖြစ်သည်။

အေဆက်ပြည်နယ်သည် အစိုးရနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းပြီးနောက် ရှာရီယာအစ္စလာမ်ဥပဒေကို ကျင့်သုံးရန် အခွင့်အာဏာ ရရှိထားသည်။

အေဆက်ပြည်နယ်သည်လက်မထပ်ဘဲ အတူနေသူများကိုလည်း ပုံမှန်တရားစွဲဆိုကာ ကြိမ်ဒဏ်ချမှတ်လေ့ရှိသည်။

မနှစ်က ၁၈ နှစ်အရွယ် မိန်းကလေးတစ်ဦးကို သူမ၏ချစ်သူနှင့်အတူ အခန်းထဲ၌ တွေ့ရှိရပြီးနောက် ကြိမ်ဒဏ်ကိုးချက် ချမှတ်ခဲ့သည်။

ယခုလူငယ်နှစ်ဦးမှာ အမြင့်ဆုံး ကြိမ်ဒဏ် အချက် ၁၀၀ အထိ ချမှတ်ခံရနိုင်သော်လည်း ငယ်ရွယ်သည့်အပြင် အပြစ်ကို ဝန်ခံထားသောကြောင့် အချက် ၈၀ ခံယူသင့်သည်ဟု ရှေ့နေများက တောင်းဆိုထားသည်။

ယခုအမှုသည် လိင်တူဆက်ဆံမှုကြောင့် ပထမဆုံး အရေးယူခြင်းဖြစ်သော်လည်း ယခင်ကလည်း အင်ဒိုနီးရှားတွင် မိန်းမလျှာခေါ် ဂေးများကို လိင်ညစ်ညမ်းမှုဆိုင်ရာ တိုက်ဖျက်ရေးဥပဒေများဖြင့် တရားစွဲ အရေးယူလေ့ရှိသည်။ ■ F-04




အင်ဒိုနီးရှား အာချေးပြည်နယ်တွင် အကျင့်ဖောက်ဖျက်မှုဟုဆိုသောစွဲချက်ဖြင့် ကြိမ်ဒဏ်ပေးခံရသူ ယမန်နှစ်က ၃၀၀ ကျော်ရှိခဲ့သည်

**ကျော်ဖုံး - ခေါင်းထောင်လာသော ထိုင်းတောင်ပိုင်း မွတ်ဆလင်ခွဲထွက်ရေးပြဿနာ**

စစ်ဆင်ရေးဌာနချုပ် (ISOC) ဒေသ ၄ ၊ ရှေ့တန်းစစ်ဌာနချုပ်၊ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ချုပ် စီတီ ထရကူလ်ဝေါင်က ပြောကြားခဲ့သည်။

## မွတ်ဆလင် ခွဲထွက်ရေးလှုပ်ရှားမှုများ

ထိုင်းတောင်ပိုင်း ပုန်ကန်မှုများသည် ၁၉၄၈ ခုနှစ်ကတည်းက အစပျိုးခဲ့ခြင်းဖြစ်ပြီး သမိုင်းကြောင်းအရ မလေးပတ္တနီဒေသကို အခြေခံသော လူမျိုးရေးနှင့်ဘာသာရေးအခြေပြုခွဲထွက်ရန် ကြိုးပမ်းမှုဖြစ်သည်။ ထိုင်းနိုင်ငံ၏တောင်ဘက်အကျဆုံး စီရင်စုသုံးခုနှင့် လေးခုမြောက် စီရင်စုအချို့နေရာများတွင် ဖြစ်ပွားနေပြီး ၂၀၀၁ ခုနှစ်မစတင်ကာ ပိုမိုရှုပ်ထွေးလာခဲ့သလို အကြမ်းဖက်မှုများလည်း မြင့်တက်လာခဲ့သည်။

ယခင် ပတ္တနီဆူလ်တန်စော်ဘွားနယ်တွင် လက်ရှိထိုင်းစီရင်စုများဖြစ်သော ပတ္တနီ၊ ယာလာ၊ နရာသီဝတ်တို့ ပါဝင်ပြီး အနီးမှ ဆောင်ခလာစီရင်စုအချို့နေရာများ၊ မလေးရှားအရှေ့မြောက်ပိုင်း၊ ကီလန်တန်နယ်များကိုပါ ပျံ့နှံ့နေသည်။ ယင်းဒေသများကို ၁၇၈၅ ခုနှစ်တွင် ထိုင်းဘုရင့်နိုင်ငံက သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပြီး ကီလန်တန်မှအပ အခြားနယ်များမှာ ထိုစဉ်ကတည်း ထိုင်းလက်အောက်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဒေသတွင်း ခွဲထွက်ရေးအကြမ်းဖက်မှုအသေးစားများ ဖြစ်ပွားခဲ့သည်မှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ၂၀၀၁ ခုနှစ်နောက်ပိုင်းတွင်မှ အရှိန်ရလာခြင်းဖြစ်ကာ ၂၀၀၄ ခုနှစ်တွင် အားကောင်းလာပြီး အခြားစီရင်စုများသို့ပါ ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။ ဘန်ကောက်နှင့် ဖူးခက်တို့တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများသည်ပင် တောင်ပိုင်းခွဲထွက်ရေး မွတ်ဆလင်သူပုန်များလက်ချက်ဟု စွပ်စွဲထားမှုများရှိနေသည်။

၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ထိုစဉ်က ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က ထိုင်းတောင်ပိုင်း အကြမ်းဖက်မှုများကို ကိုင်တွယ်ရန် အရေးပေါ်အာဏာသုံးပြီး ကိုင်တွယ်ခဲ့သော်လည်း ပိုတင်းမာလာခဲ့သည်။ ၂၀၀၆ စက်တင်ဘာလ ၁၉ ရက်တွင် တပ်မတော်က အာဏာသိမ်းပြီးနောက် စစ်အစိုးရက မူဝါဒရေးရာအပြောင်းအလဲလုပ်ခဲ့ကာ သူပုန်တို့၏ စိတ်နှလုံးကို ဆွဲဆောင်မည့် ချဉ်းကပ်မှုပုံစံဖြင့် အစားထိုးခဲ့သည်။ အကြမ်းဖက်မှုများထိန်းချုပ်ရန် ကြိုးပမ်းမှုမှာ အစောပိုင်းတွင် တိုးတက်မှုအနည်းငယ်ရခဲ့ရာ စစ်အစိုးရက လုံခြုံရေးတိုးတက်လာပြီး ၂၀၀၈ တွင် ငြိမ်းချမ်းရေးရမည်ဟု မျှော်လင့်ခဲ့သည်။ သို့သော်လည်း ၂၀၀၈ ခုနှစ် မတ်လတွင် သေဆုံးသူဦးရေမှာ ၃၀၀၀ ကျော်လာခဲ့သည်။

နောက်တက်လာသော ဒီမိုကရက်အစိုးရလက်ထက်တွင်လည်း နိုင်ငံခြားရေးဝန်ကြီး ကာဆစ်ပီယိုမြာက ၂၀၁၀ တွင် ငြိမ်းချမ်းရေးရအောင် လုပ်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ပြန်သည်။ သို့သော်လည်း ၂၀၁၀ အကုန်တွင် အကြမ်းဖက်မှုများ ပိုဆိုးလာခဲ့ရာ ၂၀၁၁ မတ်လအတွင်း အစိုးရက ပြဿနာကို လအနည်းငယ်နှင့် မဖြေရှင်းနိုင်ကြောင်း ဝန်ခံခဲ့ရသည်။

ဒေသမွတ်ဆလင်ခေါင်းဆောင်များက အနည်းဆုံး ပတ္တနီဒေသအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုထားကြပြီး ခွဲထွက်ရေးသူပုန်အဖွဲ့အများအပြားက ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် တောင်းဆိုမှုများလည်းရှိနေသည်။ သို့သော်လည်း ခွဲထွက်ရေးလှုပ်ရှားမှုတွင် အဓိက ဦးဆောင်အဖွဲ့အစည်းဖြစ်နေသည့် Barisan Revolusi-Koordinsai (BRN-C) ကမူ တွေ့ဆုံဆွေးနွေးမှုကို လုံးဝဆန့်ကျင်ထားပြီး အခြားသူပုန်အဖွဲ့များ၏ ဆွေးနွေးမှုကိုပါ ကန့်ကွက်ထားသည်။ BRN-C ၏ ရည်ရွယ်ချက်မှာ ထိုင်းတောင်ပိုင်းကို အုပ်ချုပ်၍မရသည်အထိ လုပ်ရန်ဖြစ်ပြီး ယင်းရည်ရွယ်ချက်မှာလည်း အတိုင်းအတာ တစ်ခုအထိ အောင်မြင်နေသည်။

သူပုန်အဖွဲ့များ၏ အင်အားအပေါ် မှန်းဆချက်များမှာမူ အမျိုးမျိုးကွဲပြားနေသည်။ ၂၀၀၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ပါလော့ပင်မာနီက အစွန်းရောက် ဂျီဟတ်ဝါဒီ ၅၀၀ ခန့်သာရှိသည်ဟု ဆိုခဲ့သည်။ သို့သော်လည်း အခြားခန့်မှန်းမှုများတွင်မူ ၁၅၀၀၀ အထိ ရှိနေသည်ဟု ဆိုကြသည်။

၂၀၀၄ ခုနှစ် ဝန်းကျင်တွင် ပြည်ပမှ အစ္စလာမ္မစ် အကြမ်းဖက်သမားများပါ ဒေသတွင်း ဝင်ရောက်လာပြီး ပြည်ပမှ ငွေကြေးနှင့် လက်နက်အထောက်အပံ့များပါ ဝင်ရောက်လာနေသည်ဟု ခန့်မှန်းမှုများလည်းရှိနေသည်။ တစ်ဖက်တွင်လည်း ပြည်တွင်းပဋိပက္ခအဆင့်ထက်မပိုဟု သုံးသပ်မှုများလည်းရှိနေသည်။

၂၀၀၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း လူမျိုးရေးအဓိကထားသည့် ခွဲထွက်ရေးပုန်ကန်မှုကြောင့် လူ ၆၅၀၀ ကျော်သေဆုံးခဲ့ရပြီး ၁၂၀၀၀ ကျော်ဒဏ်ရာရခဲ့သလို တဖြည်းဖြည်းနှင့် လူမျိုးရေးအခြေပြု ခွဲထွက်ရေး ကြိုးပမ်းမှုမှသည် အစွန်းရောက်ဂျီဟတ်ဝါဒီများ ဦးဆောင်သော ဘာသာရေးအခြေပြု ပုန်ကန်မှုအသွင်ဆောင်လာခဲ့သည်။

အစွန်းရောက်ဂျီဟတ်ဝါဒီများသည် ယင်းစီရင်စုများတွင် လူနည်းစုဖြစ်နေသည့် ထိုင်းစကားပြော ဗုဒ္ဓဘာသာဝင်များကိုသာမက သဘောထားပျော့ပျောင်းပြီး ထိုင်းအစိုးရကို ထောက်ခံသော ဒေသခံမွတ်ဆလင်အချို့ကိုပါ ပစ်မှတ်ထား တိုက်ခိုက်လာခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း အဆိုပါစီရင်စုများတွင်သာမက ဖူးခတ်၊ ဖန်ငါး၊ ဆူရတ်ဌာနီ၊ ထရန်၊ နာခွန် စီ သမ်မာရတ်တို့တွင်ပါ ဗုံးခွဲမှုများ၊ အဆိပ်ဖြင့်တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့ခြင်းနှင့်အတူ အကြမ်းဖက်မှုများကို ထိုင်းနိုင်ငံအနှံ့ဖြန့်ကြက်လာခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်း ဧပြီလ ၆ ရက်နေ့က နရာသီဝတ်၊ ပတ္တနီ၊ ယာလာ၊ ဆောင်ခလာတို့တွင် ဗုံးခွဲတိုက်ခိုက်မှု ၂၆ ခု ပြုလုပ်ခဲ့ခြင်းမှာ အကြီးဆုံး ဖြန့်ကြက်တိုက်ခိုက်မှုဖြစ်လာခဲ့သည်။

■ **Ref:Bangkokpost, AFP,AP, Melbourne Law School Paper, Global Security**

# အိန္ဒိယမင်္ဂလာဆောင် နံရံပြိုကျသဖြင့် လူ ၂၂ဦး သေဆုံး

**နယူးဒေလီ၊ မေ ၁၁**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းဒေသတစ်ခုတွင် မင်္ဂလာဆောင်လာ ဧည့်ပရိသတ်များအပေါ်သို့ နံရံပြိုကျခဲ့ရာတွင် အနည်းဆုံး လူ ၂၂ ဦး သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကို ကိုးကား၍ VOA သတင်းတစ်ရပ်က ဖော်ပြထားသည်။

ဘာရာပူရ်ဒေသတွင်ဖြစ်ပွားခဲ့သော အဆိုပါမတော်တဆမှုဒဏ်သင့် ပြည်သူများကို ကယ်ဆယ်ရေးသမားများက အပြေးအလွှား လာရောက်ကယ်ဆယ်ခဲ့သော်လည်း သေဆုံးသူအရေအတွက် မြင့်မားခဲ့သည်။

အမှုနှင့်ပတ်သက်၍ မည်သူတို့ကို ဖမ်းဆီးစစ်ဆေးနေကြောင်းကိုလည်း ထုတ်ပြန်ထားခြင်း မရှိသေးပေ။

အဆောက်အအုံရှေ့ကွင်းပြင်တွင် တည်ခင်းထားသော ညစာစားသောက်နေသူများနှင့် စုဝေးနေကြသူများသည် သဲမုန်တိုင်း ရောက်လာသောကြောင့် အဆောက်အအုံထဲသို့ ဝင်လိုက်ခြင်းဖြစ်သည်။

ထို့နောက် ပေ ၈၀ မြင့်သော နံရံကြီးပြိုကျခဲ့ပြီး ဆိုခဲ့ပါမတော်တဆမှု ဖြစ်ပွားခဲ့ရသည်ဟု ခရိုင်မန်နေဂျာက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူလည်း ၂၈ ဦးရှိကာ ဆေးရုံသို့ တင်ပို့ကုသပေးထားကြောင်း ရဲအရာရှိ အနေးလ်တန့်ခ်က Press Trust of India ကို ပြောကြားခဲ့သည်။

အဆိုပါခရိုင်သည် ရာဂျက်စ်သန်ပြည်နယ်ထဲတွင် တည်ရှိကာ နယူးဒေလီမှ ကီလိုမီတာ ၂၀၀ ကွာဝေးပါသည်။

မီးကလည်း ပြတ်နေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများလည်း နှောင့်နှေးခဲ့ရသည်။ သဲမုန်တိုင်းကြောင့် နံရံပြိုကျခြင်း ဟုတ်၊ မဟုတ်ကိုမူ အတည်မပြုနိုင်သေးပေ။




အရည်အသွေးနိမ့် တည်ဆောက်ရေးများကြောင့် အိန္ဒိယတွင် ပြိုကျသည့်သတင်းများ မကြာခဏ ထွက်တတ်သည်

အရည်အသွေးမပြည့်မီသော ဆောက်လုပ်ရေးပစ္စည်းများကိုသုံးခြင်း၊ ခွင့်ပြုချက်မရဘဲ အပိုအထပ်များတင်ခြင်း စသည်တို့ကြောင့် အိန္ဒိယတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို သေချာကြီးကြပ် တည့်မတ်ပေးပါရန် တောင်းဆိုမှုများ မြင့်တက်နေသည်။

၂၀၁၃ ခုနှစ်ကတရားမဝင် တည်ဆောက်ထားသော အဆောက်အအုံတစ်ခု မွန်ဘိုင်းတွင် ပြိုကျရာ လူ ၇၄ ဦးသေဆုံးပြီး ဆယ်စုနှစ်များစွာအတွင်း လူအသေအပျောက်အများဆုံး ပြိုကျပျက်စီးမှုအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။

■ F-02



ဓာတ်ပုံ – ဇေယျာကို

# ရွှေဆံတော်ဘုရားပွဲ ဈေးရောင်းသူများ အရှုံးပေါ်

တောင်ငူ၊ မေ ၁၁

ပဲခူးတိုင်း တောင်ငူခရိုင်အတွင်း မြို့နယ် ၆ မြို့နယ် ဘုရားပွဲတော်များတွင် နောက်ဆုံးပွဲဖြစ်သည့် တောင်ငူမြို့ ရွှေဆံတော်ဘုရား၏ ပွဲရက်များအတွင်း နေအပူရှိန်မြင့်တက်ပြီး ပွဲတော်လာပရိသတ်နည်းပါးသဖြင့် ဈေးရောင်းသူအများစု အရှုံးပေါ်ကြောင်း ဈေးရောင်းချသူများထံမှ သိရှိရသည်။

ရွှေဆံတော် ဘုရားပွဲကို နှစ်စဉ်ကဆုန်လဆန်း ၈ ရက်မှ လပြည့်ကျော်ရေက်အထိ ( မေလ ၃ရက်မှ ၁၈ရက်အထိ) ၁၆ ရက်ကြာ ကျင်းပလေ့ရှိပြီး ပွဲတော်အခါကြီးရက် ကဆုန်လပြည့်ညောင်ရေသွန်းသည့်နေ့မှာပင် ကျပ်ငါးသိန်းဖိုးခန့်ပင် မရောင်းရကြောင်း၊ ယခင်နှစ်များက လပြည့်နေ့ လူစည်ကားသည့်ရက်များတွင် ကျပ်ဆယ်သိန်းကျော်အထက်ရောင်းရကြောင်း သနပ်ခါးရောင်းသူအမျိုးသမီးတစ်ဦးက ပြောဆိုသည်။

“မနှစ်က ဘုရားဂေါပကကိုပေးရတဲ့ အခွန်အခများတဲ့အပြင်မိုးဖျက်လို့ဈေးရောင်းပါးပေမယ့် ဒီနှစ်လောက်မဆိုးဘူး၊ ဒီနှစ်ပွဲနှောင်းချိန် ရောင်းရပါစေပဲ ဆုတောင်းနေရတယ်’ ဟု သင်းသင်းသနပ်ခါးဆိုင်ပိုင်ရှင်အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ယမန်နှစ်က ဝါထပ်ခဲ့သောကြောင့် ရွှေဆံတော်ဘုရားပွဲတော် စတင်သည့်ရက်နောက်ကျခဲ့သည့်အပြင် အဓိက ဈေးရောင်းကောင်းသည့်နေ့များတွင် မိုးရွာသွန်းခဲ့သည့်အတွက် ဈေးအရောင်းအဝယ်ပါးသည်ဟု ပြောနိုင်သော်လည်း ပွဲတော်ကိုလာရောက်သည့် ဧည့်ပရိသတ်နည်းပါးခြင်း မရှိကြောင်း ဈေးဆိုင်ခန်းဖွင့်လှစ်ရောင်းချနေသူအချို့က ပြောဆိုသည်။

အပူချိန်မြင့်မားသဖြင့် တောင်ငူဒေသခံ ဈေးသည်နှင့်ဈေးဝယ်နည်းပါးနေပြီး နယ်လှည့်ဈေးရောင်းချသည့် ဆယ့်နှစ် ပွဲဈေးသည် အများစုကလည်း သာမည်ထင်သည့်ပွဲတော်ကို ရွှေ့ပြောင်းရောင်းချသွားသည့်အတွက် ဈေးဆိုင်ဖွင့်လှစ်သည့် ဆိုင်ခန်းအရေအတွက် ယမန်နှစ်ကအောက်နည်းပါးကြောင်း ရွှေဆံတော်ပွဲတော်တွင် နှစ်ပေါင်း ၃၀ ကျော်ဈေးရောင်းချခဲ့သည့် သနပ်ခါးဆိုင်ပိုင်ရှင်အမျိုးသားတစ်ဦးက ပြောကြားသည်။

ရွှေဆံတော်ဘုရားပွဲ ၁၆ ရက်သာဖြစ်သော်လည်း အများစုက တစ်လခန့်ရောင်းချလေ့ရှိပြီး ပွဲတော်ရက်ကြာမြင့်၍ ဆိုင်ခန်းခကြီးမြင့်ပြီး ဈေးရောင်းကောင်းလျှင် အဆင်ပြေကြောင်း၊ နှစ်စဉ်လာရောက်သူဈေးသည်များကိုဂေါပကအဖွဲ့က မြေနေရာအတည်တကျ သတ်မှတ်ပေးထားသည့်အတွက် ဆိုင်ခန်းနေရာ အရောင်းအဝယ်မရှိသလောက် နည်းပါးကြောင်း ဈေးရောင်းသူအချို့က ပြောဆိုသည်။

ပွဲတော်ဈေးဆိုင်ခန်းပေါင်း ၆၀၀ ခန့်ကို ဧပြီလနောက်ဆုံးပတ်ကတည်းက ကြိုတင်ဆောက်လုပ်လေ့ရှိပြီး လမ်းမတန်းနေရာကောင်းများကို တစ်ခန်းလျှင် ကျပ်ငါးသောင်းနှင့်သန့်ရှင်းရေးခွန် ၁၅၀၀ ကျပ်၊ လမ်းသွယ်နေရာများကို တစ်ခန်းကျပ်သုံးသောင်းကောက်ခံပြီး ယခုနှစ် ဆိုင်ခန်းခရသည့်ငွေကို တိကျစွာမပြောနိုင်သေးသော်လည်း ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အထိ အလှူခံရရှိငွေ ကျပ်သိန်း ၈၀ကျော်ရှိပြီဖြစ်ကြောင်း ရွှေဆံတော်ဘုရားဂေါပက အဖွဲ့ဝင် တစ်ဦးကဆိုသည်။

ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချသည့်ငွေကြေးနှင့် ဇာတ်လေလံကြေးအပါအဝင် နှစ်စဉ်ဘုရားရန်ပုံငွေအဖြစ် ကျပ်သိန်း ၅၀၀ ခန့်ပုံမှန်ရရှိပြီး အဆိုပါရရှိငွေများကို ဘုရားဂေါပကအဖွဲ့ဝင် ၁၅ဦးဖြင့် စနစ်တကျစီမံခန့်ခွဲပြီး ဘဏ်စာအုပ် ဖွင့်လှစ်ထိန်းသိမ်းစေကာ လိုအပ်သည့်နေရာအလိုက် ပြန်ပြီးအသုံးပြုလေ့ရှိသည်ဟု ၎င်းထံမှ သိရှိရသည်။ ■

R-15

# မြေထိုးယာဉ်တစ်စီး ပေ ၁၀၀ ချောက်ထဲကျ

ပြည်၊ မေ ၁၁

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရွှာသစ်ကုန်းကျေးရွာ မိုင်တိုင် ၀/၇နှင့် တစ်မိုင်ကြားတွင် မေလ ၁၀ ရက် ညနေ ၅ နာရီခွဲက မြေထိုးယာဉ်တစ်စီး လမ်းချော်ကာ ပေတစ်ရာခန့်နက်သော ချောက်ထဲ ထိုးကျခဲ့ကြောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ ချောက်ထဲထိုးကျမှုကြောင့် ယာဉ်မောင်း စောထွန်းရီမှာ ဒဏ်ရာများရရှိသဖြင့် ပြည်မြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေရသဖြင့် ယာဉ်မောင်းကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၃၇ဖြင့် အမှုဖွင့်ထားကြောင်း ယင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ ■

# ရှမ်းမြောက်တွင် တစ်ရက်တည်း ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အပါအဝင် နှစ်နေရာ မိုင်းကွဲ

လားရှိုး၊ မေ ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပြည်ထောင်စုလမ်းပိုင်း၊ သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေး စခန်းအနီးနှင့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီးတွင် မေလ ၉ ရက်နေ့တစ်ရက်တည်း၌ ဒေသန္တရလက်လုပ်မိုင်းများပေါက်ကွဲခဲ့ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

“ပေါက်ကွဲမှုမဖြစ်ခင် သုံးမိနစ်လောက်မှာ သိန်းနီရေပူစစ်ဆေးရေးစခန်းထဲကနေ ဆိုင်ကယ်တစ်စီးဖြတ်မောင်းသွားတာ တွေ့လိုက်တယ်။ ပေါက်ကွဲမှုကြောင့် လူနဲ့ပစ္စည်းထိခိုက်မှုမရှိခဲ့ပါဘူး” ဟု သိန်းနီရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က ဆိုသည်။

ပြီးခဲ့သည့် ရက်ပိုင်းက တရားမဝင်သစ်ကားများကိုဖမ်းဆီးထားမှုနှင့် ပတ်သက်၍ ရေပူဂိတ်ကိုဖောက်ခွဲမည်ဟု ခြိမ်းခြောက် ပြောဆိုမှုများရှိသော်လည်း ယခုပေါက်ကွဲမှုသည် မည်သူ၏လက်ချက်ဖြစ်သည်ကို ပြောဆိုရန်ခက်ခဲကြောင်း ၎င်းက ပြောဆိုသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီကျော်က မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အနီးတွင် မိုင်းပေါက်ကွဲခဲ့ပြီး ယင်းနေရာမှပေ ၂၀ အကွာရှိသစ်ပင်ပေါ်မှလည်း မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိခဲ့ကြောင်း ရှမ်းပြည်နယ်၊ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုးက ပြောကြားသည်။

“သိန်းနီရေပူစခန်းက မေလထဲမှာ သစ်ဖမ်းတာများတယ်။ နွားတွေလည်း ဖမ်းမိတော့ တရားမဝင်ကုန်သွယ်သူတွေဘက်က မကျေမနပ်ဖြစ်ကြတာပေါ့။ အဖမ်းအဆီးများလာလေ မကျေနပ်ချက်တွေများလေဖြစ်တာ”ဟု ၂၂ဘီးယာဉ်မောင်း ဦးဝင်းနိုင်က ပြောဆိုသည်။

ယင်းသို့ ပေါက်ကွဲမှုများဖြစ်ခဲ့သည့်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပြည်ထောင်စုလမ်းပေါ်ရှိ သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တို့တွင် ရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀ ခန့်ကို လုံခြုံရေးချထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ R-07

# ရောဝတီတိုင်းတွင် လက်ရိုက်အုတ် အဝယ်နည်း

ဟသ်ာတ၊ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီးရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံး လက်ရိုက်အုတ်များကို ဝယ်ယူမှုမှာ ထက်ဝက်ခန့် လျော့နည်းသွားကြောင်း လက်ရိုက်အုတ်ထုတ်လုပ်သူများထံမှ သိရသည်။

အဆိုပါ အုတ်များကို ယခုနှစ်ထက်ထက်ဝက်ခန့် လျော့ကျခဲ့ပြီး မိုးဦးကျချိန်အထိ အုတ်လက်ကျန်များ ရှိနေကြောင်း၊ လက်ရိုက်အုတ် ထုတ်လုပ်သူများအနေနှင့် ကုန်ကျစရိတ် မြင့်တက်လာခြင်း အပေါ်အခြေခံကာ ဈေးလျှော့ရောင်းရန် အဆင်မပြေကြောင်း၊ အုတ်ရေတစ်သောင်းလျှင် ကျပ် ၁၀သိန်းမှ ၁၂သိန်းအထိ ရှိပြီး ဈေးချမရောင်းနိုင်သဖြင့် ဧပြီ၊ မေလများတွင် နောက်ဆုံးထားကာ ရောင်းချရမည့် လက်ရိုက်အုတ်များကို မိုးတွင်းကာလအထိ စောင့်ဆိုင်း ရောင်းချရမည်ဖြစ်ကြောင်း အုတ်ထုတ်လုပ်သူများက ပြောကြားသည်။

ယခင်နှစ်များက မိုးတွင်းကာလ ဈေးကောင်းကို မျှော်လင့်ကာ လက်ရိုက်အုတ်သိုလှောင်ရောင်းချရကြောင်း၊ ၂၀၁၇ ခုနှစ် မိုးရာသီအတွက် သီးခြားသိုလှောင်စရာမလိုဘဲ လက်ကျန်အုတ်များရှိနေကြောင်း၊ မိုးမကျမီ ကာလ၌ အုတ်ချပ်ရေတစ်သောင်းလျှင် ဆယ်သိန်းကျပ်ဝန်းကျင်(မြေပုံဈေး) ဖြင့် ရောင်းချနိုင်သော်လည်း မိုးစရွာပြီဆိုပါက အုတ်ချပ်ရေတစ်သောင်းလျှင် ၁၂ သိန်းကျပ်ဈေးအနည်းဆုံးဖြင့် ရောင်းချရကြောင်း ဟသ်ာတမြို့ခံ အုတ်ထုတ်လုပ်သူ ဦးစိုးနိုင်က ပြောကြားသည်။

ဧရာဝတီတိုင်းရှိ လက်ရိုက်အုတ်များကို အဝယ်နည်းရခြင်းမှာ စီးပွားရေးလုပ်ငန်းများ အဆင်မပြေမှုကြောင့်သာဖြစ်ကြောင်း၊ တောင်သူများ၏ စီးပွားရေးအဆင်ပြေပါက အဆောက်အအုံများအတွက် ဝယ်လိုအား မြင့်တက်လေ့ရှိကြောင်း၊ ၂၀၁၇ ခုနှစ် မိုးတွင်းကာလ၌ လက်ရိုက်အုတ်ဈေးသီးခြားမြင့်တက်လာနိုင်ခြေမရှိကြောင်း မြောင်းမြမြို့ခံအုတ်ထုတ်လုပ်သူ ဦးလင်းအောင်က မှတ်ချက်ပြုသည်။

■ R-13

# တောင်ငူဒေသ လူငယ်၊ လူလတ်ပိုင်းများ ထိုင်းသို့ သွားရောက်လုပ်ကိုင်မှုများ

**တောင်ငူ၊ မေ ၁၁**

ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်အတွင်း စစ်တောင်းမြစ်ကမ်းအနီးအနား ကျေးရွာများတွင် လွန်ခဲ့သည့်သုံးနှစ်ခန့်စ၍ တောင်သူလုပ်ငန်း စီးပွားဖြစ်လုပ်ကိုင်၍ မရနိုင်ကြောင်း အကြောင်းပြချက်ဖြင့် လူငယ်၊ လူလတ်ပိုင်းရာနှင့်ချီ၍ အိမ်နီးချင်း ထိုင်းသို့ တရားမဝင် သွားရောက်လုပ်ကိုင်မှုများ လာကြောင်း ဒေသခံများက ပြောဆိုသည်။

အုတ်တွင်းနှင့် ထန်းတပင်နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၂၀၀နီးပါး၊ အရွယ်ရောက်ပြီးသူ လူဦးရေ တစ်သိန်းနီးပါးရှိပြီး ကျေးလက်နေသူ အများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေကြသူများဖြစ်ကာ ၂၀၁၄ ခုနှစ်နောက်ပိုင်း ထိုင်းသို့သွားရောက်လုပ်ကိုင်နေသူ အသက် ၂၀ခန့်မှ ၄၀အတွင်း လူငယ်၊ လူလတ်ပိုင်း ဦးရေ အနည်းဆုံး ၃၀၀ ခန့်ရှိမည်ဟု ဒေသခံများက ခန့်မှန်းသည်။

“အခုနောက်ပိုင်း ကလေးရှိသူကလည်း ကလေးကို သားချင်းတွေဖြစ်တဲ့ ဘကြီး ဒေါ်ကြီးတွေထံ ပိုက်ဆံထောက်ပံ့ပြီး ထားခဲ့တယ်။ ပြီးရင် လင်ရော၊ မယားရော ထိုင်းမှာအလုပ်သွားလုပ်ကြတယ်။ တချို့ရွာတွေဆို လူငယ်၊ လူလတ်ပိုင်းတောင် မကျန်တော့ဘူး” ဟု ထန်းတပင်မြို့နယ် နောင်ချိုကျေးရွာနေ ဒေါ်ထိုက်ထိုက်လင်းက ပြောကြားသည်။

အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာအုပ်စု အောင်သာ၊ ကံသာနှင့် သရက်အုပ်ရွာများတွင် မူလက မလေးရှားသို့သွားရောက်သူ အနည်းငယ်သာရှိခဲ့ကြသော်လည်း နောက်ပိုင်းတွင် ကုန်ကျစရိတ်နည်းပြီး လုပ်နိုင်လျှင် လုပ်နိုင်သလောက် ဝင်ငွေရှိသည့် ထိုင်းသို့သွားရောက်သူများပြားလာသည်ဟု အုတ်တွင်းမြို့နယ် ကံသာကျေးရွာမှ အသက် ၄၀ ခန့်အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

“ခုနောက်ပိုင်း ရွာမှာ ကိစ္စပေါ်ရင် (အလှူ၊ မင်္ဂလာဆောင်၊ နာရေး)ပေါ်ရင် လုပ်နိုင်ကိုင်နိုင်တဲ့ အမျိုးသားတွေ သိပ်မရှိတော့ဘူး။ တစ်ခါတလေ အပျိုခေါင်း (ကျေးရွာ အမျိုးသမီးများ၏ ခေါင်းဆောင်အဖြစ် ရပ်ရွာက သတ်မှတ်ထားသူ) ကတောင် မဏ္ဍပ်လုပ်ဖို့ ကူညီရတာမျိုးထိ ရှိလာတယ်” ဟု ၎င်းက ပြောကြားသည်။

လူလတ်ပိုင်းအချို့ အိမ်နီးချင်းနိုင်ငံများသို့သွားရောက်လုပ်ကိုင်မှုများလာခြင်းမှာ ပြည်တွင်း၌ လုပ်ခလစာနည်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေနည်းပါးလာသဖြင့် မိသားစုစီးပွားရေးအဆင်မပြေဖြစ်ကာ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေရကြောင်း အုတ်တွင်း-ထန်းတပင်အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးက ပြောဆိုသည်။

တောင်ငူခရိုင်အတွင်း မြို့နယ်၆ ခုမှ ထိုင်းသို့သွားရောက်လုပ်ကိုင်နေသူများ ပြားနေခြင်းကို တောင်ငူအခြေစိုက် မြဝတီယာဉ်လိုင်း ငါးလိုင်းခန့်ရှိနေခြင်းက သိသာစေသည့် အချက်တစ်ချက်ဖြစ်စေကြောင်း မြဝတီ-တောင်ငူ ကားဂိတ်တစ်ခုတွင် အလုပ်လုပ်ကိုင်ဖူးသူ အမျိုးသားတစ်ဦးက မှတ်ချက်ပေးသည်။

■ R-15

# မိတ္ထီလာကန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမည်

**မိတ္ထီလာ၊ မေ ၁၁**

မိတ္ထီလာကန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရန် သက်ဆိုင်ရာ အစိုးရဌာနများပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို မိတ္ထီလာမြို့နန်းတော်ကုန်းရပ်ရှိ ဝန်ဇင်းဟိုတယ်တွင် မေလ ၁၂ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း မိတ္ထီလာကန်ချစ်သူများအသင်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါစီမံကိန်းကို မြန်မာနှင့် နယ်သာလန်နှစ်နိုင်ငံအကြား ၂၀၁၃ ခုနှစ်၊ မေလအတွင်းက ရေးထိုးခဲ့သည့် ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာအရ ဆောင်ရွက်ခြင်းဖြစ်သည်။

“ရာသီဥတုတွေလည်း ပြောင်းလဲလာပြီ၊ လူဦးရေတွေလည်း တိုးတက်လာပြီဆိုတော့ ဒါတွေဟာ မိတ္ထီလာမြို့ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါတယ်” ဟု နယ်သာလန်နိုင်ငံအခြေစိုက် Royal Haskoning DHV ၏ အဖွဲ့ခေါင်းဆောင် Mr.Luuk Brinkman က ဆိုသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မိတ္ထီလာကန်ပတ်ဝန်းကျင်တွင် အခြေချနေထိုင်သူအားလုံး သန့်ရှင်းစိမ်းလန်းသော ပတ်ဝန်းကျင်တွင် ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ရေရှည်တည်တံ့သည့် ရေအရင်းအမြစ်ကိုရရှိရန် ရည်ရွယ်ကျင်းပပြီး စွန့်ပစ်အမှိုက်နှင့် အညစ်အကြေးများ ကန်အတွင်း စွန့်ပစ်ရန်ရှောင်ကြဉ်ခြင်း၊ မိတ္ထီလာမြို့၏ ရေစီးရေလာမြောင်းစနစ်နှင့် ရေဖြန့်ဝေမှုစနစ်ကိုအဆင့်မြှင့်ပေးခြင်း၊ လူထုအသိပညာပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရေးတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း စီမံကိန်းဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။

■ R-01



ဓာတ်ပုံ – မောင်မျိုးထက်

# ကန်ကြီးထောင့်မြို့ မြစ်ကမ်းပြိုမှု မိုးရာသီမတိုင်မီ ထိန်းသိမ်းပြုပြင်ပေးရန် မြို့ခံများတောင်းဆို

**ပုသိမ်၊ မေ ၁၁**

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့ ကမ်းနားလမ်းတစ်လျှောက် နေ့စဉ်မြစ်ကမ်းပြိုနေသဖြင့် တိုင်းအစိုးရအနေနှင့် မိုးရာသီမတိုင်မီ မြစ်ကမ်း ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ပေးရန် ကမ်းနားလမ်းနေပြည်သူများနှင့် ကန်ကြီးထောင့်မြို့မြစ်ကမ်းထိန်းသိမ်းရေးအဖွဲ့က တောင်းဆိုသည်။

အရှည် ပေ ၂၀၀၀ခန့် ကမ်းပြိုနေသော်လည်း အရေးကြီးသည့် ကမ်းနားဈေးမှ တန်တစ်ရာဆန်စက်ရှေ့အထိ ကမ်းနားလမ်းတစ်လျှောက် မြစ်ရေကာတာ၏ မြစ်ဘက်အခြမ်း ပေ ၉၀၀ ကို လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ယာယီဆောင်ရွက်ထားသည်။

သို့သော် မြစ်ရေတက်/ကျချိန်တွင် ရေစွယ်ထိုး၍ လှိုင်းပုတ်ပြီး ကမ်းပါးကတစ်တိတိပြိုလာသဖြင့် လတ်တလောတွင် ရေတိုက်စားခြင်းနှင့် လှိုင်းပုတ်သည့်ဒဏ်ခံနိုင်ရန် ဝါးများကို စိပ်စိပ်ကွပ်၍ ကာကွယ်ထားသည့်အပြင် အတွင်းဘက်မှ ချုံနွယ်များ၊ သစ်ကိုင်းများချထားကြောင်း ကန်ကြီးထောင့်မြို့ မြစ်ကမ်းထိန်းသိမ်းရေးအဖွဲ့ထံမှ သိရှိရသည်။

“ဒါက အရှည်သဖြင့်တော့ မရနိုင်ဘူး” ဟု ကန်ကြီးထောင့်မြို့မြစ်ကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးဘိုဘိုထွန်းက မှတ်ချက်ပြုသည်။

မိုးရာသီရောက်၍ ညအချိန်မြစ်ရေမြင့်တက်ပြီး တာကျိုးပေါက်ပါက တစ်ဖက်ခြမ်းရှိ လယ်မြေကေတစ်သောင်းကျော်နှင့်၊ ကန်ကြီးထောင့် မြို့မရပ်ကွက်များ၊ ကျောင်းများ၊ ဆန်စက်များ ရေလွှမ်းခံရမည်ကို ယင်းမြစ်ကမ်းအနီးနေထိုင်သည့် အိမ်ထောင်စု ၅၀ ခန့်က စိုးရိမ်နေကြောင်း အသက် ၇၀အရွယ် မြို့မိမြို့ဖ ဦးတင်ဦးက ပြောဆိုသည်။

ယင်းကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီး အချိန်မီဆောင်ရွက်နိုင်ရန် ကန်ကြီးထောင့် မြစ်ရေကာတာနှင့် တစ်ဆက်တည်းဖြစ်သည့် ဒါးကဘက်ဒေသရှိသည့် အပိုင်းကို စတင်စစ်ဆေးကာ မြစ်ကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကမ်းပါးနှင့်အနီးဆုံး နေအိမ် ၃လုံး ကမ်းပြိုရာတွင် ပါဝင်ခဲ့ပြီး လူနှင့်တိရစ္ဆာန် သေဆုံးမှုမရှိကြောင်း၊ နေအိမ်နှစ်လုံးကို ဘေးလွတ်ရာ ရွှေ့ပြောင်းထားကြောင်း ကန်ကြီးထောင့်မြို့ မြစ်ကမ်းထိန်းသိမ်းရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

■ R - 12

# မုံးကိုးသင်းထောက်ဆရာနှစ်ဦးကို လားရှိုးတရားရုံးပြောင်းစစ်

**လားရှိုး၊ မတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မုံးကိုးမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်နွယ်သည်ဟုဆိုကာ ဖမ်းဆီးခံထားရသည့် ခရစ်ယာန်သင်းထောက်ဆရာနှစ်ဦး၏အမှုကို မူဆယ်မြို့မှ လားရှိုးမြို့နယ် တရားရုံးသို့ လွှဲပြောင်းစစ်ဆေးမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။

မုံးကိုးမြို့မှ သင်းထောက်ဆရာနှစ်ဦးကို မတရားအသင်းဥပဒေပုဒ်မ ၁၇(၁)(၂)အပါအဝင် အရေးကြီးကုန်ပစ္စည်းဥပဒေပုဒ်မ ၈(၁)တို့ဖြင့် မူဆယ်မြို့နယ်တရားရုံးတွင် တရားစွဲဆိုထားရာမှ လုံခြုံရေးအခြေအနေကြောင့် လားရှိုးမြို့နယ်တရားရုံးသို့ အမှုပြောင်းရွှေ့စစ်ဆေးမည်ဖြစ်ကြောင်း လားရှိုးမြို့ရှိ ရှမ်းပြည်နယ်၊ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးက ပြောကြားသည်။

ပြီးခဲ့သည့် မေလ ၆ ရက်နေ့က မူဆယ်အချုပ်စခန်းမှ လားရှိုးအကျဉ်းထောင်သို့လွှဲပြောင်းပေးထားခဲ့ပြီး မေလ ၁၂ ရက်နေ့တွင် ရုံးထုတ်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါ သင်းထောက်ဆရာနှစ်ဦးသည် ရှမ်းပြည်နယ်၊ အရှေ့မြောက်ဒေသ၊ အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သောင်းကျန်းသူများအတွက် ငွေထောက်ပံ့ခြင်း၊ လူသစ်စုဆောင်းပေးခြင်း၊ သတင်းပေးခြင်းနှင့် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ခြင်းတို့ကို လုပ်ဆောင်သည်ဟုဆိုကာ တပ်မတော်က အမှုဖွင့်တရားစွဲဆိုထားခြင်းဖြစ်သည်။

■ R-07

# သပိတ်ကျင်းတွင် တရားမဝင် ကျောက်မျက်တူးဖော်နေမှု အရေးယူမည်

**သပိတ်ကျင်း၊ မေ ၁၁**

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ပိုးဇာကျေးရွာနှင့် ညောင်ပင်သာကျေးရွာအကြား ဇဒီးချောင်း၏ တောင်ဘက်တွင် တရားမဝင် ကျောက်မျက် တူးဖော်မှုများရှိနေသည့်အတွက် ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ပြောကြားသည်။

ယင်းသို့တူးဖော်နေမှုကို လာရောက်လျှောက်ထားတင်ပြခြင်း မရှိသကဲ့သို့ သက်ဆိုင်ရာ ကျေးရွာဒေသခံများနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးတို့က တင်ပြထားခြင်းမရှိသေးသော်လည်း စက်ယန္တရားကြီး များဖြင့် တရားမဝင်ကျောက်မျက်တူးဖော်နေမှုကို ဖမ်းဆီးအရေးယူမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

အဆိုပါနေရာတွင် ယခုရက်ပိုင်းအထိ တရားမဝင်ကျောက်မျက်တူးဖော် လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေကြောင်း ပိုးဇာကျေးရွာအုပ်ချုပ်ရေးမှူး ဦးအာမိုဆီက ပြောကြားသည်။

ကျေးရွာအနီး ယခင်က စိုက်ပျိုးလုပ်ကိုင်စားသောက်နေသော ဒေသခံများထံမှ ဥယျာဉ်ခြံမြေများကို လုပ်ငန်းရှင်များက ဝယ်ယူကာ သီးနှံစိုက်ပျိုး လုပ်ကိုင်ခြင်းမပြုဘဲ တရားမဝင်စက်ယန္တရားများဖြင့် ကျောက်မျက်တူးဖော်လုပ်ကိုင်နေကြောင်း ၎င်းက ပြောဆိုသည်။

"ကျွန်တော်တို့သွား ရောက်လေ့လာစုံစမ်းကြည့်တော့ ၂၀၁၄ ခုနှစ်လောက်ဘယ်မှာလုပ်ကိုင်ခွင့်ပေးထားတဲ့ ခွင့်ပြုမိန့်မှန်းမသိတဲ့ စာရွက်ထုတ်ပြပြီး လုပ်ကိုင်နေတယ်။ လုပ်နေတဲ့လုပ်ငန်းရှင်က မိုးကုတ်ဒေသက လုပ်ငန်းရှင်တွေ ဆောင်ရွက်နေတာပါ"ဟု ၎င်းက ရှင်းပြသည်။

ယင်းဒေသအတွင်း ကျောက်မျက်တူးဖော်ရေးအတွက် မိုးကုတ်ကျောက်မျက်ရတနာနယ်မြေအဖြစ် အစိုးရအဖွဲ့တာဝန်ရှိသူများက ဥပဒေပြဋ္ဌာန်း ပယ်ဖျက်သတ်မှတ်ပေးမှသာ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပြီး ယခုကဲ့သို့စက်ယန္တရားကြီးများဖြင့် ကျောက်မျက်တူးဖော်မှုကို အသိပေးအကြောင်းကြားခွင့်ပြုထားခြင်းမရှိကြောင်း ၅ မိုင်ကျေးရွာ အမှတ် ၂ သတ္တုတွင်းလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဒီဒေသက ကျောက်မျက်နယ်မြေက ကင်းလွတ်ဖို့လွှတ်တော်မှာ တင်ပြဆွေးနွေးနေဆဲပဲရှိပါသေးတယ်။ အခုလို ကျောက်မျက်တူးဖော်မယ် ဆိုရင်လည်း သက်ဆိုင်အဖွဲ့အစည်းအသီးသီးရဲ့ ခွင့်ပြုမိန့်ရှိမှ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိတာပါ။ ဒီလို တရားမဝင် လုပ်ကိုင်ဆောင်ရွက်တာ ဟုတ် မဟုတ် သက်ဆိုင်ရာအဖွဲ့တွေ တင်ပြပြီး ကွင်းဆင်းစစ်ဆေးသွားမှာပါ" ဟု ၎င်းက ဆိုသည်။

■ R-05

# အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ နှစ်ရက်ကြာ ကျင်းပ

**ကလေး၊ မေ ၁၁**

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိအမျိုးသမီးများ ချိတ်ဆက်မှု အားကောင်းလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ရည်ရွယ်ကာ မေလ ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်ကြာ ကလေးမြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးတွင် အမျိုးသမီး စွမ်းဆောင်ရည် မြှင့်တင်ခြင်းဆွေးနွေးပွဲကို အမျိုးသမီးဦးရေ ၁၀၀ကျော်ပါဝင်ကာ ကျင်းပနေကြောင်း DAWN အမျိုးသမီးအဖွဲ့ထံမှ သိရှိရသည်။

"အမျိုးသမီးနဲ့အမျိုးသား နှိုင်းယှဉ်မယ်ဆိုရင် လုပ်ငန်းကိုင်ငန်းမှာရော အိမ်တစ်အိမ်မှာရော အမျိုးသားတွေကပဲ ဦးဆောင်ရမယ်လို့ ကျွန်တော်တို့အားလုံး မှတ်ယူထားကြတာပါ။ ဒါတွေကို ပြေပျောက်ပြီးတော့မှ တန်းတူအခွင့်အရေးနဲ့ တန်းတူ ဦးဆောင်နိုင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ဆွေးနွေးပွဲတက်ရောက်သည့် ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက ပြောကြားသည်။

ဆွေးနွေးပွဲတက်ရောက်သည့်အမျိုးသမီးများကို ခေါင်းလျှော်ရည်ပြုလုပ်ခြင်း၊ ဆပ်ပြာပြုလုပ်ခြင်းစသည့် မိသားစုတစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေး လုပ်ငန်းများကို သင်ကြားပေးသဖြင့် ဆွေးနွေးပွဲပြီးလျှင် မိမိအိမ်ထောင်စုတွင် စီးပွားရေးကို တစ်ထောင့်တစ်နေရာမှ ပါဝင်လုပ်ဆောင်နိုင်မည်ကြောင်း ယင်းအဖွဲ့ထံမှ သိရှိရသည်။

■ R -20

# မြစ်ကြီးနား အကျဉ်းထောင်တွင် HIV ပိုးရှိသူ ၆၀၀ ကျော်

**မြစ်ကြီးနား၊ မေ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနား အကျဉ်းဦးစီးဌာန မြစ်ကြီးနားအကျဉ်းထောင်တွင် ခုခံအားကျဆင်းရောဂါ (HIV) ပိုးရှိသူ ၆၃၀ ဦးရှိပြီး တီဘီရောဂါရှိသူ ၄၄ ဦးရှိကြောင်း မြစ်ကြီးနား အကျဉ်းဦးစီးဌာနထံမှ သိရသည်။

အဆိုပါ ခုခံအားကျဆင်းသည့် ဝေဒနာရှင် အကျဉ်းသား ၅၆၈ ဦးနှင့် အကျဉ်းသူ ၆၂ဦး၊ တီဘီရောဂါဝေဒနာရှင် အကျဉ်းကျ အမျိုးသား ၄၁ ဦးနှင့် အမျိုးသမီးသုံးဦး စုစုပေါင်း ခြောက်ရာကျော်ရှိကြောင်း၊ ယင်းဝေဒနာရှင်များဆေးဝါးကုသမှုကို လစဉ် ပုံမှန်ဆောင်ရွက်ပေးနေကြောင်း မြစ်ကြီးနားအကျဉ်းထောင်မှ ထောင်ပိုင်ဦးလှဝင်းမောင်က ပြောကြားသည်။

"တစ်လစာ သူတို့အတွက် ဆေးဝါးကုသမှုတွေကိုဆောင်ရွက်ပေးတယ်။ ပြည်နယ်ကျန်းမာရေးဦးစီး၊ နယ်စည်းမထားအဖွဲ့နဲ့ ကမ္ဘာ့ဆရာဝန်များအဖွဲ့တို့က လာရောက်ကုသပေးတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ဝေဒနာရှင်များအတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောမှုနှင့် ကျန်းမာရေးအရ ဆေးဝါးကုသမှုလိုအပ်ပါက မြစ်ကြီးနားမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

"ဆေးဝါးကုသဖို့လိုရင် အမြဲတမ်းဆေးရုံကို ပို့ပြီးကုသပေးတယ်။ ပြီးတော့ အခုလက်ရှိ ဆေးရုံကို ကုသခံယူမှု ဆောင်ရွက်ပေးနေတာ ၂၅ ဦးရှိတယ်"ဟု ဦးလှဝင်းမောင်က ပြောဆိုသည်။

လက်ရှိ မြစ်ကြီးနားအကျဉ်းဦးစီးဌာနတွင် အကျဉ်းကျခံသူနှင့် အချုပ်ကျခံနေသူ စုစုပေါင်း ဦးရေ ၃၄၃၈ ဦးရှိကြောင်း၊ ယင်း အကျဉ်းကျခံနေသူများ အတွက် ကိုးကွယ်မှုအလိုက် ပွဲလမ်းသဘင်နှင့် ဝတ်ပြုဆုတောင်းခြင်းတို့ကိုလည်း ကျင်းပပေးလျက်ရှိကြောင်း မြစ်ကြီးနား အကျဉ်းဦးစီးဌာနထံမှ သိရသည်။

■ R-06



ဓာတ်ပုံ – မင်းမင်း (ရေပူ)

# ရေပူဂိတ်တွင် အကောက်ခွန်မဲ့ ဖုန်းအလုံး ငါးထောင်ကျော်ဖမ်းမိ

**လားရှိုး၊ မေ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန်းနီ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် မေလ ၁၀ ရက်နေ့ ည ၁၀ နာရီခန့်က ခရီးသည်တင်ကားနှစ်စီးမှ အကောက်ခွန်မဲ့တင်သွင်းလာသည့်လက်ကိုင်ဖုန်းမျိုးစုံ ၅၅၀၃ လုံးကို ဖမ်းဆီးရမိခဲ့ကြောင်း ယင်းစစ်ဆေးရေး စခန်းထံမှ သိရသည်။

ယင်းနေ့က မူဆယ်ဘက်မှလာသည့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ လက်ကိုင်ဖုန်းမျိုးစုံအလုံးရေ ၁၇၀၂ လုံးကို ဖမ်းဆီးရမိပြီးနောက် ရွှေလီရတနာခရီးသည်ပို့ဆောင်ရေး မှန်လုံယာဉ်ပေါ်မှ Mi အမျိုးအစားဖုန်းအလုံး ၄၀၀နှင့် Huawei အမျိုးအစားဖုန်းအလုံး ၂၃၀၅ လုံး စုစုပေါင်း ၅၅၀၃ လုံးကို ဖမ်းဆီးရမိကြောင်း သိန်းနီ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း တာဝန်ခံ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က ပြောကြားသည်။

ယင်းသို့ဖမ်းဆီးရမိသည့်အကောက်ခွန်မဲ့လက်ကိုင်ဖုန်းများကို လားရှိုးမြို့ အကောက်ခွန်ဦးစီးဌာနသို့လွှဲပြောင်းအပ်နှံခဲ့ပြီး အကောက်ခွန် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

■ R-07

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ရှစ်တန်းကျောင်းသူကို ပထွေးက အဓမ္မကျင့်

**ပြည်၊ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ဥသျှစ်ပင်မြို့ရှိ ရွှေပင်ရပ်ကွက်တွင် အသက် ၁၄နှစ်အရွယ် ရှစ်တန်း ကျောင်းသူကို ပထွေးက အကြိမ်ကြိမ် အဓမ္မပြုကျင့်သဖြင့် မေလ ၁၀ ရက်တွင် အမှုဖွင့် တိုင်ကြားခဲ့ကြောင်း ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ မိန်းကလေးကို ၂၀၁၆ခုနှစ် စက်တင်ဘာလမှ စတင်ကာ ဖေဖော်ဝါရီလအထိ မိခင်ဈေးရောင်းသွားနေစဉ် ပထွေး ဦးတင်ထွန်း(၅၀နှစ်)က အကြိမ်ကြိမ် ပြုကျင့်ခံခဲ့ပြီး ပြန်တိုင်ပါက ဝက်အူလှည့်ဖြင့်ထိုးမည်ဟုခြိမ်းခြောက်သဖြင့် မိန်းကလေးမှာ မပြောရဲခဲ့ကြောင်း၊ မေလ ၁၀ရက်တွင် ပြည်မြို့ရှိ ဆေးရုံသို့ လာပြရာမှ ကိုယ်ဝန်ရှစ်လ ရှိသည်ကို သိရပြီး မိန်းကလေးကို မေးမြန်းပြီးနောက် မိခင်က ရာဇသတ်ကြီး ပုဒ်မ ၃၇၆ဖြင့် အမှုဖွင့်ခဲ့ကြောင်း ယင်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရန် မိဘများကို အသိပညာပေးခြင်း၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာ အရေးယူနိုင်ရန် လိုအပ်ခြင်းအပြင် ပြည်သူများ၏ စီးပွားရေး အဆင်မပြေခြင်း၊ အလုပ်အကိုင်ရှားပါးသဖြင့် ရရာအလုပ်ကို လုပ်ကိုင်ရခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်ပေးရန် လိုအပ်ကြောင်း ပြည်မြို့ အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ olive branch ဦးမင်းမင်းက ပြောကြားသည်။

■

## ဖရဲသီးခိုးစားသည့် သုံးနှစ်ကလေးကို ဓားဖြင့်ထိုးသတ်သည့် လင်မယားကို ထောင်ဒဏ်အမိန့်ချ

**ရန်ကုန်၊ မေ ၁၁**

သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာတွင် နေအိမ်လာလည်သည့် သုံးနှစ်အရွယ် မိန်းကလေးငယ်ကို ဖရဲသီးခိုးစားသည်ဟုဆိုကာ လည်ပင်းညှစ် ဓားဖြင့်ထိုးသတ်ပြီး အလောင်းဖျောက်ဖျက်ရန် ကြံစည်ခဲ့သည့် လင်မယားကို မေလ ၉ ရက်နေ့က တောင်ပိုင်းခရိုင်တရားရုံးမှ အလုပ်နှင့်ထောင်ဒဏ် အမိန့်အသီးသီးချမှတ်ခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

အသတ်ခံရသည့် သုံးနှစ်အရွယ် မိန်းကလေးငယ်မှာ ဗိုလ်ချုပ်ကျေးရွာတွင် နေထိုင်သူဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လ ၅ ရက်နေ့က တစ်ရွာတည်းနေ အသက် ၂၁ နှစ် မစန္ဒာဝင်း(ခ) လှဲ့လှဲ့ဝင်း၏ နေအိမ်သို့လာ၍ အိမ်ရှင်၏ သမီးဖြစ်သူနှင့် ဆော့ကစား နေရာမှ နေအိမ်ပေါ်ရှိ ဖရဲသီးအား ခိုးစားခဲ့သည်ဟုဆိုကာ အိမ်ရှင်အမျိုးသမီးက ကလေးငယ်၏ လည်ပင်းကိုညှစ်၍ လက်ကို ဓားဖြင့်မွှန်းပြီး ဝမ်းဗိုက်ကို ဓားဖြင့် ငါးချက်ဆင့် ထိုးသတ်ဖြတ်ခဲ့သည်။

ယင်းနောက်သေဆုံးသူကလေးငယ် ရုပ်အလောင်းကို ပီနံအိတ်ဖြင့်ထုပ်၍ ညအချိန် လျှပ်စစ်မီးများ ပြတ်နေစဉ် ခင်ပွန်းဖြစ်သူနှင့်အတူ အလောင်းဖျောက်ဖျက်ရန် ကြံစည်ချိန် ကျေးရွာနေသူများက ၎င်းတို့လင်မယား နှစ်ဦးကို ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။

အဆိုပါအမှုအား တောင်ပိုင်း ခရိုင်တရားရုံးတွင် စစ်ဆေးပြီးနောက် မစန္ဒာဝင်း(ခ)လှဲ့လှဲ့ဝင်းကို လူသတ်မှု ပုဒ်မ ၃၀၂(၂) အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် သက်သေခံပစ္စည်း ဖျောက်ဖျက်မှု ပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် ၁ နှစ် စုစုပေါင်း ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ၎င်း၏ ခင်ပွန်းဖြစ်သူ သက်သေခံပစ္စည်း ဖျောက်ဖျက်မှု ပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။ **S-03**

## မှုခင်းသတင်းတိုများ

■ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်းရှိ မြိတ်ခေါင်းဖြူကတ်ကြေးကိုက်ဆိုင်တွင် မေလ ၁၀ ည ၉ နာရီ ၁၅ မိနစ်ခန့်က နေအိမ်အပေါ်ထပ်၌ တပ်ဆင်ထားသော အဲယားကွန်းအပူလွန်ကဲရာမှ စတင်မီးလောင်ခဲ့ပြီး အလျား ပေ ၆၀၊ အနံ ၂၅ ပေခန့်ရှိ သွပ်မိုး၊ ကွန်ကရစ်ခင်း မြေစိုက်ဆိုင်ခန်းနှင့် အနီး တိုက်ခန်းများကို မီးဟပ်လောင်ကျွမ်းကာ ဆိုင်ဝန်ထမ်းအမျိုးသမီးနှစ်ဦး သတိလစ်မြောခဲ့သောကြောင့် အသက် ၄၃ နှစ်အရွယ် ဆိုင်ပိုင်ရှင်အမျိုးသားကို စမ်းချောင်းမြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားသည်။

■ ဒဂုံမြို့နယ်၊ မနော်ဟရီလမ်းအတိုင်း (အရှေ့မှ အနောက်)သို့ မောင်းနှင်လာသော BM ဖြူ/စိမ်းကျား အငှားယာဉ်သည် မေလ ၁၀ ရက် ညနေပိုင်းက မြို့မကျောင်းလမ်းဆုံအရောက် အရှိန်မထိန်းနိုင်ဘဲ Nissan AD အဖြူရောင် အငှားယာဉ်ကို ဝင်တိုက်ရာ အမျိုးသမီးနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ အသက် ၂၆ နှစ်အရွယ်အမျိုးသားကို ဒဂုံမြို့မ ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၃၈/၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားသည်။

■ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ကျိုက်ဝိုင်းဘောလုံးကွင်းတွင် မေလ ၉ ရက် ည နေပိုင်းက ဖုန်းဖိုးအကြွေးတောင်းသည့်ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာမှ အသက် ၂၇ နှစ်အရွယ်ကို ကျော်စိုးသူကို အသက် ၁၉ နှစ်အရွယ် ကိုပိုင်ချစ်ဆန်းက ဆဲဆိုပြီး၊ အရိုးအသွား ၈ လက်မခန့်ရှိ မီးဖိုချောင်သုံး စတီးချွန်ဓားဖြင့်ထိုးရာ လည်ပင်းညာဘက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ညာတံတောင်ဆစ်ဖူးရောင်ဒဏ်ရာများဖြင့် အင်းစိန်ဆေးရုံကြီးတွင် တင်ပို့ကုသခဲ့ရသဖြင့် ပြစ်မှုကျူးလွန်သူကို ဘုရင့်နောင်နယ်မြေရဲစခန်းက ရာဇ သတ်ကြီး ပုဒ်မ ၃၂၆/၂၉၄ ဖြင့် အမှုဖွင့်အရေးယူထားသည်။

■ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ဦးဖိုးသိန်းလမ်းထိပ်တွင် မေလ ၁၀ ရက် ညနေပိုင်းက မူးယစ် ဆေးဝါး ကြိုတင်သတင်းရရှိထားသူ အသက် ၅၆ နှစ်အရွယ်အမျိုးသမီးတစ်ဦးအား ရှာဖွေဖမ်းဆီးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြားနှင့်အတူ ဆက်စပ်ပစ္စည်းများကို ဖမ်းမိခဲ့သဖြင့် သန်လျင်မြို့မရဲစခန်း က မယ(ပ)၆/၁၇၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားသည်။

**J 16**

## မောတောင်နယ်စပ်တွင် ထိုင်းနိုင်ငံသားတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရ

**မြိတ်၊ မေ ၁၁**

မြန်မာ-ထိုင်း နယ်စပ်တစ်ခုဖြစ်သည့် မောတောင်နယ်စပ်မြို့ အမှတ် (၃) ရပ်ကွက်တွင် မေလ ၁၀ ရက်နေ့ ည ၉ နာရီအချိန်ခန့်က ထိုင်းနိုင်ငံသားတစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရကြောင်း ယင်းမြို့နယ် မြို့မရဲစခန်းထံမှ သိရသည်။

သေနတ်ပစ်ခံရသူ ထိုင်းနိုင်ငံသား အသက် ၃၃ နှစ်ရှိ Mr.Chai Ched သည် အမှတ် (၃) ရပ်ကွက် တကောဖောလူကျေးရွာရှိ ပြည်ဖြိုးထွန်း ဆီအုန်းကုမ္ပဏီမှ စက်ယန္တရား ပြင်ဆရာတစ်ဦးဖြစ်ကြောင်း ရဲစခန်းမှတ်တမ်းအရ သိရသည်။

မောတောင်မြို့မှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းတည်ရှိသည်။

အဆိုပါထိုင်းနိုင်ငံသားသည် တကောဖောလူကျေးရွာအသွား ကားလမ်းဘေးတွင် ဖုန်းပြောနေစဉ် သေနတ်ဖြင့်ပစ်သတ်ခံရပြီး ဦးခေါင်း ချိုစောင်းဖောက်ဝင်ဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း တနင်္သာရီ မြို့မရဲစခန်းထံမှ သိရသည်။

သေနတ်ဖြင့်ပစ်ခတ်သွားသူကို ဖမ်းဆီးနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

**Dawei Watch**

The VOICE Daily CARTOON





ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂



## ဘင်နီတက်ဇ်တောင်းဆိုသည့် အပြောင်းအရွှေ့အသုံးစရိတ်ကို မိုက်အက်ရှ်လေ သဘောတူ

**နယူးကာဆယ်၊ မေ ၁၁**

နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းကို အင်အားဖြည့်တင်းရန်အတွက် အသင်းပိုင်ရှင် မိုက်အက်ရှ်လေနှင့် ဆွေးနွေးညှိနှိုင်းရာတွင် သဘောတူညီမှုများ ရရှိသွားခဲ့ပြီဖြစ်ပြီး ၎င်းတောင်းဆိုသည့် အပြောင်းအရွှေ့အသုံးစရိတ်ကို ထုတ်ပေးမည်ဟု မိုက်အက်ရှ်လေက ကတိပြုခဲ့ကြောင်း ဘင်နီတက်ဇ်က အသိပေးပြောကြားသွားခဲ့သည်ဟု Sky Sports က ဖော်ပြထားသည်။

ဘင်နီတက်ဇ်သည် နယူးကာဆယ်အသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအပြီးတွင် ၎င်းအနေနှင့်အသင်းကို ဆက်လက်ဦးဆောင်ရန်မှာ အသင်းပိုင်ရှင် မိုက်အက်ရှ်လေနှင့် တွေ့ဆုံဆွေးနွေးပြီးသည့်နောက်မှသာ တိကျစွာ အဖြေထွက်ပေါ်နိုင်လိမ့်မည်ဟု ထုတ်ဖော်ဖွင့်ဟခဲ့ပြီး လက်ရှိတွင်မူ အသင်းအတွက် ကစားသမားသစ်များခေါ်ယူရန် ဘင်နီတက်ဇ်က အစီအစဉ်များ စတင်ရေးဆွဲနေပြီလည်းဖြစ်သည်။

ဘင်နီတက်ဇ်သည် ပရီးမီးယားလိဂ်တွင် နယူးကာဆယ်အသင်း ကာလရှည်ရပ်တည်နိုင်ရန်အတွက် ကစားသမားသစ်ငါးဦး အနည်းဆုံးခေါ်ယူရလိမ့်မည်ဟု သုံးသပ်ထားပြီး မန်စီးတီးအသင်းနှင့်လမ်းခွဲတော့မည်ဖြစ်သော ဝါရင့်ကွင်းလယ်ကစားသမား ယာယာတိုရေးမှာ ဘင်နီတက်ဇ် အလိုရှိသည့်ကစားသမားစာရင်းတွင် ထိပ်ဆုံးနေရာက ပါဝင်လျက်ရှိသည်။

ဘင်နီတက်ဇ်သည် ၎င်းခေါ်ယူလိုသည့် ကစားသမားများအနက် အချို့မှာ တန်ကြေးမြင့်မားဖွယ်ရှိသည်ဟု အသိပေးထားပြီး ပရီးမီးယားလိဂ်တွင် မျှော်မှန်းထားသကဲ့သို့ အောင်မြင်မှုများရယူနိုင်မည်ဆိုပါက ဘင်နီတက်ဇ် တောင်းဆိုသည့် အပြောင်းအရွှေ့အသုံးစရိတ်ကို ထုတ်ပေးရန် ၎င်းတို့အနေနှင့် လက်တွန့်နေမည်မဟုတ်ကြောင်း နယူးကာဆယ် စီမံခန့်ခွဲရေးဒါရိုက်တာ လီချန်လေကလည်း အသိပေးထားသည်။ ■ E-11

# TODAY UPDATE NEWS

- ဘာမင်ဂမ်အသင်းသည် နည်းပြဟယ်ရီရက်နပ်ကို တစ်နှစ်သက်တမ်းစာချုပ်ဖြင့် လက်မှတ်ရေးထိုး ခန့်အပ်လိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။ ဟယ်ရီရက်နပ်သည် ဘာမင်ဂမ်ကို ချန်ပီယံရှစ်မှနေ၍ လိဂ်-၁ သို့ တန်းမဆင်းရစေရန် စွမ်းဆောင်ပေးလိုက်နိုင်အပြီးတွင် အသင်း၏မူဝါဒနှင့်ရည်ရွယ်ချက်များ ကောင်းမွန်ခဲ့မည်ဆိုပါက အမြဲတမ်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ပေးရန် ကမ်းလှမ်းလာခဲ့မည်ဆိုပါက လက်ခံပေးရန် အသင့်ရှိကြောင်း ဖွင့်ဟပြောကြားခဲ့ပြီး လာမည့်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်သို့ တန်းတက်ရောက်ခွင့်ရနိုင်စေရေးအတွက် အသင်းကို ယခုအချိန်ကတည်းက ပြင်ဆင်စုဖွဲ့တော့မည်ဖြစ်ကြောင်း အမြဲတမ်းနည်းပြရာထူးကို လက်ခံလိုက်အပြီးတွင် ဟယ်ရီရက်နပ်က ဆက်လက်အသိပေးသွားခဲ့သည်။
- တရုတ်ဆူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာတွင် ပါဝင်ကစားနေသည့် ချယ်လ်ဆီးကွင်းလယ်ကစားသမားဟောင်း အော်စကာသည် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ချယ်လ်ဆီးအသင်း ဆွတ်ခူးရရှိခဲ့ပါက ဆုတံဆိပ်ရရှိနိုင်မည့် ကစားသမားစာရင်းတွင် ပါဝင်နေကြောင်း Daily Mail က ဖော်ပြထားသည်။ အော်စကာသည် ရှန်ဟိုင်းရှင်ဟွာသို့ မပြောင်းရွှေ့မီတွင် ပရီးမီးယားလိဂ်ဆုတံဆိပ်ရရှိနိုင်ရန် လုံလောက်သောပွဲအရေအတွက် ပမာဏကို ပွဲထွက်ကစားခွင့်ရခဲ့ပြီး ချယ်လ်ဆီးမှာ ယနေ့(မေလ ၁၂ ရက်)ညတွင် ဝက်စ်ဘရွန်းနှင့်ယှဉ်ပြိုင်ရမည့်ပွဲစဉ်ကို အနိုင်ရရုံဖြင့် ပရီးမီးယားလိဂ်ချန်ပီယံဖြစ်လာတော့မည်ဖြစ်သည်။
- ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနှင့် ၎င်း၏အတူနေချစ်သူ အန်တိုနယ်လ်လာရော့ကတ်ဇ်ဇိုတို့သည် ၎င်းတို့နှစ်ဦး၏လက်ထပ်မင်္ဂလာပွဲကျင်းပမည့်အစီအစဉ်များကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။ မက်ဆီနှင့် ရော့ကတ်ဇ်ဇိုတို့သည် လက်ထပ်မင်္ဂလာပွဲကို လာမည့်ဇွန်လ ၃၀ ရက်နေ့တွင် ၎င်းတို့နှစ်ဦး၏ဇာတိဖြစ်သည့် အာဂျင်တီးနားနိုင်ငံ ရိုဆာရီယိုမြို့တွင် ကျင်းပမည်ဖြစ်ကာ လက်ရှိနေထိုင်သော ဘာစီလိုနာမြို့တွင်လည်း မင်္ဂလာအခမ်းအနားတစ်ခုကျင်းပရန် မက်ဆီနှင့် ရော့ကတ်ဇ်ဇိုတို့က အစီအစဉ်ရေးဆွဲထားကြသေးသည်။

## ဖာနန်ဒိုတောရက်စ်နှင့် စီရော်နယ်ဒိုတို့ စကားအချေအတင်ဖြစ်၊ ပင်နယ်တီကန်ရာတွင် ဂရစ်ဇ်မန်း ခြေထောက်နှစ်ဖက်လုံးနှင့် ဘောလုံးထိခဲ့

**မက်ဒရစ်၊ မေ ၁၁**

အက်သလက်တီကိုတိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်နှင့် ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုတို့သည် အက်သလက်တီကိုက ရီးရဲလ်မက်ဒရစ်ကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် စကားအချေအတင်ဖြစ်ခဲ့ပြီး တောရက်စ်က စီရော်နယ်ဒိုကို ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးမှုများပင်ရှိခဲ့ကြောင်း The Guardian က ဖော်ပြထားသည်။

ဖာနန်ဒိုတောရက်စ်နှင့် စီရော်နယ်ဒိုတို့သည် ပထမပိုင်းပြီးဆုံးခါနီးတွင် စကားအချေအတင်ဖြစ်ခဲ့ကြခြင်းဖြစ်ပြီး တောရက်စ်က စီရော်နယ်ဒိုကို ဦးစွာပထမတင်စီး၍ “ငါ ဘာမှားလို့လဲ။ အတုကောင်” ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရုပ်သံအထောက်အထားများတွင် မြင်ရသည်။

စီရော်နယ်ဒိုသည် တောရက်စ်၏ပြောစကားကို “ငတုံးရာ၊ မင်းတို့ အိမ်ပြန်တော့၊ လစ်တော့”ဟု ချက်ချင်းပင် တုံ့ပြန်ခဲ့ပြီး ယင်းနောက်တွင် တောရက်စ်က စီရော်နယ်ကို “ခွေးမသား”ဟု ဆဲလိုက်ကြောင်း စပိန်သတင်းစာ Marca က ရေးသားထားသည်။

တောရက်စ်နှင့် စီရော်နယ်ဒိုတို့ စကားအချေအတင်ဖြစ်ခဲ့ခြင်းကို ကွင်းလယ်ဒိုင်လူကြီး ကူညက်ကာကီရာက ကြားဝင်ထိန်းသိမ်းပေးခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်အရောက်တွင်မူ အက်သလက်တီကိုနည်းပြ ဆီမွန်နီက တောရက်စ်ကို ဂါမဲရိုးနှင့် လူစားလဲလှယ်သွားခဲ့သည်။

အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းသည် အက်သလက်တီကိုနှင့် ရီးရဲလ်မက်ဒရစ်တို့ယှဉ်ပြိုင်ခဲ့ကြသည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် အသင်းအတွက် ဒုတိယမြောက်ဂိုးကို ပွဲကစားချိန် ၁၆ မိနစ်၌ ပင်နယ်တီကတစ်ဆင့် သွင်းယူပေးခဲ့ပြီး ပင်နယ်တီကန်သွင်းချိန်တွင် ဂရစ်ဇ်မန်းက ဘောလုံးကို နှစ်ချက်ထိခဲ့သည့်အတွက် ယင်းဂိုးမှာ မပေးသင့်ကြောင်း ဝေဖန်ထောက်ပြမှုများလည်းရှိနေသည်။

အက်သလက်တီကိုသည် ၎င်းတို့၏ တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို ရီးရဲလ်မက်ဒရစ်ခံစစ်မှူး ဗာရာနေးက ဆွဲလှဲခဲ့သည့်အတွက် ပင်နယ်တီကန်ခွင့်ရခဲ့ခြင်းဖြစ်ကာ ယင်းပင်နယ်တီကို ဂရစ်ဇ်မန်းက ဂိုးအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ရုပ်သံအစီအစဉ်တင်ဆက်သူများကမူ ဘောလုံးကန်သွင်းလိုက်သည်မှာ မြန်ဆန်လွန်းသည့်အတွက် ခြေထောက်နှစ်ဖက်လုံးနှင့် ဘောလုံးထိသွားခဲ့သည်ကို အချိန်တိုအတွင်း၌ ဒိုင်လူကြီးများမြင်တွေ့နိုင်ရန်မှာ မလွယ်ကူကြောင်း သုံးသပ်ပြောဆိုသွားခဲ့သည်။ ■ E-11




## စီရော်နယ်ဒို၊ ဂါရတ်ဘေးလ်တို့နှင့်သက်ဆိုင်သည့်ကိစ္စများကို Football Leaks ဖွင့်ချ

**မက်ဒရစ်၊ မေ ၁၁**

ဘောလုံးလောက၏အတွင်းရေးများကို ထုတ်ဖော်ဖွင့်ချသည့် Football Leaks ဝက်ဘ်ဆိုက်သည် ရီးရဲလ်မက်ဒရစ်ကစားသမားများဖြစ်သည့် စီရော်နယ်ဒို၊ ဂါရတ်ဘေးလ်တို့နှင့်သက်ဆိုင်သည့် လူမသိသေးသော အကြောင်းအချင်းအရာများကို ရေးသားအသိပေး လိုက်ပြီဖြစ်ကြောင်းDaily Mail က ဖော်ပြထားသည်။

Football Leaks သည် လက်ရှိတွင် Football Leaks;The Dirty Business of Football အမည်ဖြင့်လည်း စာအုပ်ဖြန့်ချိထားပြီဖြစ်ပြီး ယင်းစာအုပ်ကို ဂျာမနီသတင်းစာ Der Spiegel ၏သတင်းထောက်များဖြစ်သည့် ရာဖေးလ် ဘူးချ်မန်းနှင့် မိုက်ကယ် ဝူးလ်ဇင်ဂါတို့က Football Leaks ဝက်ဘ်ဆိုက်တာဝန်ရှိသူများနှင့် ပူးပေါင်းရေးသားခဲ့ခြင်းဖြစ်သည်။

Football Leaks သည် လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်၌ စီရော်နယ်ဒိုမှာ လေးနာရီခွဲကြာ အလုပ်တစ်ခုအတွက် ပေါင် ၉၂၀,၀၀၀ အကျိုးခံစားခွင့်တစ်ရပ်ကို ရခဲ့ဖူးကြောင်း ထုတ်ဖော်ရေးသားထားပြီး ယင်းအလုပ်ကို စီရော်နယ်ဒိုနှင့် ပုံရိပ်မူပိုင်ခွင့်စာချုပ်ချုပ်ဆိုထားသော အိုင်ယာလန်နိုင်ငံအခြေစိုက် လုပ်ငန်းစုတစ်ခုက ချိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။

စီရော်နယ်ဒိုသည် ဆော်ဒီအာရေဗျဆက်သွယ်ရေးလုပ်ငန်းတစ်ခုအတွက် ကြော်ငြာခတ်ပုံရိုက်ကူးခြင်း၊ အင်္ကျီငါးထည်တွင် အမှတ်တရလက်မှတ်ရေးထိုးပေးခြင်းနှင့် ၎င်း၏လူမှုကွန်ရက်စာမျက်နှာများတွင် ကြော်ငြာစာသား နှစ်ခုရေးသားကာ မန်းရှင်း(Mention)ခေါ်ပေးခဲ့ခြင်းများအတွက် ပေါင် ၉၂၀,၀၀၀ အကျိုးခံစားခွင့်ရခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းများ




လုပ်ဆောင်ရန် စီရော်နယ်ဒို လေးနာရီခွဲဝန်းကျင်သာ အချိန်ပေးခဲ့ရခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျဆက်သွယ်ရေးကုမ္ပဏီသည် စီရော်နယ်ဒို၏ပုံရိပ်ကို အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတွင် အသုံးပြု၍ ကြော်ငြာခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် အသုံးပြုခဲ့မည်ဆိုပါက စီရော်နယ်ဒို၏အကျိုးခံစားခွင့်မှာ ယင်းထက် လွန်စွာမြင့်တက်များပြားသွားနိုင်ကြောင်းလည်း Football Leaks က သုံးသပ်ထားသည်။

Football Leaks သည် ဂါရတ်ဘေးလ်ကို စပါးထံမှနေ၍ ရီးရဲလ်မက်ဒရစ်ဝယ်ယူချိန်တွင် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေးချေခဲ့ရသည်မှာ မဟုတ်မှန်ကြောင်းနှင့် ရီးရဲလ်မက်ဒရစ်မှာ ၎င်းတို့ပေးချေရမည့်ငွေပမာဏ အားလုံးကို စုပေါင်း၍ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးသစ်ဟု သတ်မှတ်သွားခဲ့ခြင်းဖြစ်ကြောင်း Football Leaks က အသိပေးထားသည်။

ရီးရဲလ်မက်ဒရစ်သည် ဂါရတ်ဘေးလ်ကိုဝယ်ယူချိန်တွင် လက်ငင်းအဖြစ် ပေါင် ၇၇ သန်းသာ ပေးချေခဲ့ရပြီး လက်ကျန်ရှစ်သန်းကိုမူ ကစားသမား၏စွမ်းဆောင်ရည်များအပေါ်တွင်မူတည်၍ ပေးချေသွားမည်ဟု ရီးရဲလ်မက်ဒရစ်က သဘောတူခဲ့ခြင်းဖြစ်ကြောင်း Football Leaks က ရှင်းပြထားသည်။ ■ E-11



ဓာတ်ပုံ - စည်သူ



ဓာတ်ပုံ - စည်သူ


ဓာတ်ပုံ - စည်သူ

# ကစားသမားဘဝအတွေ့အကြုံနှင့် နည်းစနစ်များ မျှဝေပေးမည်ဟု မန်ယူဂန္ထဝင်ကစားသမား ရှန်နီဂျွန်ဆန် ပြောဆို

**ရန်ကုန်၊ မေ ၁၁**

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် မန်ချက်စတာ ယူနိုက်တက်အသင်းနှင့်အတူ ၁၉၉၉ ခုနှစ်က ဆုဖလားသုံးလုံး ရယူခဲ့သည့် ဂန္ထဝင်ကစားသမား ရှန်နီဂျွန်ဆန်က ကစားသမားဘဝ အတွေ့အကြုံများနှင့် နည်းစနစ်များကိုမြန်မာလူငယ်များအတွက် ပြန်လည်မျှဝေ သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂန္ထဝင်ကစားသမား ရှန်နီဂျွန်ဆန်နှင့် နည်းပြနှစ်ဦးသည် မန်ယူအသင်းကို စပွန်ဆာပေးနေသည့် ဂျပန်နိုင်ငံအခြေစိုက် စိုက်ပျိုးရေးလုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းများ ရောင်းချနေသည့် Manda Fermentation Japan ၏ အစီအစဉ်ဖြင့် မြန်မာလူငယ်များကို ဘောလုံးပညာများ လေ့ကျင့်သင်ကြားပေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

"လူငယ်တွေအတွက် လိုအပ်တဲ့ အတွေ့အကြုံတွေကို ကျွန်တော်ကိုယ်တိုင် ဖြတ်သန်းခဲ့တဲ့ ကစားသမားဘဝ အတွေ့အကြုံနဲ့ပူးပေါင်းပြီး သူတို့တွေ ပိုပြီးတိုးတက်လာဖို့ ကောင်းမွန်တဲ့ သင်ကြားမှုတွေ လုပ်ပေးသွားမှာပါ" ဟု ၎င်းကဆိုသည်။

ယခုကဲ့သို့မန်ယူအသင်းနှင့် ပူးပေါင်းကာ ဘောလုံးလေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နိုင်သကဲ့သို့ လာမည့်နှစ်များတွင်လည်း မြန်မာဘောလုံးလောက ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Manda Fermentation Myanmar ဥက္ကဋ္ဌ ဦးမြင့်ဦးက ပြောကြားသည်။

Manchester United Soccer School ၏ နည်းပြများနှင့် မန်ယူအသင်း၏ နောက်ခံကစားသမားဟောင်း ရှန်နီဂျွန်ဆင်တို့ပါဝင်သည့် မန်ယူနည်းပြအဖွဲ့သည် ရန်ကုန်မြို့တွင် မေလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ အမျိုးသားဘောလုံးအကယ်ဒမီ မြက်ခင်းတုကွင်းနှင့် အကယ်ဒမီ သင်ကြားရေးခန်းမတို့တွင် ယူ-၁၂ နှင့် ယူ-၁၄ အသင်းများမှ လူငယ်ကစားသမား ၆၀ ဦး၊ မေလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပုသိမ်မြို့ ကျောက်တိုင်ကွင်း၌ လူငယ်ကစားသမား ၁၅၀ ဝန်းကျင်တို့ကို အခြေခံဘောလုံးပညာများ သင်ကြားပေးမည်ဖြစ်သည်။ နော်ဝေနိုင်ငံသား ကစားသမား ရှန်နီဂျွန်ဆန်သည် လက်ရှိတွင် အသက် ၄၇ နှစ်ရှိပြီဖြစ်ကာ မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၉၉ ပွဲ ကစားခဲ့ရာတွင် ပရီးမီးယားလိဂ်ဖလားလေးကြိမ်၊ အက်အေဖလား တစ်ကြိမ်၊ ချာရတီဒိုင်းတစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ အင်တာကွန်တီနင်တယ်လ်ဖလားတစ်ကြိမ်တို့ကို ၎င်းက ရယူနိုင်ခဲ့သည်။ ရှန်နီဂျွန်ဆန်သည် နော်ဝေ အမှတ်ပေးပြိုင်ပွဲတွင်လည်း ဗယ်လာရင်ဂါ အသင်းကိုကိုယ်စားပြု၍ ချန်ပီယံဖြစ်ခဲ့သေးကာ နော်ဝေလက်ရွေးစင်အဖြစ် ပွဲပေါင်း ၆၀ ကျော် ၎င်းက ကစားခဲ့သည်။

မန်ယူ ကစားသမားဟောင်းများဖြစ်သည့် အန်ဒီကိုးလ်၊ အာဝင်၊ ဒွိုက်ယော့ခ်၊ ဘလက်မိုး၊ လီရှပ် အစရှိသည့် ကစားသမားများလည်း မြန်မာနိုင်ငံသို့လာရောက်ခဲ့ဖူးသလို ချယ်လ်ဆီး၊ ရီးရဲလ်မက်ဒရစ်နှင့် လီဗာပူးအသင်းမှ ကစားသမားဟောင်းအချို့နှင့် နည်းပြအဖွဲ့များ လာရောက်ခဲ့ဖူးသည်။

■ J-04

# ဘင်ဇီးမားနှင့် လမ်းခွဲခဲ့ရသည့်အကြောင်းရင်းကို ရီဟားနား အသိပေး


The Sun


The Sun

**မက်ဒရစ်၊ မေ ၁၁**

ပေါ့ပ်တေးသံရှင် ရီဟားနားသည် သူမနှင့် ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီးမားတို့ လမ်းခွဲလိုက်ရသည့် အကြောင်းရင်းကို အသိပေးပြောကြားလိုက်ပြီဖြစ်ကာ ယင်းသို့ဖြစ်ပျက်ခဲ့ရသည်မှာ သူမအနေနှင့် ချစ်သူဟောင်း ခရစ္စဘရောင်းကို စိတ်မကုန်နိုင်ခဲ့၍ဖြစ်ကြောင်း ရီဟားနားက ဖွင့်ဟဝန်ခံသွားခဲ့သည်ဟု The Sun က ဖော်ပြထားသည်။

ဘင်ဇီးမားနှင့် ရီဟားနားတို့သည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်၌ ချစ်သူများအဖြစ် ရည်ငံခဲ့ကြဖူးပြီး ပါတီပွဲအများအပြားကို ၎င်းတို့နှစ်ဦးက အတူယှဉ်တွဲ၍လည်း တက်ခဲ့ကြဖူးသည်။ ဘင်ဇီးမားနှင့် ရီဟားနားတို့သည် ဟောလိဝုဒ်နှင့် လော့စ်အိန်ဂျလိစ်တို့တွင် လူမြင်ကွင်း၌ အတူတွဲသွားတွဲလာသည်အထိ ဆက်ဆံရေးတစ်ရပ် ထူထောင်ခဲ့ဖူးပြီး ယင်းနောက်တွင်မှ အကြောင်းပြချက်မရှိဘဲ ၎င်းတို့နှစ်ဦးက လမ်းခွဲလိုက်ကြခြင်းဖြစ်သည်။

ရီဟားနားသည် သူမနှင့် ဘင်ဇီးမားတို့ လမ်းခွဲလိုက်ကြရသည့်အကြောင်းရင်းကို စပိန်သတင်းဌာန Don Balon Rosa နှင့်တွေ့ဆုံရာတွင် အသိပေးသွားခဲ့ခြင်းဖြစ်ပြီး အခြားသောပတ်သက်သူများနှင့် ရီးဟားနား အဆင်မပြေနိုင် ဖြစ်ခဲ့ရသည့် အကြောင်းရင်းမှာလည်း ခရစ္စဘရောင်းကို စိတ်မကုန်နိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်ဟု သူမနှင့် ရင်းနှီးသူများက အတည်ပြုထားကြသည်။

ရီဟားနားသည် ခရစ္စဘရောင်းနှင့် လမ်းခွဲအပြီးတွင် ဘော့စ်ဘောကစားသမား မတ်ကမ့်၊ ကနေဒါရက်ပ်တေးသံရှင် ဒရိတ်ခ်တို့နှင့် ရည်ငံခဲ့သေးကာ လက်ရှိချစ်သူများကို ချစ်သူဟောင်း ခရစ္စဘရောင်းနှင့်နှိုင်းယှဉ် ခံစားတတ်လေ့ရှိသည်မှာ ရီဟားနား၏အကျင့်ဆိုးဖြစ်ကြောင်း သူမ၏ သူငယ်ချင်းများက အသိပေးသွားခဲ့ကြသည်။

■ E-11

# ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အသိအမှတ်ပြုမာစတာဘွဲ့ ဝင်းထွန်း ချီးမြှင့်ခံရ

**ရန်ကုန်၊ မေ ၁၁**

ကမ္ဘာ့အပျော်တမ်းချန်ပီယံ ဝင်းထွန်း အနေနှင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ချီးမြှင့်သည့် FIDE (FM) မာစတာဘွဲ့ တိုက်ရိုက်ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်ထံသို့တောင်းဆိုခဲ့ခြင်းကြောင့် အဆိုပါ မာစတာဘွဲ့ ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း၊ ယင်းဘွဲ့ကို မေလ ၉ ရက်နေ့က အတည်ပြုပေးခဲ့ခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ၎င်း၏ဖေ့စ်ဘွတ်ခ် စာမျက်နှာတွင် ဖော်ပြထားသည်။

FIDE မာစတာဖြစ်ရန်အတွက် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်တွင် မှတ်ပုံတင်ထားသည့် စစ်တုရင်ပြိုင်ပွဲများတွင် ရရှိခဲ့သည့် ရမှတ်များပေါ် မူတည်၍ လက်ရည်အဆင့်သတ်မှတ်ချက် လေ့စ်နှုန်း (Elo Ratings) ဖြင့် တွက်ချက်ကာ Ratings 2300 ခန့် ရရှိသူကို ယင်းမာစတာအဖြစ် ချီးမြှင့်ပေးခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးမျိုးဇော်မင်းက ပြောကြားသည်။

ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်အနေနှင့် ကစားသမားများကို အဆင့်သတ်မှတ်ချက်များ ထုတ်ပြန်ပေးထားပြီးဖြစ်ရာ အဆင့်အမြင့်ဆုံးအနေနှင့် World Championship Contenders ဖြစ်ပြီး ယင်းနောက်တွင် GM (Grand Master)၊ IM (Internati onal Master)၊ FIDE Masters (FM)၊ FIDE Candidate Masters (CM) တို့အပြင် ၎င်းတို့နောက်တွင် အဆင့်သတ်မှတ်ချက် ခြောက်ခုခန့် ရှိသေးသည်ဟု မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံရှိစစ်တုရင်ကစားသမားများအနက် ၂၀၁၄ ခုနှစ်က ကွယ်လွန်ခဲ့သည့် ဇော်ဝင်းလေး တစ်ဦးတည်းသာ GM (Grand Master) အဖြစ် ရရှိထားခဲ့ဖူးပြီး မြန်မာနိုင်ငံတွင် အအောင်မြင်ဆုံးကစားသမားအဖြစ် ထင်ကြေးပေးခံထားရသည့် ဝင်းဇော်ထွန်းအပါအဝင် IM (Internati onal Master) အဖြစ် သတ်မှတ်ခံရသူ ငါးဦးရှိကာ FIDE Master အဖြစ် ချီးမြှင့်ခံထားရသူ ၃၂ ဦးအထိရှိပြီဟု မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် မှတ်တမ်းများအရ သိရသည်။

■ J-04

# အက်သက်တီကိုပရိသတ်များနှင့် ရဲတပ်ဖွဲ့ဝင်များ ခိုက်ရန်ဖြစ်၊ ထိုင်ခုံများဖြုတ်၍ အက်သလက်တီကိုပရိသတ်များ အမှတ်တရယူသွား

**မက်ဒရစ်၊ မေ ၁၁**

အက်သလက်တီကိုအသင်း အားပေးသူများသည် အက်သလက်တီကိုက ရီးရဲလ်မက်ဒရစ်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ် မစတင်မီတွင် အက်သလက်တီကိုဘောလုံးအသင်းပိုင် ဗင်းဆင့်ကယ်လ်ဒါရွန် ဘောလုံးကွင်းအပြင်ဘက်၌ လုံခြုံရေးတာဝန်ကျ ရဲဝန်ထမ်းများနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

လုံခြုံရေးတာဝန်ကျ ရဲဝန်ထမ်းများသည် အက်သလက်တီကိုအသင်း ပရိသတ်များက ရီးရဲလ်မက်ဒရစ်ပရိသတ်များ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားကို ပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်အား ဟန့်တားထိန်းသိမ်းရာတွင် အက်သလက်တီကို ပရိသတ်များနှင့်ထိပ်တိုက်တွေ့ခဲ့ရခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် လူ ၁၁ ဦး ထိခိုက်ဒဏ်ရာများ ရသွားခဲ့ကြောင်း မက်ဒရစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားပြီလည်းဖြစ်သည်။

အက်သလက်တီကို ပရိသတ်များသည် ရီးရဲလ်မက်ဒရစ်ပရိသတ်များ ဘတ်စ်ကားထက်က ဆင်းလာချိန်တွင် ပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်လိုက်ခြင်းဖြစ်ပြီး ပုလင်းထိမှန်သည့်အတွက် ရီးရဲလ်မက်ဒရစ်ပရိသတ်အချို့ ဦးခေါင်းကွဲဒဏ်ရာများ ရရှိသွားကြောင်းလည်း မက်ဒရစ်ရဲတပ်ဖွဲ့က ဆက်လက်အသိပေးထားသေးသည်။

အက်သလက်တီကို ပရိသတ်များသည် ပွဲအပြီးတွင် အသင်းပိုင် ဗင်းဆင့်ကယ်လ်ဒါရွန်ဘောလုံးကွင်းရှိ ထိုင်ခုံများကို ၎င်းတို့၏နေအိမ်များတွင် အမှတ်တရသိမ်းဆည်းထားရန် ဖြုတ်ယူသွားခဲ့ကြပြီး ယင်းအတွက် လာမည့်မေလ ၂၁ ရက်နေ့တွင် ဘီလ်ဘာအိုနှင့်ယှဉ်ပြိုင်ရမည့် စပိန်လာလီဂါပွဲစဉ်မတိုင်မီ ထိုင်ခုံများ အစားထိုးပြန်တပ်ရန်အတွက် အက်သလက်တီကိုအသင်း တာဝန်ရှိသူများက အရေးပေါ်စီစဉ်နေကြရပြီဖြစ်သည်။

အက်သလက်တီကိုသည် ဗင်းဆင့်ကယ်လ်ဒါရွန်ဘောလုံးကွင်းကို အိမ်ကွင်းအဖြစ် နှစ်ပေါင်း ၅၀ အသုံးပြုခဲ့ပြီး လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် အသစ်ဆောက်လုပ်ထားပြီဖြစ်သော Wanda Metropolitano ဘောလုံးကွင်းသို့ အသင်းကို ပြောင်းရွှေ့အခြေစိုက်တော့မည်ဖြစ်၍ ဗင်းဆင့်ကယ်လ်ဒါရွန်ဘောလုံးကွင်းရှိ ထိုင်ခုံများကို အသင်းပရိသတ်များက အမှတ်တရအဖြစ် ဖြုတ်ယူသွားခဲ့ကြခြင်း ဖြစ်သည်။

■ E-11


Getty Images

## ဒိုင်လူကြီးကို မထီမဲ့မြင်ပြု စော်ကားခဲ့သည့်အတွက် ဂိုဒင်ကို သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်

**မက်ဒရစ်၊ မေ ၁၁**

စပိန်ဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် အက်သလက်တီကို နောက်ခံကစားသမား ဂိုဒင်ကို ဒိုင်အဖွဲ့တာဝန်ရှိသူများအား စော်ကားခဲ့သည့်အတွက် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်အရေးယူလိုက်ကြောင်း ESPN က ဖော်ပြထားသည်။

ဂိုဒင်သည် အက်သလက်တီကိုက အိုင်ဘားကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် လာလီဂါပွဲစဉ်တွင် ပြိုင်ဘက်အသင်းကို ထောင့်ကန်ဘော မှားယွင်းသတ်မှတ်ပေးခဲ့ခြင်းအတွက် စည်းကြပ်ဒိုင်လူကြီးနှင့် စကားအချေအတင်ဖြစ်ခဲ့ပြီး ဖြစ်စဉ်အနီးတွင်ရှိနေသော စတုတ္ထဒိုင်လူကြီးကို "မင်းတို့တွေ မျက်မှန်တပ်ဖို့လိုနေပြီ"ဟု ပြောကြားစော်ကားခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီးက ဂိုဒင်ကို ဒုတိယအဝါပြသကာ နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ပစ်ခဲ့သည်။

ကွင်းလယ်ဒိုင်လူကြီး ဒေးဗစ် ဖာနန်ဒက်ဇ် ဘော်ဘာလန်သည် ပွဲအပြီးအစီရင်ခံစာတွင် ဂိုဒင်မှာ နှစ်ဝါ တစ်နီပြသထုတ်ပယ်လိုက်သည့်အတွက် ကွင်းပြင်သို့ထွက်ခွာနေချိန်တွင် ဒိုင်လူကြီးများဘက်သို့လှည့်ကာ "မင်းတို့ အရမ်းဆိုးတဲ့လူတွေပဲ"ဟု ထပ်မံအော်ဟစ်သွားခဲ့သေးကြောင်း ထည့်သွင်းဖော်ပြထားပြီး ယင်းအချက်များကို ထောက်ချင့်၍ ဂိုဒင်ကို သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်အရေးယူရန် စပိန်ဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဂိုဒင်သည် ဘက်တစ်၊ ဘီလ်ဘာအိုတို့နှင့်ယှဉ်ပြိုင်ရမည့် အက်သလက်တီကိုအသင်း၏လက်ကျန်ရာသီသိမ်းပွဲစဉ် နှစ်ပွဲအပြင် ၂၀၁၇-၁၈ ဘောလုံးရာသီ လာလီဂါ အဖွင့်ပွဲကိုပါ လွဲချော်ရတော့မည်ဖြစ်ပြီး ဂိုဒင်၏ပြစ်ဒဏ်အတွက် အယူခံတင်မည်၊ မတင်မည်ကို အက်သလက်တီကိုက ထုတ်ပြန်ကြေညာခြင်း မရှိသေးပေ။

■ E-11



Getty Images

## နည်းပြဗစ်တာဆန်းချက်ဇ်ကို ဘက်တစ်ထုတ်ပယ်

**မက်ဒရစ်၊ မေ ၁၁**

စပိန်လာလီဂါကလပ် ဘက်တစ်အသင်းသည် ဘောလုံးရာသီပြီးဆုံးရန် ပွဲစဉ်နှစ်ပွဲအလိုတွင် အသင်းနည်းပြ ဗစ်တာဆန်းချက်ဇ်ကို ရာထူးထုတ်ပယ်လိုက်ပြီဖြစ်ပြီး လက်ကျန်ပွဲစဉ်များကို အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ အလက်ဆစ် ထရူဂျီလ်လိုက ယာယီနည်းပြအဖြစ် တာဝန်ယူပေးသွားလိမ့်မည်ဖြစ်ကြောင်း ဘက်တစ်အသင်းက တရားဝင်ထုတ်ပြန်ကြေညာလိုက်သည်ဟု Marca က ဖော်ပြထားသည်။

ဘက်တစ်အသင်း တာဝန်ရှိသူများသည် လီဂါနက်စ်က ဘက်တစ်ကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် လာလီဂါပွဲစဉ်အပြီးတွင် နည်းပြ ဗစ်တာဆန်းချက်ဇ်ကို ရာထူးထုတ်ပယ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ၎င်းတို့အနေနှင့် အသင်းကို အသစ်ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်လာပြီဟု ယူဆမိသည့်အတွက် ယခုဆုံးဖြတ်ချက်ကို ချမှတ်လိုက်ခြင်းဖြစ်ပါကြောင်း ဘက်တစ်အသင်းတာဝန်ရှိသူတစ်ဦးက ရှင်းပြသွားခဲ့သည်။

ဘက်တစ်သည် လက်ရှိ၌ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်သုံးပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့ခြင်းနှင့်အတူ နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်ရှစ်ပွဲတွင် ရှုံးပွဲအရေအတွက် ခြောက်ပွဲရှိသွားခဲ့ပြီဖြစ်ပြီး အသင်းကို ယာယီနည်းပြအဖြစ် တာဝန်ယူပေးသွားမည့် ထရူဂျီလ်လိုမှာ ဘက်တစ်ထံ၌ နည်းစနစ်အတွင်းရေးမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေသူလည်းဖြစ်သည်။

ဘက်တစ်သည် လွန်ခဲ့သည့်နိုဝင်ဘာလ၌ နည်းပြပိုယက်ကို ရာထူးထုတ်ပယ်လိုက်အပြီးတွင် ဒီပိုတီဗိုနှင့် အိုလံပီယာကော့စ်အသင်း နည်းပြဟောင်း ဗစ်တာဆန်းချက်ဇ်ကို ယင်းနေရာ၌ အစားထိုးခဲ့ခြင်းဖြစ်ပြီး ဘက်တစ်နည်းပြအဖြစ် ခုနစ်လနီးပါးကြာ တာဝန်ထမ်းဆောင်အပြီးတွင် ဗစ်တာဆန်းချက်ဇ်က ရာထူးထုတ်ပယ်ခံလိုက်ရခြင်းဖြစ်သည်။

ဘက်တစ်သည် လက်ရှိတွင် လာလီဂါအမှတ်ပေးဇယား၌ အဆင့် ၁၅ နေရာတွင် ရပ်တည်ကာ တန်းဆင်းဇုန်နှင့် ၁၀ မှတ်အကွာအနေအထားကို ပိုင်ဆိုင်ရရှိထားပြီဖြစ်၍ တန်းမဆင်းရရန် သေချာသွားခဲ့ပြီဖြစ်သည်။

■ E-11



Marca



The Sun

## ဇာတိမြို့တွင် ချန်ပီယံလိဂ်ဆုဖလားကိုင်မြှောက်ခွင့်ရသည့် ဆဋ္ဌမမြောက်ကစားသမားဖြစ်ခွင့်ရရန် ဂါရတ်ဘေးလ် အခွင့်အရေးရှိ

**ကာဒစ်ဖ်၊ မေ ၁၁**

ရီးရဲလ်မက်ဒရစ် တိုက်စစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် မွေးရပ်ဇာတိမြို့တွင် ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက် အောင်ပွဲခံခွင့်ရရှိသည့် ဆဋ္ဌမမြောက် ကစားသမားအဖြစ် စံချိန်တင်ရန် အခွင့်အလမ်းတစ်ရပ်ကို ပိုင်ဆိုင်နေပြီဖြစ်ကြောင်း The Sun က ဖော်ပြထားသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက်တွင် မွေးရပ်ဇာတိမြို့၌ ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်နိုင်ခဲ့သည့်ကစားသမားငါးဦး ထွက်ပေါ်ခဲ့ပြီးပြီဖြစ်ကာ ယင်းကစားသမားများမှာ ရီးရဲလ်မက်ဒရစ်ကစားသမားများ ဖြစ်ကြသည့် အင်းနရစ် မာတီအော့စ်၊ မီဂွယ်လ် မူနေ့ဇ်နှင့် အနယ်လ်ကာ၊ မန်ယူဂိုးသမား အဲလက်စ်စတက်ပ်နေး၊ ဂျူဗင်တပ်ကွင်းလယ်လူ ဒီလီဗီယိုတို့ဖြစ်ကြသည်။

အင်းနရစ် မာတီအော့စ်နှင့် မီဂွယ်လ်မူနေ့ဇ်တို့သည် ၁၉၅၇ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းပိုင် ဘာနေဗျူး ဘောလုံးကွင်း၌ ရီးရဲလ်မက်ဒရစ်က ဖီအိုရင်တီးနားကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဥရောပဖလားဗိုလ်လုပွဲတွင် ပါဝင်ကစားကာ မွေးရပ်မြေ မက်ဒရစ်မြို့၌ ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ပြီး မန်ယူဂိုးသမား စတပ်နေးကမူ ၁၉၆၈ ခုနှစ်တွင် လန်ဒန်မြို့ရှိ ဝင်ဘလေကွင်း၌ မန်ယူက ဘင်ဖီကာကို အချိန်ပိုသွင်းဂိုးများနှင့်အတူ လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဥရောပဖလားဗိုလ်လုပွဲတွင် ၎င်း၏မွေးရပ်ဇာတိ လန်ဒန်မြို့၌ ချန်ပီယံလိဂ်ဖလားကြီးကို ကိုင်မြှောက်ခွင့်ရရှိခဲ့သည်။

ဂျူဗင်တပ်ကွင်းလယ်လူ ဒီလီဗီယိုသည် ရိုမားအသင်းပိုင် အိုလင်မ်ပီကိုဘောလုံးကွင်းတွင် ဂျူဗင်တပ်က အေဂျက်ကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် ၁၉၉၆ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ၎င်း၏မွေးရပ်မြေ ရောမမြို့တွင် ချန်ပီယံလိဂ်ဆုဖလားကြီးကို ကိုင်မြှောက်နိုင်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး အနယ်လ်ကာကမူ ပဲရစ်မြို့ရှိ Stade de France ဘောလုံးကွင်းကြီးတွင် ရီးရဲလ်မက်ဒရစ်က ဗလင်စီယာကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ၂၀၀၀ ပြည့်နှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ မွေးရပ်မြေ ပဲရစ်မြို့တွင် ချန်ပီယံလိဂ်ဆုဖလားကြီးကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်သည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် မက်ဒရစ်မြို့ခံ ဒါဘီပြိုင်ဘက် အက်သလက်တီကိုကို နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲကို လာမည့် ဇွန်လ ၃ ရက်နေ့တွင် ဝေလနိုင်ငံ ကာဒစ်ဖ်မြို့ရှိ ထောင်စုနှစ်ဘောလုံးကွင်းကြီး၌ စီးရီးအေကလပ် ဂျူဗင်တပ်နှင့် ရီးရဲလ်မက်ဒရစ်က ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်သည်။

■ E-11

## မန်ယူအတွက် ကစားသမားခေါ်ယူပေးခြင်းကြောင့် ရိုင်အိုလာ အေးဂျင့်ခ ပေါင် ၇၅ သန်းအထိ ရဖွယ်ရှိ

**မန်ချက်စတာ၊ မေ ၁၁**

မန်ယူအသင်းသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အေးဂျင့်ရိုင်အိုလာအကူအညီဖြင့် ကစားသမားအချို့ခေါ်ယူရန် အစီအစဉ် ဆက်လက်ရေးဆွဲနေကာ ယင်းအတွက် မန်ယူထံမှနေ၍ ရိုင်အိုလာရရှိမည့် အေးဂျင့်ခပမာဏမှာ ပေါင် ၇၅ သန်းအထိ မြင့်တက်လာဖွယ်ရှိနေကြောင်း Sky Sports က ဖော်ပြထားသည်။





Sky Sports

မန်ယူအမှုဆောင်အရာရှိချုပ် အက်ဒ်ဝုဒ်ဝါးဒ်နှင့် မန်ယူနည်းပြ မော်ရင်ညိုတို့သည် အေးဂျင့်ရိုင်အိုလာနှင့် ခိုင်မာသည့်ပုဂ္ဂိုလ်ရေးဆက်ဆံမှုကို ထူထောင်ထားပြီဖြစ်ကာ လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် နွေရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် မန်ယူခေါ်ယူခဲ့သော ကစားသမားလေးဦးအနက် သုံးဦးမှာ ရိုင်အိုလာနှင့်ပတ်သက်မှုရှိသော ကစားသမားများဖြစ်ကြသည်။

မန်ယူသည် ရိုင်အိုလာကို ပေါ့ဂ်ဘာ အပြောင်းအရွှေ့အတွက် အေးဂျင့်ခ ပေါင် ၄၁ သန်း၊ အီဘရာဟီမိုဗစ်အပြောင်းအရွှေ့အတွက် အေးဂျင့်ခ ပေါင်ရှစ်သန်း၊ အမ်ခီတာယန် အပြောင်းအရွှေ့အတွက် အေးဂျင့်ခ ပေါင်သုံးသန်း အသီးသီးပေးအပ်ခဲ့ရပြီး လာမည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် မန်ယူခေါ်ယူရန် စောင့်ကြည့်နေသော ဖာဘာရီဂတ်စ်၊ ပီဒရို၊ ဂါရတ်ဘေးလ်၊ အယ်လ်ကန်တာရာနှင့် ရာမိုစ်တို့မှာ ရိုင်အိုလာနှင့်ပတ်သက်မှုရှိနေသော ကစားသမားများဖြစ်ကြသည်။

မန်ယူသည် ဂိုးသမား ဒီဂီယာကို လာမည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် ရီးရဲလ်မက်ဒရစ်ထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၆၀ အထက်နှင့် ရောင်းချဖွယ်ရှိနေပြီး ယင်းကွက်လပ်ကို အစားဖြည့်ရန် မန်ယူစောင့်ကြည့်နေသော အေစီမီလန်ဂိုးသမား ဒွန်နာရမ်းမားမှာလည်း ရိုင်အိုလာကို အေးဂျင့်အဖြစ် ခန့်အပ်ထားသူဖြစ်သည်။

ရိုင်အိုလာသည် ၎င်းအတွက် မက်မောလောက်ဖွယ်ရာ အကျိုးခံစားခွင့်ကို ရရှိမည်ဆိုပါက ဒွန်နာရမ်းမားကို ပေါ့ဂ်ဘာကဲ့သို့ မန်ယူထံသို့ ပြောင်းရွှေ့ရောက်ရှိစေရန် စွမ်းဆောင်ပေးဖွယ်ရှိနေပြီး လက်ရှိတွင် ပေါ့ဂ်ဘာအပြောင်းအရွှေ့၌ သံသယဖြစ်ဖွယ်အချက်အလက်များရှိနေသည့်အတွက် ဖီဖာက စစ်ဆေးမှုများဆောင်ရွက်နေသည်။

■ E-11

Foreign Affairs




# ခေါင်းထောင်လာသော ထိုင်းတောင်ပိုင်း မွတ်ဆလင်ခွဲထွက်ရေးပြဿနာ

**ဇေဝင်းနောင် ရေးသားသည်။**

**ဇူလ ၉ ရက်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀။ ပတ္တနီစီရင်စု Muang ခရိုင် Big C ဈေးဝယ်စင်တာတွင် ကျောင်းဖွင့်ချိန်မတိုင်မီ လိုအပ်သည်များကို ဝယ်ခြမ်းနေကြသော မိဘများ၊ ကလေးများနှင့် စည်ကားနေချိန်တွင် ပထမဗုံးတစ်လုံး စပေါက်ခဲ့သည်။**

စင်တာအဓိက ဝင်ပေါက်တည့်တည့်တွင် ဗုံးထောင်သွားခဲ့ခြင်းဖြစ်ပြီးနောက် ၁၀ မိနစ်အကြာတွင် ဝင်ပေါက်ရှေ့ရပ်ထားသော ပစ်ကပ်ထရပ်ကားပေါ်မှ ဗုံးတစ်လုံးထပ်ပေါက်ခဲ့ပြန်သည်။ ပေါက်ကွဲမှုနှစ်ခုမှာ မီတာ ၁၀၀ ခန့်သာကွာသည်။

အစောပိုင်းသတင်းများတွင် သေဆုံးသူ ၅၀ ကျော်ဟု ဖော်ပြကြသော်လည်း ၁၁ ရက်နေ့ ဘန်ကောက်ပို့စ်သတင်းစာ၏ ဖော်ပြချက်အရ ကလေးများအပါအဝင် ဒဏ်ရာရသူ ၆၁ ဦးရှိပြီး သုံးဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေသည်ဟုသိရသည်။

CCTV မှတ်တမ်းများတွင် ဗုံးထောင်ရာပါခဲ့သူ လေးဦးကို ဖော်ထုတ်တွေ့ရှိထားပြီး တစ်ဦး၏မျက်နှာကို ရှင်းရှင်းလင်းလင်း ဖော်နိုင်ပြီဟု တောင်ပိုင်းနယ်စပ် စီရင်စုများဆိုင်ရာ ရဲကွပ်ကဲရေး စင်တာ (SBPPOC) က ထုတ်ပြန်ထားသည်။

ဒေသခံပုန်ကန်သူတို့၏လက်ချက်သာဖြစ်နိုင်သည်ဟု ကောက်ချက်ဆွဲထားပြီး အားလုံးကို ဖော်ထုတ်သွားနိုင်ရန် မျှော်လင့်ထားသည်ဟု ရဲတပ်ဖွဲ့က ကြေညာထားသည်။

အပေါက်ဝအနီး ရပ်နေခဲ့သော ပစ်ကပ်ထရပ်ကားမှ ဆင်းလာသူနှစ်ဦး၊ စင်တာအနီး ဆိုင်ကယ်တစ်စီးဖြင့် ရပ်စောင့်သူ အခြားနှစ်ဦး၊ စုစုပေါင်း အဓိကတရားခံလေးဦးအပြင် စင်တာအတွင်း အခြေအနေလှည့်ကြည့်သူ၊ အချက်ပေးသူ အားလုံးပေါင်း ၁၀ ဦးခန့် ရှိနိုင်သည်ဟု တာဝန်ရှိသူတို့က ယူဆထားသည်။

## အစမ်းလေ့ကျင့်မှုလား

အဓိကလူပ်ရှားသူ လေးဦးအနက်မှ နှစ်ဦးမှာ ယမန်နှစ်က ပတ္တနီတွင် ကားဗုံးခွဲခဲ့သူနှစ်ဦးနှင့် အဆက်အစပ်ရှိနိုင်သည်ဟု ယူဆထားသည်။ ထိုအထဲမှတစ်ဦးမှာ အဗ္ဗဒူလာဆာမီဖြစ်ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ယခုအခင်းဖြစ်ခရိုင်တွင်ပင် ရဲအထူးတပ်ဖွဲ့ခွဲတစ်ခုအနီးမှ Meeting စားသောက်ဆိုင်ကို ဗုံးခွဲခဲ့မှုဖြင့် အလိုရှိနေသူဖြစ်သည်။ နောက်တစ်ဦးမှာ ယမန်နှစ်ဩဂုတ်လ ၂၄ ရက်နေ့က အဆိုပါခရိုင် Southern View Hotel အကြမ်းဖက်တိုက်ခိုက်မှုနောက်ကွယ်တွင် ပါဝင်သူဟု သံသယရှိခံရသူ ဟာရင်ဒိုလာ ဖြစ်သည်။

အကြမ်းဖက်သမားများသည် Muang ခရိုင်ရှိ ကော်ဇောရောင်းသူကို လှည့်ဖြားဖမ်းဆီးပြီး ၎င်း၏ထရပ်ကားကို ခိုးယူကာ အကြမ်းဖက်မှုတွင် အသုံးပြုခဲ့ခြင်းဖြစ်နိုင်သည်ဟု ယူဆထားကြသည်။ ကားပိုင်ရှင် နူဆွန်ခါချွန်ခမ်ကို ၁၁ ရက်နေ့ထိ ရှာဖွေ၍ မရသေးပေ။

ယခုအကြမ်းဖက်မှုမှာ သူပုန်အဖွဲ့နှစ်ဖွဲ့ ပူးပေါင်းကြံစည်ခြင်းဖြစ်နိုင်သည်ဟု ဘန်ကောက်ပို့စ်သတင်းစာက လုံခြုံရေးသတင်းရင်းမြစ်များကို ကိုးကားဖော်ပြသည်။ သူပုန်ခေါင်းဆောင်များသည် ဒေသလုံခြုံရေးအပေါ် လူထုယုံကြည်မှုပျောက်ဆုံးစေရေးနှင့် ဒေသကုန်သွယ်ရေးကို ထိခိုက်စေရန်အလို့ငှာ ပစ်မှတ်အပျော့များကို ရည်ရွယ်တိုက်ခိုက်နေခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက သုံးသပ်ထားသည်။

ထောက်လှမ်းရေးသတင်းရင်းမြစ်များကမူ ယခုတိုက်ခိုက်မှုသည် စစ်သင်တန်းပုံစံ တိုက်ခိုက်ရေးသင်တန်းဆင်းစ လူငယ်သူပုန်တပ်ဖွဲ့ဝင်များ လုပ်ဆောင်ခဲ့ခြင်းဖြစ်နိုင်ပြီး နောက်ထပ် အကြမ်းဖက်မှုကြီးများ လုပ်နိုင်ရန် လွယ်ကူသော ပစ်မှတ်ကို အစမ်းလေ့ကျင့်သည့်သဘောဖြစ်နိုင်သည်ဟု သုံးသပ်ထားသည်။

ရာမာဒန်ဥပုသ်လမတိုင်မီ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားပြီး လုံခြုံရေးအထူးတင်းကျပ်ထားသည်။ တောင်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှာမူ စီစဉ်ထားသည့်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ပြည်တွင်းလုပ်ခြုံရေး

စာ - 23

## ALSO IN NEWS

### အဓိကရှုထောင့်ရဲတွေကို မစင်ထုပ်တွေနဲ့ ပစ်ပေါက်ဖို့ကြံတဲ့ ဗင်နီဇွဲလား ဆန္ဒပြပြည်သူ

ဆန္ဒပြလူအုပ်ဟာ အဓိကရုဏ်းရဲတွေကို ကျောက်ခဲ၊ ရေနံဆီပုလင်း စတာတွေနဲ့ ပစ်ကြတာများပါတယ်။ ခုတော့ အသစ်အဆန်းပါပဲ၊ မစင်ဖျော်ရည်တွေနဲ့ ပစ်ဖို့ ဗင်နီဇွဲလားမှာ ပြင်ဆင်ထားပါသတဲ့။

"သူတို့မှာ မျက်ရည်ယိုဗုံးရှိတယ်။ ကျွန်တော်တို့မှာ ချေးဖျော်ရည်ရှိတယ်" ဆိုပြီး ပြင်ဆင်ထားတဲ့ ဓာတ်ပုံတွေကို ပြသချက်များကို လူမှုကွန်ရက်မီဒီယာတွေအပေါ် ပြသထားရှိပါတယ်။

ဆန္ဒပြပွဲကိုလည်း မစင်ချီတက်လမ်းလျှောက်မှုလို့ အမည်ပေးထားပါသတဲ့။

လူမုန်းများနေတဲ့ သမ္မတနီကိုလက်စ်မာဒူရိုအစိုးရကို ဆန့်ကျင်တဲ့ ဒေါသထွက်နေတဲ့ ပြည်သူတွေက သီတင်းပတ်အတော်ကြာ ဗင်နီဇွဲလားမှာ ဆန္ဒပြနေကြပါတယ်။

တချို့သော တက်ကြွလှုပ်ရှားသူများက လူ့မစင်၊ တိရစ္ဆာန်မစင်များနဲ့ တိုက်ခိုက်ခြင်းဟာ မသန့်ရှင်း၊ မသင့်လျော်တဲ့နည်းလမ်းဖြစ်တယ်လို့ ဆိုထားပါတယ်။

ဆပ်ပြာတို့ ဆေးဝါးတို့ ရှားပါးနေတဲ့ ဗင်နီဇွဲလားမှာ ရောဂါပိုးမွှားပျံ့နှံ့စေတဲ့ မစင်တွေနဲ့ပစ်တာဟာ မသင့်လျော်ဘူးလို့ အတိုက်အခံတွေအချင်းချင်းကို သတိပေးနေကြပါတယ်။

တချို့ဆိုရင် ကိုယ့်ကလေးတွေပါချတဲ့ အီအီးတွေကို မသွန်ပစ်ဘဲ စုဆောင်းနေကြတယ်လို့ အမည်မဖော်လိုသူ ဗင်နီဇွဲလား သွားဆရာဝန်တစ်ဦးက ပြောကြားခဲ့ပါတယ်။ ■ **F-02**



### မက္ကဆီကိုက တင်ပို့တဲ့ အာလူးကြော်တွေထဲမှာ ကိုကင်း ဒေါ်လာ ၁၉ သန်းဖိုး ဖမ်းမိ

အမေရိကန်ပြည်ထောင်စု တက္ကဆက်လုံခြုံရေးဌာနဟာ ဒေါ်လာ ၁၉ သန်းဖိုး ကိုကင်းတွေကို မက္ကဆီကန်အာလူးကြော် သင်္ဘောတင်သွင်းတဲ့ အထုပ်ထဲကနေ ဖမ်းမိခဲ့ပါတယ်။ အလေးချိန် ၃၂၃ ပေါင်လေးတဲ့ ကိုကင်းအထုပ်တွေကို ဂိုဒေါင်ထဲကနေ ဖမ်းမိခဲ့တာလည်းဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ် ဂျီးဆပ်ဆယ်ဗေဒါ ဂွန်ဇာလက်မန်ဒိုဇာနဲ့ အသက် ၂၆ နှစ်အရွယ် ဟန်နန်ဟာလီမီနာရီရဲလ် တို့ကို ဖမ်းဆီးထားပါတယ်။

အာလူးကြော်လုပ်ငန်းဟာ တက္ကဆက်ပြည်နယ်မှာ တရားဝင်တည်ထောင်လုပ်ကိုင်နေတဲ့လုပ်ငန်းလည်း မဟုတ်ဘူးလို့ ဆိုပါတယ်။ အထူးအေးဂျင့်တွေဟာ ဂိုဒေါင်ကို ဝရမ်းနဲ့ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ပြီး တရားခံလို့ယူဆရသူတွေကို ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ အာလူးကြော်ထုပ်တွေကို ဖွင့်ဖောက်စစ်ဆေးပြီးတော့ နောက်ဆုံးမှ ကိုကင်းတွေကို တွေ့ရှိခဲ့ရတာဖြစ်ပါသတဲ့။ ■ **F-02**

